jrefmEiia& aersm;aump

# tajccOya'a&;&mpmapmif

## Journal of CONSTITUTIONAL AFFAIRS

No. 20, December 2004 ISSN 1513-9182

**tajccOya'a&;&m**

- tmz*eepweEii 'rua&pt vi;a&mi
- zpn;yt ajccOya'Ei t rsd;or;wtce;u¾
- vlx t"uvltztpn;rsm; tajccOya'aq;aE;ce;
- tjccOya'a&;&m owi;twt xmrsm;

**trsd;om;nvmc**

- (jrermjyn vr;jyajry) trsd;om;nvmcy&y

**zu'& , a&;&m**

- zu'& , pep Ei u , yijyÏme;ci/aw;qcsu tcsd

**a&;aumuy**

- , lu&e;orwa&;aumuy

**w&m;p&ia&;**

- w&m;p&ia&;Ei vlra&;w&m;rlwr

trwpO (20)=2004 cEp/'Zibmv

# jrermEiia&aersm;aumip

P.O. Box 29 Huamark Post Office, Bangkok 10243, Thailand
E-mail <blcsan@ksc.th.com> Website : www.blc-burma.org


**tajccOya'a&;&mpmapmi/ trwpO (20) 2004 cEp/ 'Zibmv**

## rmwum


### tajccOya'a&;&m

| | | |
|---|---|---|
| ♦ | tmz*eepweEii 'rua&p t vi;a&mi | 1 |
| ♦ | zpn;y tajccOya'Ei trsl;or;wtce;u¾ | 23 |
| ♦ | vlx t"uvltztpn;rsm; tajccOya'aq;aE;ce; | 43 |
| ♦ | tjccOya'a&;&m owi;twtxmrsm; | 55 |

### trsl;om;nvmc

| | | |
|---|---|---|
| ♦ | (jrermjynvr;jyajry) trsl;om;nvmcy&y | 10 |

### zu'&,a&;&m

| | | |
|---|---|---|
| ♦ | zu'&,pepEiu,yijyÏme;ci/aw;qcsutcsf | 17 |

### a&;aumuy

| | | |
|---|---|---|
| ♦ | ,lu&e;orwa&;aumuy | 51 |

### w&m;p&ia&;

| | | |
|---|---|---|
| ♦ | w&m;p&ia&;Ei vlra&;w&m;rlwr | 28 |



xwaOjzelcs - **jrermEiia&aersm;aumip**
rlyi - **jrermEiia&aersm;aumipEi pmrl&irsm;**
rsuEmz;'Zi; - **barmiZi**
uejyLwmpmp - **qvi; ieust/aZmEiOi;**


**ynmay;a&;twu xyqi ul;,jzelcsrsm;u tm;ay;on/**

အခြေခံဥပဒေရေးရာ

# အာဖဂန်နစ္စတန်နိုင်ငံဒီမိုကရေစီအလင်းရောင်

**ဦးဝင်းမောင်**

အာဖဂန်နစ္စတန်နိုင်ငံတွင် ဒီမိုကရေစီလမ်းပြမြေပုံ၏ နောက်ဆုံးအဆင့်ဖြစ်သည့် ပြည်သူလူထုအားတာဝန်ခံသော အစိုးရဖွဲ့စည်းရန် ယခုနှစ် အောက်တိုဘာလအတွင်းက သမတရွေးကောက်ပွဲ ကျင်းပနိုင်ခဲ့လေပြီ။ အာဖဂန်နစ္စတန်နိုင်ငံအတွက် ဒီမိုကရေစီအလင်းရောင်ကြီး ထွန်းလင်းစပြုလာချေပြီ။ ဒီမိုကရေစီလမ်းပြမြေပုံကို စတင်အုတ်မြစ်ချကတည်းက အချိန်သတ်မှတ်ပေးခဲ့သည်နှင့်အညီ ထိုအချိန်အတိုင်းအတာအရ ရည်မှန်းချက်ကို အကောင်အထည်ဖော်လိုက်နိုင်ခြင်းသည် အာဖဂန်ပြည်သူများအတွက် ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ရှေ့တလှမ်းတက်ရောက်လာနိုင်ပြီဟုဆိုရပေမည်။

အာဖဂန်နိုင်ငံသည် နိုင်ငံတည်ဆောက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးကို နှစ်ပေါင်းများစွာကတည်းက ကြိုးပမ်းခဲ့သည်။ နိုင်ငံ၏ပထမဆုံးအခြေခံဥပဒေကို ဗြိတိသျှလက်အောက်မှလွတ်လပ်ရေးရစဉ် ၁၉၃၂ ခုနှစ်တွင် ပြန်လည်ပြုပြင်ရေးဘုရင် အမာနူလာ လက်ထက်တွင် ရေးဆွဲခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ဘုရင်နီဒါရှားက အခြေခံဥပဒေကို ပြန်လည်ရေးဆွဲခဲ့သည်။ ၎င်း၏သားဖြစ်သူ မိုဟာမက်ဇီဟာရှားက ပို၍ဒီမိုကရေစီကျသော အခြေခံဥပဒေဖြင့် ၁၉၆၄ ခုနှစ်တွင် ၁၉၃၃ ခုနှစ် အခြေခံဥပဒေအား အစားထိုးခဲ့ပြန်သည်။ ဤ ၁၉၆၄ ခုနှစ် အခြေခံဥပဒေအား အစ္စလာမ်ကမ္ဘာတွင် အကောင်းဆုံးသော ဒီမိုကရေစီဥပဒေဟု ပညာရှင်များက တင်စားကြသည်။ အာဖဂန်သမိုင်း၌လည်း ထိုအခြေခံဥပဒေကျင့်သုံးသောကာလကို ဒီမိုကရေစီဆယ်စုနှစ်၊ ခေတ်သစ်ကာလ၊ သို့မဟုတ် အခြေခံဥပဒေအရ အုပ်စိုးသောကာလဟုတွင်ခဲ့သည်။ ဘုရင်ဇီဟာရှား၏ တဝမ်းကွဲညီတော်သူ မိုဟာမက်ဒါဝတ်ရှား (၁၉၅၃ မှ ၁၉၆၃ မတ်လအထိ ဝန်ကြီးချုပ်အဖြစ်တာဝန်ယူပြီး နုတ်ထွက်ခဲ့သူ) က ၁၉၇၃ ခုနှစ်၊ ဇူလိုင်လတွင် အာဏာသိမ်းပြီး ဘုရင်စနစ်ကိုဖျက်သိမ်းခဲ့သည်။ အခြေခံဥပဒေအားလည်း ရုပ်သိမ်းပစ်ခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံအား ဘုရင်စနစ်နိုင်ငံမှ သမတစနစ်နိုင်ငံသို့ပြောင်းလဲခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် အခြေခံဥပဒေသစ်တရပ်ကို ပြဋ္ဌာန်းခဲ့ပါသည်။ သို့သော် ၁၉၇၈ ခုနှစ်တွင် အာဏာသိမ်းမှုဖြစ်ခဲ့ပြီး ထိုအခြေခံဥပဒေကိုပယ်ဖျက်ခဲ့သည်။ ၁၉၈၀၊ ၁၉၈၇ နှင့် ၁၉၉၀ ခုနှစ် အခြေခံဥပဒေများလည်းရှိခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံသည် နှစ်ပေါင်းများစွာ ဒီမိုကရေစီကင်းမဲ့နေခဲ့ရာ အဆိုးရွားဆုံးသော ဒီမိုကရေစီကင်းမဲ့မှုကာလမှာ တာလီဘန်တို့အုပ်ချုပ်ခဲ့သော ၁၉၉၆ ခုနှစ်မှ ၂၀၀၁

ခုနှစ်အတွင်းဖြစ်သည်။ ၉/၁၁ အရေးအခင်းဟုကျော်ကြားသော စက်တင်ဘာအဖြစ်အပျက်သည်ကား အာဖဂန်နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ဆွဲတင်ရန် အစပြုပေးလိုက်သည့် သမိုင်းအလှည့်အပြောင်းဟုဆိုနိုင်ပေသည်။ စက်တင်ဘာအရေးအခင်းပြီး၍ အမေရိကန် ထောက်ခံအားပေးသော မြောက်ပိုင်းမဟာမိတ်တပ်များနှင့် အမေရိကန် မဟာမိတ်တပ်များက တာလီဘန်များကို တိုက်ထုတ်နိုင်လိုက်သည်။ တာလီဘန်အုပ်ချုပ်ရေးမတိုင်မီ နှစ်ပေါင်းများစွာကတည်းက အာဖဂန်နစ္စတန်နိုင်ငံသည် စစ်တလင်းဖြစ်ခဲ့ရသည်။ ၁၉၇၉–၈၀ ခုနှစ်များတွင် ဆိုဗီယက်ကျူးကျော်မှုကို ခုခံသောတိုက်ပွဲများ၊ ထိုနောက် နယ်မြေအလိုက် စစ်ဘုရင်များ၏စစ်ပွဲများ၊ လူမျိုးစုအုပ်စုများအချင်းချင်းအကြား တိုက်ပွဲများနှင့်ပြည့်နှက်ခဲ့သည်။ ထို့ကြောင့် တာလီဘန်အစိုးရပြုတ်ကျပြီးနောက် လူမျိုးစုအုပ်စုများအကြား နိုင်ငံကို ဖွဲ့စည်းတည်ဆောက်ရေးညှိနှိုင်းရသည်မှာ လွယ်ကူလှသည်ဟု မထင်ပေ။ သို့သော် ကုလသမဂ္ဂအပါအဝင် အမေရိကန်နှင့် အနောက်နိုင်ငံများ၏ ကျောထောက်နောက်ခံဖြင့် နိုင်ငံပြန်လည်တည်ဆောက်ရေးကို အစပြုပေးခဲ့ပေသည်။

## နိုင်ငံပြန်လည်တည်ဆောက်ရေးအဆင့်များ

ကုလသမဂ္ဂ၏ ကမကထပြုမှုဖြင့် (တာလီဘန်မပာတ်သည့်) ပါတီအစု (၄) စုမှ ဂျာမဏီနိုင်ငံ ဘွန်းမြို့တွင် နိုင်ငံပြန်လည်တည်ဆောက်ရေးသဘောတူစာချုပ်ကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသဘောတူစာချုပ်ကို ဘွန်းသဘောတူညီချက် (Bonn Accord) ဟူ၍လည်းခေါ်တွင်သည်။ လက်မှတ်ထိုးခဲ့ကြသော အုပ်စုလေးစုအနက် ထင်ရှားသည့်အုပ်စုနှစ်ခုမှာ၊ မြောက်ပိုင်းမဟာမိတ်တပ်များဟုအသိများသော (Northern Alliance Forces) ၏ကိုယ်စားလှယ်များအစုနှင့် နန်းကျဘုရင် မိုဟာမက်ဇီဟာရှားဦးဆောင်သည့် ရောမအစုတို့ဖြစ်သည်။ အခြားအစုနှစ်ခုမှာ ပရှဝါး (ပါကစ္စတန်တွင် ခိုလှုံနေထိုင်ကြသောအစု) နှင့် ဆိုက်ပရပ်အစုတို့ဖြစ်သည်။

ထိုသဘောတူညီချက်အရ ကြားဖြတ်အာဏာပိုင်အဖွဲ့အစည်း (Interim Authority) (ဒီဇင်ဘာလ ၂၀၀၁ ခုနှစ်မှ ဇွန်လ ၂၀၀၂ ခုနှစ်အထိအတွက်) ကိုဖွဲ့စည်းရန်ဖြစ်သည်။ ကြားဖြတ်အာဏာပိုင်အဖွဲ့အစည်း၏ဥက္ကဋ္ဌအဖြစ် ဟာမစ်ကာဇိုင်းအား ဘွန်းအစည်းအဝေးတက်ရောက်သူများက ရွေးချယ်ခဲ့ကြသည်။ ကြားဖြတ်အာဏာပိုင်အဖွဲ့၏ အဓိကနေရာများကို မြောက်ပိုင်းမဟာမိတ်အဖွဲ့မှ ပုဂ္ဂိုလ်များက ယူထားကြသည်။

ကြားဖြတ်အာဏာပိုင်အဖွဲ့၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ပထမဆင့်လုပ်ငန်းစဉ်မှာ ကုလသမဂ္ဂကြီးကြပ်မှုဖြင့် အရေးပေါ်ညီလာခံ (Emargency Loya Jirga) ကို ၂၀၀၂ ဇွန်လအတွင်းခေါ်ယူရန်ဖြစ်သည်။ ကုလသမဂ္ဂနှင့်နိုင်ငံတကာတို့ အကူအညီဖြင့် သတ်မှတ်ထားသည့်ကာအတွင်း ညီလာခံကိုခေါ်ယူနိုင်ခဲ့သည်။ ညီလာခံကိုယ်စားလှယ်များကို သွယ်ဝိုက်ရွေးချယ်ခဲ့ကြသည်။ (မြန်မာပြည်လမ်းပြမြေပုံ–အမျိုးညီလာခံပုံရိပ် ဆောင်းပါးတွင်ကြည့်ပါ။) [ထိုညီလာခံကိုယ်စားလှယ်များမှ အခြေခံဥပဒေကို နောက်ဆုံးအတည်ပြုရေးအတွက် ကိုယ်စားလှယ်ဦးရေ ၅၀၀ ပါသော အခြေခံဥပဒေညီလာခံ (Constitutional Loya Jirga) ကိုယ်စားလှယ်များကို ၂၀၀၃ ခုနှစ် စက်တင်ဘာလတွင် ရွေးချယ်ခဲ့ကြသည်။]

ဒုတိယအဆင့်အနေဖြင့် အသွင်ကူးပြောင်းရေးကာလအုပ်ချုပ်ရေး (Transitional Administration) (အခြေခံဥပဒေအရ အစိုးရတရပ်ရွေးချယ်သည့်ကာအထိ) ကို သွယ်ဝိုက်ရွေးချယ်တင်မြှောက်ဖွဲ့စည်းရန်ဖြစ်သည်။ (Loya Jirga ကိုယ်စားလှယ်အဖွဲ့ဝင် ၁၅၀၀ တို့က ဟာမစ်ကာဇိုင်းအား သမတအဖြစ်ရွေးချယ်ခဲ့ကြသည်)။ တတိယအဆင့်အနေဖြင့် အခြေခံဥပဒေရေးဆွဲကာ အတည်ပြုရန်ဖြစ်သည်။ (အခြေခံဥပဒေကို နှစ်နှစ်အတွင်း အပြီးရေးဆွဲရန်ဖြစ်သည်)။

စတုတ္ထအဆင့်အနေဖြင့် အခြေခံဥပဒေအရ တာဝန်ခံမှုရှိသော ဒီမိုကရေစီအစိုးရတရပ်ကို ရွေးချယ်တင်မြှောက်ရန်တို့ဖြစ်သည်။ ဤအဆင့်သည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ နိုင်ငံပြန်လည်တည်ဆောက်ရေးအတွက် လမ်းပြမြေပုံလုပ်ငန်းစဉ်၏ နောက်ဆုံးအဆင့်ဖြစ်ပေသည်။

## အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်

အခြေခံဥပဒေ ရေးဆွဲရေးတွင် အဆင့်သုံးဆင့်ထားရှိဆောင်ရွက်ကြသည်။ ပထမအဆင့်အနေဖြင့် အဖွဲ့ဝင်ကိုးဦးပါသော အခြေခံဥပဒေရေးဆွဲရေးကော်မရှင် (သမတ ဟာမက်ကာဇိုင်းမှ ခန့်အပ်သောအဖွဲ့ဝင်များ) က ပထမမူကြမ်းကိုရေးဆွဲကြသည်။ အဖွဲ့ဝင်ကိုးဦးပါကော်မရှင်သည် အတိတ်ကရှိခဲ့ဖူးသော အာဖဂန်နစ္စတန်၏ အခြေခံဥပဒေများ၊ အစ္စလာမ်ကမ္ဘာရှိအခြေခံဥပဒေများနှင့် ကမ္ဘာ့နိုင်ငံများ၏အခြေခံဥပဒေများကိုလေ့လာပြီး အနာဂတ်အတွက် အခြေခံဥပဒေ ပထမမူကြမ်းကိုပြင်ဆင်ခဲ့သည်။ ထို ပထမမူကြမ်းတွင် အများအားဖြင့် ၁၉၆၄ ခုနှစ် အခြေခံဥပဒေ၏ပြဋ္ဌာန်းချက်များကို ထည့်သွင်းဖော်ပြထားသည်။ ထိုမူကြမ်းကို ၂၀၀၃ ခုနှစ် မတ်လအတွင်းက သမတဟာမက်ကာဇိုင်း ထံတင်သွင်းခဲ့သည်။ ထိုပထမမူကြမ်းကို ဒုတိယသမတ က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော (၃၅) ဦးပါ အခြေခံဥပဒေဆိုင်ရာကော်မရှင် (Constitutional Commission) အဖွဲ့က ဆက်လက်လေ့လာ စီစစ်ဆောင်ရွက်သွားရန်ဖြစ်သည်။ (၃၅) ဦးအဖွဲ့တွင် အခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူများ၊ အစ္စလာမ် (ရှရီယာဥပဒေ) ကျွမ်းကျင်သူများ၊ လူမှုရေးပညာရှင်များ၊ စီးပွားရေးပညာရှင်များနှင့် လူမျိုးစုခေါင်းဆောင်များပါဝင်သည်။ စီစစ်မှုကို ၂၀၀၃ ခုနှစ် ဇွန်လအတွင်း အပြီးဆောင်ရွက်ရမည်ဖြစ်သည်။ စီစစ်ထားပြီးသော အခြေခံဥပဒေမူကြမ်းကိုကိုင်၍ လူထုသဘောထားကောက်ခံရန်ဖြစ်သည်။ ပြည်သူလူထုထံမှ အကြံပြုချက်များကို နှစ်လအတွင်းကောက်ခံရသည်။ သို့သော် လုံခြုံရေးအကြောင်းများကြောင့် မူကြမ်းကို လူထုကိုမချပြသေးဘဲ လူထုသဘောထားကို ဦးစွာကောက်ခံခဲ့သည်။

လူထုအကြံပြုချက်များကို နည်းလမ်းသုံးသွယ်ဖြင့်ကောက်ခံသည်။ ပထမနည်းလမ်းမှာ အကြံပြုချက်ကို စာဖြင့်ရေးသား၍ အခြေခံဥပဒေကော်မရှင်အဖွဲ့ထံ သို့မဟုတ် ဒေသဆိုင်ရာကော်မရှင်ရုံးများသို့ ပေးပို့ခြင်း၊ ဒုတိယနည်းလမ်းမှာ အခြေခံဥပဒေဆွေးနွေးပွဲတွင် ကော်မရှင်အဖွဲ့သို့ နှုတ်အားဖြင့် တိုက်ရိုက်တင်ပြအကြံပြုခြင်း။ တတိယနည်းလမ်းမှာ အခြေခံဥပဒေနှင့်စပ်ဆိုင်သော ဖြန့်ဝေထားသည့် မေးခွန်းလွှာ စာရွက်များကို ဖြေဆို၍ ကော်မရှင်အဖွဲ့ထံ

ပေးပို့စေခြင်း နည်းလမ်းများဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင်များသည် ပြည်နယ် (၃၈) ပြည်နယ် အပြင် ပါကစ္စတန်နှင့် အီရန်နိုင်ငံများရှိ ခိုလှုံရေးစခန်းများ (refugee camps)တွင် နေထိုင်နေ ကြသော အာဖဂန်လူမျိုးများဆီသို့သွားကာ အကြံဉာဏ်များ၊ သဘောထားများကောက်ခံ ကြသည်။ လူထုထံမှရရှိသော အကြံပြုချက်များကိုစုစည်းကာ အခြေခံဥပဒေမူကြမ်းတွင် ပြန် လည်ဖြည့်စွက်ကြရသည်။ လူထုသဘောထားပါဝင်သော အခြေခံဥပဒေမူကြမ်းကို သမတ ဟာမစ်ကာဇိုင်းမှ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့တွင်ထုတ်ပြန်ခဲ့သည်။ ပြည်သူလူထု သို့လည်းဖြန့်ဝေခဲ့သည်။ မူကြမ်းတွင် အခန်း (၁၂) ခန်း၊ ပုဒ်မပေါင်း (၁၆၀) ပါဝင်သည်။ ပြည်သူ လူထုက ၎င်းတို့ထံ ဖြန့်ဝေပေးထားသော မူကြမ်းအပေါ်တွင် ထပ်မံဝေဖန်အကြံပြုနိုင်သေး သည်။ ဤတကြိမ် ဝေဖန်အကြံပြုရာတွင် အခြေခံဥပဒေ ကော်မရှင်အဖွဲ့ဝင်များထံသို့ပြုကြရ သည်မဟုတ်ဘဲ ၎င်းတို့ဒေသ၏ Loya Jirga ကိုယ်စားလှယ်ထံ အကြံပြုကြရသည်။ ၎င်းတို့ ကိုယ်စားလှယ်က ညီလာခံတွင် ထိုအကြံပြုချက်များကို လူထုကိုယ်စား ဆွေးနွေးပေးကြစေ ရန်ဖြစ်သည်။ ထိုမူကြမ်းကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလတွင်ကျင်းပသော ညီလာခံ Constitutional Loya Jirga ၌ နောက်ဆုံးအဆင့်အနေဖြင့် ဆွေးနွေးပြီးနောက် ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ညီလာခံကအတည်ပြုခဲ့သည်။ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် သမတ က လက်မှတ်ထိုးထုတ်ပြန်ခဲ့သည်။

ဤအဆင့်သည် နှစ်ပေါင်းများစွာ စစ်တလင်းဖြစ်ခဲ့သည့် အာဖဂန်နစ္စတန်နိုင်ငံအဖို့၊ တိုင်းရင်းသားလူမျိုးစု အချင်းချင်းတိုက်ခိုက်နေခဲ့သည့် အာဖဂန်လူမျိုးစုများအဖို့၊ စိုးရိမ် ကြောက်ရွံ့မှုများအကြားတွင် နေထိုင်နေကြရသော အာဖဂန်ပြည်သူများအဖို့၊ နိုင်ငံခြားတွင် ဒုက္ခသည်များအဖြစ်နေထိုင်နေကြရသော အာဖဂန်လူမျိုးများအဖို့၊ ဒီမိုကရေစီအသွင်ကူး ပြောင်းရေးနှင့်အေးချမ်းတည်ငြိမ်စွာ မကြောင့်မကျနေထိုင်သွားနိုင်ရေးအတွက် လမ်းပြမြေ ပုံ၏ ဒုတိယနောက်ဆုံးအဆင့်ဖြစ်ပေသည်။

## လူမျိုးစု၊ ဘာသာစကားနှင့် လူ့အခွင့်အရေး။

အာဖဂန်နစ်တန်နိုင်ငံတွင် အဓိကလူမျိုးစုကြီး (၄) မျိုးနှင့် အခြားသော လူမျိုးငယ်လေး ငါးမျိုးခန့်ရှိသည်။ ပုရှ်တွန်းလူမျိုး (၄၄) ရာခိုင်နှုန်းရှိပြီး နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတွင် နေထိုင်ကြသည်။ တာဂျစ်လူမျိုးစု (၂၅) ရာခိုင်နှုန်းရှိပြီး နိုင်ငံအရှေ့ မြောက်ပိုင်းနှင့် ကျေးလက် ဒေသများတွင်နေထိုင်ကြသည်။ ဟာဇာရာလူမျိုးစုမှာ (၁၀) ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံအလယ် ပိုင်းရှိ တောင်တန်းဒေသများတွင် နေထိုင်ကြသည်။ ဥဇဘက်လူမျိုးစုမှာ (၈) ရာခိုင်နှုန်းခန့်ရှိ ပြီး မြောက်ပိုင်းအလယ်တွင်နေထိုင်ကြသည်။ ထို့အပြင် လူမျိုးငယ်များဖြစ်သော အိုင်မာက်၊ တာက်မဲန်နှင့် အခြားလူမျိုး (၁၃) ရာခိုင်နှုန်းရှိပေသည်။ အာဖရန်ဂန်နစ္စတန်သည် ရှေးနှစ်ပေါင်း များစွာကတည်းက အာရှအလယ်ပိုင်း၊ တောင်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့နှင့် ကုန်သွယ် ရာလမ်းမကြီးဖြစ်ခဲ့သည့်အလျောက် ၎င်းနှင့်နယ်စပ်ချင်းထိစပ်နေသော နိုင်ငံများရှိ လူမျိုးများ နှင့်မျိုးနွယ်စုတူသူ လူမျိုးစုများဖြစ်ကြသည်။ ပရှ်သွန်းလူမျိုးများသည် ပါကစ္စတန်တွင်ရှိကြ သလို တာဂျစ်လူမျိုးသည် တာဂျီကစ္စတန်နိုင်ငံ၏ လူမျိုးအနွယ်များဖြစ်ကြသည်။ ထို့အတူ

ဥဇဘက် လူမျိုးများသည် ဥဇဘက်ကစ္စတန်နိုင်ငံရှိ ဥဇဘက်လူမျိုး အနွယ်များဖြစ်ကြသည်။ တာခ်မင်လူမျိုးစုသည်လည်း တာခ်မင်နစ္စတန်နိုင်ငံ၏ လူမျိုးနွယ်များဖြစ်သလို၊ ဟာဇရာနှင့် ပါရ်ရှီ စကားပြောသော နိုင်ငံအနောက်ပိုင်းတွင်နေထိုင်ကြသည့် အခြားလူမျိုးစုများသည် အီရန်နှင့်ညီအစ်ကိုတော် လူမျိုးနွယ်စုများဖြစ်ကြသည်။ လွန်ခဲ့သောနှစ်ပေါင်း (၂၀) ကျော် ကာလအတွင်း လူမျိုးစုလက်နက်ကိုင်အုပ်စုများသည် သက်ဆိုင်ရာဒေသတွင် လက်နက်ကိုင် မင်းမူခဲ့သောကြောင့် ယခုနိုင်ငံကို ပြန်ဖွဲ့စည်းမည့် အခြေခံဥပဒေတွင် အာဏာခွဲဝေရေးသည် အလေးထားစဉ်းစားရမည့်အချက်တရပ်ဖြစ်ခဲ့သည်။

လူမျိုးစုများ၏ တရားဝင်ဘာသာစကား အသိအမှတ်ပြုမှုသည်လည်း အရေးတကြီး ကိစ္စရပ်တခုဖြစ်သည်။ လက်ရှိ အာဖဂန်နစ္စတန်နိုင်ငံတွင် လူမျိုးစုအားဖြင့် ပူရှ်သွန်းလူမျိုးစုက အများစုဖြစ်သော်လည်း ဒါရီ (ပါးရှားနှင့်ဆက်နွယ်သော အင်ဒို-ဥရောပ ဘာသာစကား (ပါရ်ရှီ) ဖြစ်သည်။ ကျယ်ကျယ်ပြန့်ပြန့်သုံးသော ဘာသာစကားလည်းဖြစ်သည်။ တာဂျီကစ္စ တန်နှင့် အီရန်တို့၏ အမျိုးသားဘာသာစကားဖြစ်ပြီး ဥဇဘက်ကစ္စတန်ရှိ အကြီးဆုံးသော တာဂျစ်လူမျိုးစုတို့လည်း ထိုဘာသာစကားကိုသုံးကြသည်၊ တရုပ်ပြည်အချို့ဒေသတွင် လည်း ထိုပါရ်ရှီဘာသာစကားပြောကြသည်။) ဘာသာစကားက လွှမ်းမိုးထားသည်။ အခြား လူမျိုးများလည်း မိမိတို့လူမျိုးအလိုက် မတူကွဲပြားသော ဘာသာစကားများကို ပြောဆိုအ သုံးပြုကြသည်။ ဘာသာရေးအစွန်းရောက်များနှင့် စစ်ဘုရင်များ၏ ဖိနှိပ်မှုများရှိခဲ့၍လည်း ပြည်သူများ၏လူ့အခွင့်အရေးနှင့် အထူးသဖြင့် အမျိုးသမီးများ၏အခွင့်အရေးကိုလည်း အလေးထားစဉ်းစားကြရသည်။

## နိုင်ငံဖွဲ့စည်းမှုနှင့် အစိုးရစနစ်

အာဖဂန်နစ္စတန်တွင် မတူကွဲပြားသောလူမျိုးစုများရှိနေကြသော်လည်း သမိုင်းကြောင်း အရ ယခင်က နိုင်ငံကို တပြည်ထောင်စနစ်ဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ သို့သော်လည်း ယခု နိုင်ငံပြန်လည်တည်ဆောက်ရေးကို စဉ်းစားသည့်အခါ အာဏာခွဲဝေရေးနှင့်ပတ်သက် ၍ လူမျိုးစုအခြေပြုဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းရေးကို အလေးပေးစဉ်းစားသူများနှင့် ပြည် တွင်းစစ်ကြောင့် အစိတ်စိတ်အမွှာမွှာဖြစ်နေသောနိုင်ငံကို ပြန်လည်ထူထောင်ရာတွင် ဗဟို ချုပ်မှုအားကောင်းကောင်းနှင့် တစ်ပြည်ထောင်စနစ်ထူထောင်လိုသူများအကြား အကြိတ် အနယ် အခြေအတင်ဆွေးနွေးကြရသည်။ အာဖဂန်နစ္စတန်နိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုတမျိုး စီသည် အိမ်နားနီးချင်းနိုင်ငံ တခုမဟုတ်တခုရှိ လူမျိုးစုများနှင့် လူမျိုး၊ ဘာသာ၊ ဘာသာစ ကား၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ တထပ်တည်းကျနေကြသည်။ ထိုကြောင့် လူမျိုးစုတိုင်းတွင် သက်ဆိုင်ရာလူမျိုးအလိုက် အိမ်နားနီးခြင်းနိုင်ငံများ၏ ကျောထောက်နောက်ခံပြုထားကြ ပုံရသည်။ အိမ်နားနီးချင်းနိုင်ငံများဖြစ်သည့် အီရန်၊ တာခ်မင်နစ္စတန်၊ တာဂျီကစ္စတန်၊ ဥဇဘက် ကစ္စတန်၊ ပါကစ္စတန်နှင့် တရုတ်နိုင်ငံများသည် အာဖဂန်နစ္စတန်ထက် အင်အားတောင့်တင်း ခိုင်မာသော နိုင်ငံများဖြစ်ပြီး၊ ဗဟိုချုပ်ကိုင်မှုအားကောင်းသောနိုင်ငံများလည်းဖြစ်ကြသည်။ ဤအချက်သည်လည်းကောင်း၊ နိုင်ငံအနေအထား အစိတ်စိတ်အမွှာမွှာဖြစ်နေခြင်း၊ အစိုးရ

အဖွဲ့အစည်းဆိုင်ရာများ (state institutions) အားနည်းနေသေးခြင်း၊ နိုင်ငံ့အချို့ အစိတ်အပိုင်းများတွင် စစ်ဘုရင်များ (war lords) က ထိန်းချုပ်ထားပြီး ၎င်းတို့၏စစ်တပ်များသည် သူပုန်သူကန်များ၏ တိုက်ခိုက်မှုကိုခံနေရခြင်း၊ တချိန်က တစောက်ကန်းဆောင်ရွက်ခဲ့သော ဘာသာရေးအစွန်းရောက်များ၏ အန္တရာယ်လည်းရှိနေသေးခြင်း၊ စသည့်အချက်များသည် လည်းကောင်း တပြည်ထောင်စနစ် ထူထောင်လိုသူများအတွက် အားသာချက်များဖြစ်စေခဲ့သည်။ ထို့အပြင် စစ်ဒဏ်ကြောင့် ဆင်းရဲဒုက္ခရောက်နေကြသော ပြည်သူများသည်လည်းကောင်း၊ ပြည်ပတွင်ခိုလှုံနေကြသော (၄) သန်းခန့်ရှိသည့် အာဖဂန်နိုင်ငံသားအများစုတို့သည်လည်းကောင်း ပြည်ထောင်စုစနစ်တည်ဆောက်မလား၊ တပြည်ထောင်စနစ်တည်ဆောက်မလားဆိုသည်ကို အငြင်းပွားနေခြင်းထက် နိုင်ငံအေးချမ်းပြီး တိုးတက်ဖွံ့ဖြိုးရေးကို အထူးလိုလားကြသည်။ ထို့အပြင် အမေရိကန်နှင့်ပိုမိုနီးစပ်သော လက်ရှိသမတ ဟာမစ်ကာဇိုင်းသည် အစိုးရအဖွဲ့တွင် သြဇာညောင်းသူဖြစ်ပြီး လူများစုဖြစ်သော ပူရှ်သွန်း လူမျိုးစုထဲမှဖြစ်သည်။ ၎င်းကလည်း ဗဟိုချုပ်ကိုင်မှု အားကောင်းသောအစိုးရနှင့် တစ်ပြည်ထောင်စနစ်ထူထောင်ခြင်းဖြင့် တိုင်းပြည်ကိုပိုမိုတည်ငြိမ်စေပြီး ဖွံ့ဖြိုးမှုကိုလျှင်မြန်စွာ ဆောင်ရွက်နိုင်မည်ဟု ယူဆဟန်ရှိသူဖြစ်သည်။ ထို့ကြောင့် တပြည်ထောင်စနစ်ထူထောင်လိုသူများဘက်က အသာရသွားခဲ့သည်။

သို့သော် အခြေခံဥပဒေအရ မတူကွဲပြားသောလူမျိုးနှင့် ယဉ်ကျေးမှုကို အသိအမှတ်ပြုနိုင်ခဲ့ခြင်းသည် အခြေခံဥပဒေ၏ အဓိကတက်လှမ်းနိုင်မှုတရပ်ဖြစ်သည်။ အခြေခံဥပဒေ၏ ပုဒ်မ (၄) တွင် "အာဖဂန်နစ္စတန်နိုင်ငံသည် ပူရှ်သွန်း၊ တာဂျစ်၊ ဟာဇရာ၊ အူဇဘက်၊ တာခ်မဲန်၊ ဘလူချ်၊ ပရှိုင်း၊ နူရစ္စတန်နီ၊ အိုင်မာက်၊ အာရပ်၊ ကာဇစ်၊ ကွီဇီလ် ဘာ့စ်၊ ဂူဂျာ၊ ဘရာဟွီနှင့် အခြားလူမျိုးစုများဖြင့် ဖွဲ့စည်းထားသည်" ဟု ပြဋ္ဌာန်းပေးလိုက်သည်။

လူမျိုးစုံနေထိုင်သောနိုင်ငံတွင် လူမျိုးစုများအကြား အာဏာထိန်းညှိကျင့်သုံးခြင်းသည်လည်း နိုင်ငံတည်ငြိမ်ရေးနှင့်ငြိမ်းချမ်းမှုအတွက် လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် လူမျိုးစုံနေထိုင်သော အာဖဂန်နိုင်ငံတွင် အစိုးရဖွဲ့စည်းရေးနှင့်ပတ်သက်၍ အာဏာအပြည့်အဝရှိစေသော သမတအစိုးရစနစ်ကိုဖွဲ့စည်းမည်လား၊ ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်အစိုးရစနစ်ကို ကျင့်သုံးမည်လား၊ သမတနှင့်ဝန်ကြီးချုပ် အာဏာမျှဝေသည့် (semi presidential) စနစ်ကျင့်သုံးမည်လားဆိုသည်ကို အကြိတ်အနယ် ဆွေးနွေးကြရသည်။ အစိုးရဖွဲ့စည်းရေးဆွေးနွေးရာတွင်လည်း အစဉ်အလာရှိသော ပါလီမန်အစိုးရစနစ်ကို ဆက်လက်ကျင့်သုံးရန် လိုလားသူများရှိသလို တဖက်တွင်လည်း အမေရိကန်အစိုးရပုံစံမျိုးသမတစနစ်ကို လိုလားသူများလည်း အမြောက်အများရှိသည်။

နောက်ဆုံးအဆင့် အခြေခံဥပဒေညီလာခံ (CLJ) မတိုင်မီ၊ အမျိုးသားလုံခြုံရေးကောင်စီ၏ ပြန်လည်သုံးသပ်သည့်အဆင့်အထိ အခြေခံဥပဒေမူကြမ်းတွင် သမတနှင့် ဝန်ကြီးချုပ်အာဏာခွဲဝေကျင့်သုံးသည့် (semi presidential) စနစ်ကျင့်သုံးရန်ဖော်ထားသည်။ အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က သမတသည် လူများစု ပူရှ်သွန်းလူမျိုးထဲမှဖြစ်ပါက ဝန်ကြီးချုပ်ကို အခြားလူမျိုးစုထဲမှ အောက်လွှတ်တော် (Wolesi Jirga) ရွေးချယ်ခြင်းသည် လူမျိုးစုအကြား အာဏာထိန်းညှိမှုဖြစ်စေမည်ဟု ယူဆသည်။ သို့သော် လူထုက တိုက်ရိုက်ရွေးချယ်

သောသမတနှင့် ပါလီမန်ကရွေးချယ်ပေးသော ဝန်ကြီးချုပ်တို့အကြား အာဏာလွန်ဆွဲမှု ဖြစ်လာနိုင်ကြောင်းကိုလည်း ထည့်သွင်းစဉ်းစားမိကြသည့်အခါ ဝန်ကြီးချုပ်ကို ပါလီမန်က ရွေးချယ်မည့်အစား သမတ ကရွေးချယ်ခြင်းကသာ ပိုအဆင် ချောမွေ့နိုင်ကြောင်း၊ သို့သော် ဝန်ကြီးချုပ်ကို ရာထူးမှဖြုတ်သည့်အခါ ပါလီမန်အောက်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူမည်ဖြစ်ကြောင်း လက်ခံလာကြသည်။

သို့သော်လုံခြုံရေးကောင်စီနှင့် အခြေခံဥပဒေရေးဆွဲရေးကော်မရှင်တို့ ပူးတွဲပြန်လည် သုံးသပ်သည့်အခါ မူလအခြေခံဥပဒေမူကြမ်းမှာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားခဲ့သည်။ **Semi presidential** အစား သမတသီးသန့်စနစ် **presidential** စနစ် တနည်းအားဖြင့် အမေရိကန် အစိုးရပုံစံစနစ်မျိုးကို ပြောင်းလဲလက်ခံလိုက်ကြသည်။ ဤသို့ပြောင်းလဲခဲ့ရခြင်း၏ နောက်ခံမှာ မြောက်ပိုင်းမဟာမိတ်အဖွဲ့များနှင့် လက်ရှိကက်ဘိနက်တွင်ပါဝင်ကြသော မြောက်ပိုင်းမဟာမိတ်အဖွဲ့၏ ကြီးကြပ်ရေးကောင်စီ ( **Supervisory Council of North)** အဖွဲ့ဝင်များ အကြား သဘောထားကွဲလွဲမှုကြောင့် ဖြစ်သည်ဟုဆိုသည်။

အစိုးရဖွဲ့စည်းရေးကိစ္စသည် အခြေခံဥပဒေရေးဆွဲရေးဖြစ်စဉ်၏ နောက်ဆုံးအဆင့်ဖြစ်သောညီလာခံတွင်လည်း အကြိတ်အနယ်ဆွေးနွေးခဲ့ကြသည်။ ညီလာခံကိုယ်စားလှယ်များ အနက် ပူရှသွန်းလူမျိုးစုနှင့် အခြားလူမျိုးစုအနည်းငယ်တို့က သမတစနစ်ကို ကျင့်သုံးလိုကြသည်။ ပူရှသွန်းမဟုတ်သော လူမျိုးစုများက ဝန်ကြီးချုပ်ပါဝင်သည့်စနစ်ကို အကြီးအကျယ် အဆိုပြုကြသည်။ ၎င်းတို့က ပါလီမန်အစိုးရစနစ်ကျင့်သုံးခြင်းဖြင့် လူမျိုးစုံပါသော အစိုးရအဖွဲ့ ဖြစ်နိုင်ပြီး တနည်းအားဖြင့် နိုင်ငံရေးဆုံးဖြတ်ပိုင်ခွင့်များတွင် လူမျိုးစုံပါဝင်ရာရောက်၍ ပိုမိုသင့်လျော်သည်ဟု သဘောထားရှိကြသည်။ အာဖဂန်နစ္စတန်သည် ပြည်တွင်းစစ်အောက်တွင် နှစ်ပေါင်းများစွာရုန်းကန်ခဲ့ရသည်။ ပီပြင်သောနိုင်ငံထူထောင်ရန်လိုအပ်နေသည်။ စစ်ကြောင့် လုံခြုံရေးအဖွဲ့အစည်းများ အချည့်နှဲ့ဆုံးအခြေအနေသို့ရောက်ခဲ့ရသည်။ နေရာတော်တော် များများတွင် တရားဥပဒေစိုးမိုးရေးမရှိပေ။ နိုင်ငံရေးပါတီများလည်း ဖွံ့စည်းစသာဖြစ်ပြီး ချည့်နဲ့နေသေးသည်။ အမှန်အားဖြင့် ပါလီမန်အစိုးရစနစ်ဖြစ်သင့်သော်လည်း အထက်ပါအခြေအနေများကြောင့် ပါလီမန်တွင် စစ်ဘုရင်များ **(war lords)** လွှမ်းမိုးသည့်အစုများ၊ ဒေသစွဲ ပြင်းထန်သည့်အစုများနှင့် မူယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများ နေရာယူလာမည်ကို စိုးရိမ်ကြသူအများအပြားရှိနေသည်။ ဤသို့စိုးရိမ်နေသူများကို သမတစနစ်ကို လိုလားသူများက အမိအရဆွဲဆောင်လိုက်နိုင်ခဲ့သည်။ ထိုကြောင့် အခြေခံဥပဒေညီလာခံတွင် မဲခွဲသည့်အခါ သမတအစိုးရစနစ် ထူထောင်ရေးဘက်က အသာရရှိခဲ့သည်။

လတ်တလောတွင် အခြေခံဥပဒေအရ အာဏာဖြန့်ဝေကျင့်သုံးရေး ( **decentralization)** ကိုပယ်ချခဲ့သော်လည်း အခြေခံဥပဒေညီလာခံတွင် နောက်ဆုံးမိန့်ခွန်းပြောကြားရာ၌ မစ္စတာဟာမစ်ကာဇိုင်းက "အခြေခံဥပဒေသည် ကုရ်အာန်ကျမ်းစာအုပ်မဟုတ်ပါ။ တည်ငြိမ်တိုးတက်မှုရပြီးနောက်၊ တော်သင့်မှန်ကန်သော နိုင်ငံရေးပါတီများပေါ်လာပြီး နောက် (၅) နှစ် (၁၀) နှစ်ကြာပြီးသည့်အခါ အကယ်၍ကျွန်ုပ်တို့က ပါလီမန်စနစ်သည် သင့်လျော်သည်ဟုဆုံးဖြတ်လျှင် ယခုနှင့်မတူသည့် အစိုးရစနစ်ကိုလက်ခံဖို့ ညီလာခံပြန်ခေါ်နိုင်ကြပါတယ်။" ဟူသောမိန့်ခွန်းမှာ သမတစနစ်ကျင့်သုံးမှုကို မနှစ်မြို့သူများအား တစုံတရာနှစ်သိမ့်ပေးနိုင်ခဲ့သည်။

## နိဂုံး

ယခုရေးဆွဲအတည်ပြုလိုက်သော အခြေခံဥပဒေမှာ အာဖဂန်နစ္စတန်တွင် ပထမဆုံးသော ပြည်သူ့အကြံဉာဏ်သဘောထားများ ရယူရေးဆွဲထားသော အခြေခံဥပဒေဖြစ်လင့်ကား ဝေဖန်စရာကင်းသည့်အခြေအနေမရှိပါ။ ကျွမ်းကျင်သူပညာရှင်များက အခြေခံဥပဒေရေးဆွဲရေး အချိန်ကာလမှာ များစွာတိုတောင်းလှကြောင်း၊ အမှန်အားဖြင့် သည့်ထက်အချိန်ပိုယူကာ ပြည်သူလူထုအား အခြေခံဥပဒေဆိုင်ရာ ပညာပေးခြင်းနှင့် ပြည်သူများထံမှ ကျယ်ကျယ်ပြန့်ပြန့် သဘောထားကောက်ခံသင့်ကြောင်း အကြံပြုကြသည်။ ပညာရေးဝန်ကြီးဟောင်းနှင့် နိုင်ငံရေးကျွမ်းကျင်သူ အဗ္ဗဒူလ် ရာစူလ်းအာမက် က "သမတစနစ်အစိုးရကိုလက်ခံမလား၊ စည်းမျဉ်းခံဘုရင်စနစ်ကိုလက်ခံမလား၊ ဝန်ကြီးချုပ်ဦးဆောင်တဲ့ ပါလီမန်ပုံစံအစိုးရကိုဘဲ လက်ခံမလားဆိုတာ လူထုဆန္ဒခံယူပွဲကျင်းပပေးသင့်တယ်။ သို့မှသာ အခြေခံဥပဒေရေးဆွဲရေးဟာ အလုပ်ဖြစ်မှာဖြစ်တယ်။ လူထုကို သူတို့ကြိုက်တဲ့ အစိုးရပုံစံ ရွေးစေသင့်တယ်။ အခြေခံဥပဒေဆိုတာ စာရွက်တွေစုဆောင်းခြင်းမဟုတ်ပါ။ အခြေခံဥပဒေသည် လူထုသဘောထားများကို ရောင်ပြန်ဟပ်စေရမယ်။ သူတို့ ငြိမ်းချမ်းစွာနေနိုင်မဲ့ နိုင်ငံရေးစနစ်ဖန်တီးပေးဖို့လိုအပ်ပါတယ်။" ဟုဆိုခဲ့သည်။

အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က ပြည်နယ်တိုင်း ကွင်းဆင်းရှင်းပြသော်ငြားလည်း၊ လူထုသဘောထား ကောက်ခံခဲ့သော်ငြားလည်း၊ စီစစ်ပြီးသော ပုံနှိပ်ထားသည့် အခြေခံဥပဒေမူကြမ်းကို နိုဝင်ဘာလ (၃) ရက်နေ့ (နောက်ဆုံးအတည်ပြုရန် တလခန့်အလို) မှသာ ပြည်သူများသို့ ဖြန့်ဝေခဲ့သည်။ အစိုးရနှင့် ကုလသမဂ္ဂ ကလည်း ကော်မရှင်မှ အသေအချာစီစစ်ပုံနှိပ်မပြီးသေးခင်အထိ လျှို့ဝှက်ထားခြင်းက ပိုကောင်းကြောင်းယူဆသည်ဟုဆိုသည်။

ပြန်လည်ထူထောင်ရေးအတွက် အကူအညီများပေးသော အလှူရှင်နိုင်ငံများက အလုပ်ဖြစ်မည့် အစိုးရအဖွဲ့ပေါ်ပေါက်ရေးကို အဓိကထားသည်။ အသွင်ကူးပြောင်းခြင်းအတွက် လမ်းကြောင်းမှာ ဘွန်းသဘောတူညီချက်နှင့် အချိန်သတ်မှတ်ချက်ဖြစ်ကြောင်း သတိပြုမိမည်ဖြစ်သည်။ ခက်ခဲသောအခြေအနေများရှိနေလင့်ကစား သတ်မှတ်ထားသော အချိန်ဇယားအတွင်း အပြုသဘောရလဒ်ထွက်ပေါ်လာခဲ့ခြင်းသည် ဒုက္ခပင်လယ်ဝေနေသော အာဖဂန်နစ္စတန် ပြည်သူများအဖို့ ကံကောင်းပေသည်။ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တလျှောက် ဝေဖန်မှုများရှိနေလင့်ကစား အာဖဂန်နစ္စတန်နိုင်ငံသည် အကောင်းဆုံး အစပျိုး၍ ရှေ့သို့တက်လှမ်းနိုင်ခဲ့သည်မှာ ငြင်း၍မရ။ ဤမှနောင်ကို ဖြစ်ပေါ် တိုးတက်မှုများသည် နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ပါဝင်လုပ်ဆောင်နေသော ခေါင်းဆောင်များ၏ စိတ်ဓာတ်၊ စေတနာနှင့် စွမ်းဆောင်ရည်တို့အပေါ်တွင် မူတည်ပေလိမ့်မည်။

ရည်ညွှန်း–

(1) Larry Goodson, *Afghanistan's Long Road to Reconstruction*, Journal of Democracy, Volume 14.1(2003)
(2) Barnett R. Rubin, *Crafting a Constitution for Afghanistan*, Journal of Democracy , July 2004, Volum 15, Number 3
(3) Pran Chopra, *For a United Afghanistan*, The Hindu, Thursday, January 24, 2002,
(4) Amin Tarzi, Assessing the Draft Constitution (part 1): Presidential Power and The Role of Religion, Nov. 6 , 2003, volume2, Number 39.www.rferl.org
(5) Henry E. Hale, *The Federal Option for Afghanistan*, EastWest Institute, November 2003.
(6) Afghanistan: Special Report on the New Constitution, IRINnews.org

အမျိုးသားညီလာခံ

# (မြန်မာပြည်လမ်းပြမြေပုံ)
# အမျိုးသားညီလာခံပုံရိပ်

အမျိုးသားညီလာခံသည် အနာဂတ်မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးကိုရည်ရွယ်ခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် အခြေခံဥပဒေတရပ်သည် လူမှုအသိုင်းအဝိုင်းအသီးသီးတို့ အပြန်အလှန်ဆက်ဆံဆောင်ရွက်ရာမှ ပေါ်ပေါက်ခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်လာရေးအတွက်အလွန်အရေးကြီးပေသည်။ လူထုပါဝင်ပတ်သက်မှု အဆင့်ပိုများလေလေ၊ ငြင်းခုံဆွေးနွေးရမှုပိုများလေလေဖြစ်ပြီး ဒီမိုကရက်တစ်အခြေခံဥပဒေနှင့် ရေရှည်တည်တံ့ခိုင်မြဲသော အခြေခံဥပဒေ ပေါ်ထွန်းစေလေဖြစ်သည်။

မြန်မာပြည်၏ သန်း(၅၀)သောလူထုက ဘန်ကောက်ဆွေးနွေးပွဲ (Bangkok process) အပေါ် စောင့်ကြည့်နေကြပြီး မြန်မာပြည်ပြုပြင်ပြောင်းလဲရေးတွင် ကမ္ဘာက မည်သို့ပါဝင်ကူညီမည်ကို သိလိုနေကြသည်။ နှစ်ပေါင်း (၄၀) ကျော် ပြည်တွင်းစစ်ပွဲများ တရစပ်ဖြစ်ပေါ်ခဲ့၍ တမျိုးသားလုံး ဒုက္ခပင်လယ်တွင်းမှရုန်းထွက်နိုင်စေရန်မှာ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ပါဝင်ဆောင်ရွက်မှုအများအပြားလိုအပ်နေပါသည်။ မယုံကြည်မှုများနှင့် တိုင်းပြည်မငြိမ်သက်သေးမှုများကြောင့် ဒီမိုကရေစီအသီးအပွင့် ဝေဝေဆာဆာဖူးပွင့်ခွင့်ကို စိတ်ကူးကြံစရာတွင် ဖွဲ့စည်းခါစ တာဝန်ခံမှုရှိသော အစိုးရသစ်အနေနှင့် အောင်မြင်ရှိနိုင်ဦးမည်မဟုတ်ပေ။ အမျိုးသားညီလာခံကြီးကို စစ်တပ်မှလွှမ်းမိုးထားကြောင်းနှင့် အမျိုးသားညီလာခံ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများသည် ဒီမိုကရေစီပေါ်ပေါက်ရေး ရည်မှန်းချက်ကို အဟန့်အတားဖြစ်စေသည့် တဖက်သပ်ရေးဆွဲထားမှုများဖြစ်ကြောင်း သတိပြုမိကြသည်။

မြန်မာပြည် အသွင်ကူးပြောင်းရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ အကူအညီသည် အကန့်အသတ်ဖြင့်သာရှိသည်။ ပိတ်ဆို့အရေးယူမှုများပြုလုပ်ခြင်း၊ အပြုသဘောဆောင်ဆက်ဆံခြင်းနှင့် ပေါင်းသင်းခြင်း၊ ဝိုင်းပယ်ခြင်း စသည့်နည်းဗျူဟာများအပါအဝင် များစွာသော ချဉ်းကပ်ကြိုးစားမှုများလုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ယခုအခါ အခြေအနေကို ပြန်လည်သုံးသပ်ရန်အချိန်ရောက်ပြီဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝန်းသည် မြန်မာ့စစ်အာဏာရှင်ပြဿနာကို ဖြေရှင်းနိုင်သည့် အခြေအနေရှိသော်လည်း တုံ့ဆိုင်းနေပေသေးသည်။ အဘယ့်ကြောင့်ဆိုသော် ကမ္ဘာ့ပြဿနာပေါင်းစုံထဲတွင် ပါဝင်ပတ်သက်နေရသည့် အမေရိ

ကန်ကိုသာ ပုံချပေးနေသောကြောင့်ဖြစ်သည်။ မကြာသေးမီတွင် ဘန်ကောက်ဆွေးနွေးပွဲဟု ခေါ်သည့် လုပ်ငန်းအစီအစဉ်စတင်ရန် သဘောထားများစုစည်းခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ထိထိရောက်ရောက်နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု ပြုလုပ်ရန်အတွက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့က ဒေသတွင်းဆွေးနွေးပွဲများကို တိုက်တွန်းခဲ့သည်။

## အာဖဂန်နစ္စတန် လေ့လာချက်

(တာလီဘန်မဟုတ်သည့်) ပါတီအစု (၄) စုမှ ဂျာမဏီနိုင်ငံ ဘွန်းမြို့သဘောတူစာချုပ်ကို ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လက်မှတ်ရေးထိုးခဲ့သည်။ (၆)လ ကြားကာလအတွက် ယာယီအစိုးရအဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ သဘောတူညီချက်အရ ပထမအဆင့်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် ရေးဆွဲရေးအတွက် ညီလာခံ (Loya Jirga) ကို၂၀၀၂ ဂျွန်လတွင် ကျင်းပရန်၊ ဒုတိယဆင့်အနေဖြင့် ညီလာခံမှ အစိုးရသစ်ဖွဲ့စည်းမှုပုံစံ ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလအကုန်တွင် ရေးဆွဲပြီးစီးရန်၊ ၂၀၀၄ ခုနှစ် အလယ်ပိုင်းတွင် တနိုင်ငံလုံးရွေးကောက်ပွဲကျင်းပပြီး ပုံမှန်အစိုးရဖွဲ့စည်းရန်ဖြစ်သည်။ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလ ဂျပန်နိုင်ငံတွင်ကျင်းပသည့် အလှူရှင်များအစည်းအဝေးမှ နိုင်ငံပြန်လည်ထူထောင်ရေးအတွက် အကူအညီများပေးသွားရန် သဘောတူညီခဲ့ကြသည်။ အလှူရှင်များက အလုပ်ဖြစ်မည့် အစိုးရအဖွဲ့ပေါ်ပေါက်ရေးကို အဓိကထားသည်။ အသွင်ကူးပြောင်းခြင်းအတွက် လမ်းကြောင်းမှာ သဘောတူညီချက်နှင့် အချိန်သတ်မှတ်ချက်ဖြစ်ကြောင်း သတိပြုမိမည်ဖြစ်သည်။ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တလျောက် ဝေဖန်မှုများရှိနေလင့်ကစား အာဖဂန်နစ္စတန်နိုင်ငံသည် ရှေ့သို့တက်လှမ်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ထိုနည်းတူ တထပ်တည်းလုပ်ဆောင်သင့်သည်ဟု အကြံပြုနေခြင်းမဟုတ်ပေ။ ဖြစ်နိုင်မည်လည်းမဟုတ်ပေ။ နှစ်နိုင်ငံအခြေအနေခြင်းလည်း အခြေခံအားဖြင့် များစွာခြားနားသည်။ ပြောလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်သည် အသွင်ကူးပြောင်းရေးလုပ်ရှားမှုအား အားဖြည့်ပေးရန် အရေးကြီးကြောင်း ပြောလိုခြင်းဖြစ်သည်။ အခြေခံဥပဒေအား မည်သို့ပင်ကောင်းအောင် ရေးဆွဲထားစေကာမူ၊ လုပ်ငန်းစဉ်တွင် အနာအဆာများပြည့်နှက်နေပါက ကျင့်သုံးဆောင်ရွက်မှုတစုံလုံး ပျက်စီးသွားပေမည်။ မတည်ငြိမ်မှုများနှင့်ကြုံရမည်၊ အရှုပ်အထွေးများဖြစ်ပေါ်ပေလိမ့်မည်။

Loya Jirga ကို လူဦးရေအပေါ်အခြေခံသည့် ကိုယ်စားလှယ်အရေအတွက် များနိုင်သမျှများစေရန် စီမံထားသည်။ ပြည်နယ် (၃၇) ခု၊ အုပ်ချုပ်ရေးခရိုင် (၃၇၀) ခရိုင်များမှ တိုက်ရိုက်ရွေးချယ်ထားသည့် ကိုယ်စားလှယ်ပေါင်း (၁၀၅၁) ဦးဖြင့် လုပ်ငန်းစခဲ့သည်။ တစ်ခရိုင်လျှင် အနည်းဆုံး ကိုယ်စားလှယ်တဦးကျ ရရှိရမည်ဟု အာမခံထားသည်။ ပထမ အဆင့်ရွေးချယ်မှုတွင် ဖော်ပြပါ ခရိုင် သို့မဟုတ် ရပ်ကွက်များမှ အရွယ်ရောက်ပြီး မဲပေးခွင့်ရှိသူ အမျိုးသမီးနှင့် အမျိုးသားများထဲမှ (၂၀) ဦးနှင့် (၆၀) ဦးအကြား ရွေးချယ်သူ (electors) များကို ရွေးချယ်ရန်ဖြစ်သည်။ ရက်သတ္တပတ်အနည်းငယ်အကြာတွင် အရွေးချယ်ခံထားရသူများက သတ်မှတ်

ထားသော ကိုယ်စားလှယ်အရေအတွက်ကို ၎င်းတို့အထဲမှ ၎င်းတို့ဖာသာ ညီလာခံကိုယ်စားလှယ်များအဖြစ် ရွေးချယ်ရန်ဖြစ်သည်။ ရွေးကောက်ပွဲကိုစီမံဆောင်ရွက်ရန် အဓိကမြို့ကြီးတမြို့စီကိုဗဟိုပြုလျှက် တနိုင်ငံလုံးတွင် အပိုင်း (၉) ပိုင်းခွဲခြားထားသည်။ ရွေးကောက်ပွဲကိုပထမဆင့်နှင့် ဒုတိယဆင့်ဟူ၍ နှစ်ပိုင်းခွဲပြီးကျင်းပရန် အဆိုပါဒေသတခုစီတွင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ တဖွဲ့စီထားရှိသည်။ အဆိုပါအဖွဲ့ တဖွဲ့စီကို (၂၁) ဦးပါ Loya Jirga ရှိကော်မရှင်၏ အဖွဲ့ဝင်များကဦးဆောင်ပြီး အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂ၏ အကူအညီပေးရေးအဖွဲ့အရာရှိများက အကူအညီပေးသွားကြမည်ဖြစ်သည်။ ဖွဲ့ဝင်(၂၇) ဦးပါ နိုင်ငံတကာစောင့်ကြည့်လေ့လာသူများကိုလည်း နိုင်ငံအနှံ့စေလွှတ်ထားပြီး လိုအပ်သည့်လမ်းညွှန်မှုများနှင့် အကူအညီများပေးသွားရန်ဖြစ်သည်။

ပထမအဆင့်နှင့် ဒုတိယဆင့် ရွေးကောက်ပွဲများကို ၂၀၀၂ ခုနှစ်၊ ဧပြီလနှောင်းပိုင်းတွင် စတင်ကျင်းပပြီး ၂၀၀၂ ခုနှစ်၊ ဂျွန်လအစောပိုင်းတွင် ဆက်လက်၍ ပြုလုပ်သွားမည်ဖြစ်သည်။ ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ် (၁၀၅၁) ဦးအပြင် (၃၉၉) ဦးနေရာကို ယာယီအစိုးရအဖွဲ့မှ အဖွဲ့ဝင်များအတွက် လျာထားသည်။ အာဖဂန်နစ္စတန်နိုင်ငံပြင်ပတွင် ရောက်ရှိနေသည့် ဒုက္ခသည်များ၊ နိုင်ငံအတွင်း ရွှေ့ပြောင်းနေထိုင်သူများ (အိုင်ဒီပီ)၊ အမျိုးသမီးများ၊ လှည့်လည်သွားလာသူလူမျိုးများ၊ ဘာသာရေးနှင့် လူမှုအဖွဲ့အစည်းများမှ ထင်ရှားသူ စသည်တို့အတွက် ကိုယ်စားလှယ်ဦးရေနေရာ (၁၀၀) အာမခံထားသည်။ ညီလာခံ၏ ကိုယ်စားလှယ်စုစုပေါင်း (၁၄၅၀) ဦး စီမံလျာထားသည်။ သို့သော် သမတကာဇိုင်း **(Karzai's)** ၏ ရွေးကောက်ပွဲဝင်မည့်အကြောင်းကို ကော်မရှင်က နောက်ဆုံးအချိန်ကျမှ ထုတ်ပြန်ပေးခဲ့သည်။ ထို့ကြောင့် စုစုပေါင်းကိုယ်စားလှယ်သည် (၁၆၀၀) ကျော်ဖြစ်သွားခဲ့သည်။ ဤတွင် အဓိကကျသောအချက်များမှာ သဘောတူညီချက်ရှိခြင်း၊ ကိုယ်စားပြုလွှတ်တော်ရှိခြင်းနှင့် အခြေခံဥပဒေရေးဆွဲရေး ပထမအဆင့်တွင် ပွင့်လင်းမှုရှိခြင်းတို့ဖြစ်သည်။

## အီရတ်နိုင်ငံ၏ အခြေအနေလေ့လာ

မြန်မာနိုင်ငံနှင့်အီရတ်နိုင်ငံတို့သည် ခက်ခဲသည့်ပြဿနာများရှိခဲ့ကြသည့်မတူညီသော လူမှုအသိုင်းအဝန်း၊ မတူညီသောနိုင်ငံနှစ်နိုင်ငံဖြစ်သည်။ သို့သော်လည်း မြန်မာပြည်နှင့် အရေးကြီးသောဆက်စပ်မှုမှာ အီရတ်နိုင်ငံတွင်လုပ်ဆောင်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပုံဖော်သည့်လုပ်ငန်းစဉ်မှာ တိုးတက်မှုမြန်ဆန်နေခြင်းပင်ဖြစ်သည်။ ဤဆောင်းပါးသည် နိုင်ငံရေးအရ ဆန္ဒရှိလျှင် အချိန်၏အရေးကြီးပုံကို မီးမောင်းထိုးပြလိုခြင်းဖြစ်သည်။

မြန်မာပြည်တွင် ၁၉၉၀ ခုနှစ်၊ မေလရွေးကောက်ပွဲရလဒ်ကြေညာအပြီး နှစ်အတော်ကြာမှ ၁၉၉၆ ခုနှစ်၊ ဇွန်လ အမျိုးသားညီလာခံဖိတ်ကြားသည့်အချိန်မှ ဖွဲ့စည်းပုံအခြေခံဥပဒေလုပ်ငန်းစဉ်ကို စတင်သည်ဆိုပါစို့။ ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲကျင်းပတိုင်း ဖြစ်ပေါ်လာသောရလဒ်နှင့်အညီ အုပ်ချုပ်ရေးတွင် ပြုပြင်ပြောင်းလဲရမည်ဖြစ်သည်။ မြန်မာပြည်တွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသေး၍ အာဏာလွှဲပြောင်းမှု မလုပ်နိုင်ကြောင်း စိန်ခေါ်လျှက်ရှိသည်။ အကယ်၍ ဤသည်မှာ ဥပဒေအရ ခိုင်မာသည်ဆိုလျှင် အရွေးချယ်ခံခဲ့ရသည့်

ကိုယ်စားလှယ်များက ဘာလုပ်ရမည်နည်း။ (၁၃) နှစ် ကြာမြင့်သည်အထိ ယခုလို သောင်မတင်ရေမကျ ထားခြင်းသည် ပြည်သူလူထု၏ အသိဥာဏ်ကို စော်ကားရာရောက်ပေသည်။ တဖက်သတ်ရွေးချယ်ထားသော ကိုယ်စားလှယ်များဖြင့် လူကြားကောင်းရုံ ရုပ်ပြသက်သက် အမျိုးသားညီလာခံကို ကျင်းပခဲ့သည်။

အီရတ်နိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့် ဆုံးဖြတ်ချက်များချနိုင်ခွင့်အာဏာ ပေးအပ်ထားသည့် (၂၅)ဦးပါ အီရတ်အုပ်ချုပ်ရေးကောင်စီ (အိုင်ဂျီစီ)ကို ယာယီညွန့်ပေါင်းအာဏာပိုင်အဖွဲ့က ခန့်အပ်ခဲ့သည်။ ဝန်ကြီးဌာနများကို နည်းစနစ်ကျနစွာ စီမံခန့်ခွဲနိုင်ရန် (၂၅) ဦး ကက်ဘိနက်အဖွဲ့ဟုအမည်ပေးထားသည်။ အီရတ်အုပ်ချုပ်ရေးကောင်စီကို ဝါရင့်အမေရိကန်သံတမန်ပေါလ်ဘရီမာ **(Paul Bremer)** က ဗီတိုအာဏာဖြင့်ကိုင်ထားသည်။ သို့သော် ထိုအာဏာကို အသုံးမပြုခဲ့ပေ။ ဤအရာသည် အရေးကြီးပေသည်။ အဘယ့်ကြောင့်ဆိုသော် အာဏာကိုင်ထားသူနှင့် ကက်ဘိနက်တို့အကြား ပဋိပက္ခဆန်သော ဆက်ဆံမှုမျိုးကို မရှိ၍ဖြစ်သည်။ လက်တွေ့ကျနိုင်သမျှ ထည့်သွင်းပါဝင်စေခြင်းတည်းဟူသောမူကို လိုက်နာ၍ ဆောင်ရွက်လျက်ရှိသည်။ အီရတ်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းမှူးသည်ပင်လျှင် အဖွဲ့ဝင်အဖြစ်ပါဝင်စေသည်။

အီရတ်အုပ်ချုပ်ရေးကောင်စီသည် တရားဥပဒေအရ တရားဝင်မှုလျော့နည်းသော်လည်း ယာယီညွန့်ပေါင်းအာဏာပိုင်အဖွဲ့က **(IRC)** ၏အကြံပြုမှုကို လက်ခံခဲ့သည်။ ထို့အပြင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နိုင်ငံရေးအစီအစဉ်များနှင့် (အိုင်ဂျီစီ) ၏ စဉ်းစားချက်များဖြစ်သော အခြေခံဥပဒေနှင့်အညီ ပုံဖော်မှုကိုသဘောတူခဲ့သည်။ ကက်ဘိနက်အဖွဲ့သည်လည်း ၎င်း၏လုပ်ငန်းဆောင်တာများကို (စီပီအေ)၏ စွက်ဖက်မှုကင်းစွာဖြင့် ဆက်လက်လုပ်ကိုင်သွားပေသည်။ အီရတ်တွင် ဒေသကိုယ်ပိုင်အုပ်ချုပ်ရေးအဖွဲ့အမြောက်အမြားနှင့် လူထုအဖွဲ့အစည်းအမြောက်အမြားရှိသည်။ ရွေးကောက်ပွဲနည်းလမ်းကို ရှောင်လွှဲလျက် အများသဘောတူသည့်နည်းဖြင့် ရွေးချယ်ထားသော အုပ်ချုပ်ရေးကောင်စီများကို ဖွဲ့စည်းခဲ့ကြသည်။ ဘတ်ဒရတ် **(Baghdad)** မြို့နှင့် ပတ်ဝန်းကျင်တွင် အဖွဲ့ဝင် (၃၇) ဦးပါဝင်သည့် အုပ်ချုပ်ရေးအဖွဲ့ပေါင်း (၈၈) ဖွဲ့ရှိသည်။ အဓိက အနေအထားတရပ်မှာ တပ်စွဲထားသော စစ်တပ်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်ချုပ်ချယ်ထားခြင်းမရှိပေ။ ထို့ကြောင့် မကြုံဖူးလောက်အောင် ပွင့်လင်းသည့်ဆွေးနွေးမှုများနှင့် လူထုပါဝင်ပတ်သက်မှုများ ပြားသည့်အနေအထားရှိသည်။ အီရတ်နိုင်ငံတွင် အနည်းဆုံး နိုင်ငံရေးပါတီပေါင်း (၂၀) ရှိသည်။ အီရတ်ပြည်သူများကို တချိန်က ဖမ်းဆုပ်ထားသည့် ဗါတ်ပါတီ **(Bath Party)** ၏ အတွေးအခေါ်အယူအဆသည်လည်း ပျောက်တိပျောက်ကျား ခုံခံတိုက်ခိုက်နေသည့် သူပုန်များမှအပ အီရတ်ပြည်သူများထံက ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။

ဆတ်ဒမ်ဟူစိန် ထိန်းချုပ်ထားခဲ့သော အုပ်ချုပ်ရေးအဖွဲ့အစည်းသည်လည်း ပြိုပျက်သွားခဲ့ချေပြီ။ လူဟောင်းများကိုထုတ်ပယ်၍ လူသစ်များဖြင့်အစားထိုးခန့်အပ် ဆောင်ရွက်စေသည်။ နိုင်ငံ အနာဂတ်အတွက် မျှော်လင့်ချက်ပေးသည့် နိုင်ငံရေးအသိတရားများကို အီရတ်ပြည်သူများအကြား ဆွေးနွေးလာနေကြသည်။ အီရတ်နိုင်ငံသည် စစ်တလင်းဖြစ်၍ ပျက်စီးခဲ့ရသော်လည်း အာဏာရှင်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် မကျော်လွှား

နိုင်သေးသော အတားအဆီးများရှိနေသေးသော်လည်း ခြေလှမ်းမှန်မှန်ဖြင့် တက်လှမ်းနေပေသည်။ မြန်မာနိုင်ငံထက် အခြေအနေ အနေအထားသာလွန်ပေသည်။

ဒီနေရာတွင် နိုင်ငံရေးအရ လစ်ဟာမှုမရှိချေ။ နိုင်ငံရေးလုပ်ဆောင်သူများသည် နိုင်ငံရေးဆန္ဒ ပိုမိုပြသကြရမည်။ အဓိကမှာ ပွင့်လင်းသည့်လူထုဆွေးနွေးပွဲများနှင့် နိုင်ငံသားများ ပါဝင်ပါတ်သက်မှုရှိစေရန် အရေးကြီးပေသည်။ အီရတ်နိုင်ငံရေးပါတီများက ယာယီပဋိညာဉ်တရပ်ကို အတည်ပြုလက်မှတ်ထိုးခဲ့ကြကြောင်း မကြာသေးမီသတင်းများမှ အတည်ပြုခဲ့ကြသည်။ သို့သော် ပျက်စီးလုနီးနီးဖြစ်ခဲ့သည်။ ဖိဝ ရာခိုင်နှုန်းရှိသော ရှိယား **(Shiites)** လူမျိုးများက လူနည်းစုကာဒ်တ် **(Kurd)** အုပ်စုကို အာဏာအများအပြား ပေးထားသည်ကို ကန့်ကွက်နေကြသည်။ "ဒီဥပဒေမှာ လူတိုင်းက သူတို့လိုချင်တာတွေကိုတော့ ရမှာမဟုတ်ပါဘူး သို့သော်လည်း ဒီမိုကရေစီဟာ ဒီလိုပါဘဲ" ဟု မစ္စတာ ဘာနာ **(Burner)** က ပြောသည်။ ဤလုပ်ဆောင်မှုသည် အီရတ်အစိုးရကို အချုပ်အခြာအာဏာလွှဲပြောင်းပေးရေးအတွက် အဓိကအဟန့်အတားဖြစ်သည်မှာ ရှင်းပါသည်။ အာဏာရှင်အုပ်ချုပ်ရေးအောက်တွင် ဆယ်စုနှစ်ပေါင်းများစွာ နေခဲ့ရပြီးနောက်ပိုင်း ဤယာယီ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြေခံလွတ်လပ်မှုနှင့် လူ့အခွင့်အရေးအကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားသည်။ အီရတ်ကိုသိမ်းပိုက်ထားသည့်တပ်များ မထွက်ခွာသေးသည့်အတွက် အချုပ်အခြာအာဏာကိစ္စမှာ အရေးကြီးသည့်ကိစ္စရပ်အဖြစ် ကျန်နေသေးသည်။ ကမ္ဘာ့ကုလသမဂ္ဂ အီရတ်ကိစ္စတွင် တာဝန်ယူခြင်းမရှိပါ။

## အာဖရိကန်ဒီမိုကရေစီ

အာဖရိကန်ပြည်သူ့လွှတ်တော်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၅၀) ဦး၊ ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူထုအဖွဲ့အစည်း၊ အသိပညာရှင်၊ အတတ်ပညာရှင်များစသည်တို့သည် ၂၀၀၃ ခုနှစ်၊ ဧပြီလတွင် ဆွေးနွေးပွဲတရပ်ကျင်းပခဲ့ကြသည်။ ဆွေးနွေးပွဲမှ အခြေခံဥပဒေဆိုင်ရာနှင့် ဥပဒေဆိုင်ရာအခြေခံများ၊ ရွေးကောက်ပွဲစနစ်၊ နိုင်ငံရေးပါတီ၊ ရွေးကောက်ပွဲနှင့်ဆက်စပ်သည့် ပြဿနာများ၊ ရွေးကောက်ပွဲလေ့လာ စောင့်ကြည့်ရေးနှင့် ရွေးကောက်ပွဲလုပ်စဉ်များနှင့် သက်ဆိုင်သောမူများပါသည့် ကြေညာချက်တရပ်ကို ထုတ်ပြန်ခဲ့သည်။ ထို့အတူ အကြံပြုချက်ကိုလည်း ကြေညာချက်တွင်ဖော်ပြခဲ့သည်။ ပြဿနာများကို ဖြေရှင်းရန် ထိုကဲ့သို့သော လူအများအပြားပါဝင်သည့် ညီလာခံမျိုး အထူးသဖြင့်မြန်မာနိုင်ငံတွင် လိုအပ်ပါသည်။

အမျိုးသားညီလာခံသည် အနာဂတ်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့သော် အနာဂတ်အခြေခံဥပဒေကို ရေးဆွဲနေခြင်းမဟုတ်ပါ။ အခြေခံဥပဒေအစား တဖက်သတ်ကျသော အခြေခံမူ ၁၀၄ ချက်ဟုခေါ်သည့် အခြေခံမူကိုသာ ရေးဆွဲဖော်ထုတ်လာသည်။ အမျိုးသားညီလာခံမှာလည်း ရှေ့ဆက်လုပ်ဆောင်နိုင်ခြင်းမရှိပေ။ စစ်အစိုးရရင်ဆိုင်နေရသောပြဿနာမှာ ဤအခြေခံမူ ၁၀၄ ချက်အပေါ် မည်ကဲ့သို့သော အခြေခံဥပဒေကို ရေးဆွဲမည်ဟူသော ပြဿနာပင်ဖြစ်သည်။ ရှေ့မတိုးသာနောက်မဆုတ်သာဖြစ်

နေသည်။ အခြေခံဥပဒေကို မည်သူတို့ရေးဆွဲသနည်း၊ လုပ်ငန်းအဖွဲ့သစ်ကို မည်သူတို့ဖွဲ့စည်းသနည်း၊ ထိုအဖွဲ့ကို တရားဝင်အခြေခံဥပဒေရေးဆွဲရေး အာဏာအပ်နှင်းရန် မည်သည့်လုပ်ပိုင်ခွင့်များလိုအပ်သနည်း။ ဤပြဿနာ ဝဲဩဂကြီးအောက်တွင် စစ်အစိုးရမှ အခြေအနေတစ်ခုလုံးကို ဖေါ်ဆောင်ခဲ့သည်၊ မြင်တွေ့နေရသည်။

ဖွဲ့စည်းပုံရေးဆွဲရေးလုပ်ငန်းစဉ်တွင် အောက်ပါလက္ခဏာများ ပါဝင်ရမည်ဖြစ် ကြောင်း အထက်ပါလေ့လာချက်များက ဖော်ပြလျက်ရှိသည်။

၁။ ဒီမိုကရေစီနည်းကျ ဆွေးနွေးမှုများ၊ အငြင်းအခုံပြုမှုများရှိရမည်။ ပြည်သူများကို ရှင်းပြရမည်။

၂။ လုပ်ငန်းစဉ်တွင် မတူကွဲပြားသည့် လူမျိုးစုများ၊ လူနည်းစုများနှင့် အခြားအုပ်စုများ ပါဝင်စေရမည်။

၃။ ပွင့်လင်းမှုရှိရမည်၊ တိုးတက်မှုအဆင့်အားလုံးကို လူထုအားအသိပေးရမည်။

၄။ ကိုယ်စားလှယ်များသည် ဆုံးဖြတ်ချက်ချနိုင်သည့် အာဏာရှိရမည်။

၅။ အများသဘောတူသည့် မူများကိုလိုက်နာရမည်။

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရန်အတွက် တရားဝင်ကော်မတီတခု ဖွဲ့စည်းရမည်။

၇။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန္ဒခံယူပွဲဖြင့် ပြည်သူများ၏ လုပ်ပိုင်ခွင့်အရ အတည်ပြုလက်ခံရမည်။

၈။ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ထွေထွေရွေးကောက်ပွဲကျင်းပရမည်၊ ထိုနောက် ပါလီမန်လွှတ်တော်ဖွဲ့စည်းရမည်။

၉။ ရွေးကောက်ပွဲ၏ လုပ်ပိုင်ခွင့်အရ အာဏာလွှဲပြောင်းပေးအပ်ရမည်။

၁၀။ ရွေးကောက်ပွဲတွင် အများဆုံး အနိုင်ရသူမှအစိုးရဖွဲ့ရမည်။

အာဖဂန်နစ္စတန်ကဲ့သို့ နိုင်ငံသည်ပင်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး ဒီမိုကရေစီကျင့်သုံးမှုလုပ်ငန်းစဉ်ကို လိုက်နာကြသည်။ ထိုလုပ်ငန်းစဉ်ကို ပြုပြင်ပြောင်းလဲရေးတွင် ပါဝင်ဆောင်ရွက်သူများက ဘွန်းသဘောတူစာချုပ် **(Bonn Accords)** တွင် ထည့်သွင်းဖော်ပြခဲ့သည်။ ထိုသဘောတူညီချက်ကို တဖက်သတ်ရေးဆွဲဆုံးဖြတ်ထားသော အရာမဟုတ်ပေ။ မည်သည့်ကစားပွဲတခု၏ စည်းမျဉ်းစည်းကမ်းကိုမှ အသင်းတသင်းတည်းက ဆုံးဖြတ်၍မရနိုင်ပေ။ ထိပ်တိုက်ရင်ဆိုရမည့် အခြားခက်ခဲသည့် ပြဿနာတရပ်မှာ အသွင်ကူးပြောင်းရေး အစိုးရကို မည်သို့ဖွဲ့စည်းရမည်ဆိုသည်ပင်ဖြစ်သည်။ အာဏာခွဲဝေယူရေးနည်းကို စီစဉ်မည်လား၊ ကြားကာလတွင် တရားဝင်မှုရှိစေသည့် ယာယီအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့မည်လား။ နောက်ဆုံး အမျိုးသားညီလာခံမှ လိုက်နာနေသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများမှာ တရားနည်းလမ်းကျသလားဟူ၍ မေးမြန်းနေကြပါသည်။ ပထမဦးဆုံးအနေဖြင့် လုပ်ဆောင်ရမည်မှာ ဤအခြေခံစည်းမျဉ်းများကို ပြောင်းလဲပစ်ရန်လိုအပ်သည်။ လမ်းညွှန်ချက် (၇) ချက်တည်းဟူသော စည်းချက်ကိုတီး၍ ချီတက်ရုံသက်သက်မျိုးမလုပ်သင့်တော့ပါ။ အတိတ်က သင်ခန်းစာကိုမယူခဲ့သည်မှာ ထင်ရှားပေသည်။ သင်ခန်းစာမယူလျှင် ဘန်ကောက်ဆွေးနွေးပွဲလုပ်ငန်း

စဉ်တွင် တင်ပြခဲ့သောအခွင့်အလမ်းများသည် အချည်းနှီးဖြစ်သွားပေလိမ့်မည်။ တိုင်းပြည်၏ ခါးသီးသော ကြေကွဲဘွယ်ရာကာံကြမ္မာ ပေါ်ပေါက်လိမ့်မည်။ ထိုကံကြမ္မာကား ရေရှည်ပေလိမ့်မည်။

အမျိုးသားညီလာခံသည် သဘောတူထားသော ဖွဲ့စည်းပုံဆိုင်ရာမူများကို ရေးဆွဲခြင်းဖြစ်ရာ ၎င်းမူများသည် အခြေခံဥပဒေမဟုတ်ပါ။ သို့ဖြစ်လျှင် အပြီးသတ်အခြေခံဥပဒေကို ရေးဆွဲနိုင်စွမ်းသောအဖွဲ့ကား မည်သည်တို့နည်း။ မူများချမှတ်ရန်ခေါ်ယူထားသော ဤအမျိုးသားညီလာခံသည်ကား အခြေခံဥပဒေရေးဆွဲရန်မဟုတ်ပေ။ အကယ်၍ ဤအမျိုးသားညီလာခံသည် မူချမှတ်ရန်ဟူသောဘောင်ကို ကျော်လွန်ပါက တရားမဝင်ပါ။ ပျက်ပြယ်ပေသည်။ စစ်အစိုးရသည် ဤရှေ့မတိုးသာနောက်မဆုတ်သာအခြေအနေကို မရှင်းနိုင်ပေ။

စစ်အစိုးရသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရှောင်ကွင်းပြီး ပြဿနာများကို ဖြေရှင်း၍မရနိုင်ပေ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်က စစ်အစိုးရအဖို့ ပြမ္မာဦးခေါင်းရွက်ထားရသလိုဖြစ်နေသည်။ အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်သည် အခြေခံဥပဒေနည်းကား လမ်းမတူဘဲ တရားဝင်မှုကင်းမဲ့လျက်ရှိသည်။ တခုတည်းသောနည်းလမ်းကတော့ ပြည်သူက လုပ်ကိုင်ခွင့်ပေးထားသူများနှင့် ညှိနှိုင်းပြီး အစီအစဉ်သစ် (New road map) ကိုဖော်ဆောင်ရန်ဖြစ်သည်။ အစီအစဉ်သစ်သည် မပျက်ပြယ်သေးသော ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ၏ အခြေခံမူများပေါ်တွင်တည်ရမည်။

▲ ▲ ▲

ဖက်ဒရယ်ရေးရာ

# ဖက်ဒရယ်စနစ်နှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တွေးဆချက်အချို့

ဒေါက်တာဖဲန်းခက်အိုင်ယာ

ဆယ်စုနှစ်ပေါင်းများစွာကတည်းက ကမ္ဘာတခွင် တိုင်းရင်းသားလူမျိုးအဖွဲ့စည်းတို့ စိန်ခေါ်နေမှု၏အဖြေမှာ ဖက်ဒရယ်စနစ်ဟုယူဆကြသည်။ အချို့အခြေအနေတွင် ထိုအယူအဆမှာ အလုပ်ဖြစ်ပြီး အချို့အခြေအနေများတွင် အလုပ်မဖြစ်ပေ။ အလုပ်မဖြစ်ရသည့် အကြောင်းမှာ ယေဘုယျအားဖြင့် လိုအပ်ချက်များနှင့် အစီအစဉ်တကျ ပျက်ယွင်းမှုများကြောင့်ဖြစ်သည်။

မှတ်တမ်းများမည့်သို့ရှိသည်ဖြစ်စေ စစ်အေးကာလမတိုင်မီ ထူးခြားသောလက္ခဏာဆောင်သည့် လူမျိုးစုတင်းမာမှုနှင့် အမျိုးသားရေးဝါဒီများ၏ ကျယ်ကျယ်ပြန့်ပြန့် ပွင့်အံ့မှုကြောင့် ဖက်ဒရယ်အယူအဆပေါ်ပေါက်လာသည်မှာ သံသယမရှိပေ။ အချို့ကိစ္စများတွင် ဖိနှိပ်ခံရသောလူမျိုးများနှင့် အခြားကွဲပြားသူများအတွက် သဟဇာတရှိရှိနေနိုင်ရန်၊ သင့်လျော်အောင်ဖန်တီးပေးရန် နည်းလမ်းများရှာဖွေကြရာတွင် သွေးစွန်းသော ပဋိပက္ခများဖြစ်ပွားခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုပေါင်းနှင့် ယူဂိုဆလာဗ်ပြည်ထောင်စုပေါင်းကိုကြည့်လျှင် အလွယ်တကူမြင်နိုင်သည်။

ပြည်ထောင်စုသည် စည်းနှောင်အားရှိပါက မတူကွဲပြားမှုအတွင်း ညီညွတ်မှုကိုဖန်တီးနိုင်သည်။ ပြည်ထောင်စုသည် ခွဲထွက်ရေးဆီသို့ ပထမခြေလှမ်းလည်းဖြစ်နိုင်သည်။ ထင်ရှားသော ဝေဖန်သုံးသပ်သူတဦး၏ မကြာသေးမီကထုတ်ဝေသည့်စာအုပ်တွင် “လူမျိုးစုံပြည်ထောင်စုနိုင်ငံများ၏ အပြုသဘောဆောင်သည့်သဘာဝအရ ပြည်နယ်နှင့် လူမျိုးစုနယ်နိမိတ်များ တထပ်တည်းကျပါက ထိုနိုင်ငံများတွင် အမျိုးသားရေးဝါဒနိုင်ငံရေးဖြစ်သည့် နစ်နာမှုကို မီးမောင်းထိုးလျက် လွတ်လပ်ရေးအပါအဝင် နယ်မြေအလိုက် အာဏာပြန်လည်ခွဲဝေရေးကို တနည်းမဟုတ်တနည်း တောင်းဆိုသည့်လှုပ်ရှားမှုများအား ရံဖန်ရံခါမျှသာ ဖက်ဒရယ်နိုင်ငံရေးအဝန်းအဝိုင်းမှ ဘေးဖယ်ထားကြသည်။”

ထိုကြောင့် ပေးထားသောစီရင်ပိုင်ခွင့်အတွင်း၌ ဖက်ဒရယ်တည်းဟူသောအဖြေသည် အလုပ်ဖြစ်မည်မဖြစ်မည်မှာ အကြောင်းအချက်များစွာပေါ်တွင် မူတည်သည်။ အနည်းဆုံး

ဖက်ဒရယ်အစီအမံ၏ သဘောသဘာဝများ၊ သက်ဆိုင်ရာအဖွဲ့ဝင်များ ကျင့်သုံးသည့် စနစ်၏ မျှတမှုနှင့် ပြည်ထောင်စုအဆင့်ခေါင်းဆောင်များနှင့် ပြည်နယ်အဆင့်ခေါင်းဆောင်များ၏ နိုင်ငံရေးကျေညက်မှုအဆင့်များပေါ်တွင် မူတည်သည်။ ပြည်ထောင်စုအဖွဲ့ဝင်ဖြစ်ခြင်းသည် အကျိုးမယုတ်ဟု မြင်နေသမျှကာလပတ်လုံး ဖက်ဒရယ်စနစ်အောင်မြင်ရေး၏ အခွင့်အလမ်း ပင်ဖြစ်သည်။

## ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

ဖက်ဒရယ်ပြည်ထောင်စုစနစ်သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ တခုတည်းသော ကျယ်ပြန့်သည့်မေးခွန်းဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့လူမျိုးစုံရှိသည့် လူ့အဖွဲ့အစည်း၏ အနာဂတ်အရေးကိုဆွေးနွေးရာ၌ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိစ္စကို ထည့်သွင်းစဉ်းစားလျှက် ဤဆောင်းပါးသည် တစုံတရာအငြင်းပွားဘွယ် အယူအဆများ ဝိုင်းရံနေသော ဥပဒေဆိုင်ရာပြဿနာများကို ကြိုးပမ်းစိစစ်သွားမည်ဖြစ်သည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်စပ်လျဉ်း၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် ယခုအချိန်အထိ မပြတ်သားသေးသော အယူအဆဖြစ်ကြောင်း ဦးစွာပထမမှတ်သားရမည်ဖြစ်သည်။ ပညာရှင်တစ်ဦးက “ငြင်းလို့လည်းမရ၊ အတိအကျသတ်မှတ်လို့ လည်းမရနိုင်သည့် သာမန်မျှဖြစ်သော ရည်မှန်းချက်များထဲမှ တစ်ခုသာဖြစ်သည်” ဟုဆိုသည်။ သို့သော် အရေးပါသော နိုင်ငံတကာစာချုပ်စာတမ်းများထဲတွင် အသားပေးလာနေသည်။ ထို့အပြင် ကမ္ဘာ့နိုင်ငံရေးတွင် ကျယ်ကျယ်ပြန့်ပြန့်သုံးနေသည့် လှုံ့ဆော်ရေးဆောင်ပုဒ်ကြီးတခုဖြစ်လာနေသည်။ လူမျိုးစုသီးခြားလက္ခဏာရှိမှုအပေါ် ကိုယ်ပိုင်နိုင်ငံအဖြစ်တောင်းဆိုနေကြသည့် အသီးသီးသော ခွဲထွက်ရေးသမားများကလည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တိုး၍တိုး၍ အသုံးချလာကြသည်။

ထိုတောင်းဆိုချက်များသည် ဥပဒေအရ မည်မျှယုတ္တိတန်သနည်း။ ဤမေးခွန်းအတွက် လွယ်ကူသောအဖြေမရှိပေ။ ယေဘုယျပြောကြားရာတွင် အမျိုးသားလက္ခဏာ၊ လူမျိုးစုလက္ခဏာမှာ နိုင်ငံတခုအတွက် အခြေခံအဖြစ် အပြည်ပြည်ဆိုင်ရာဥပဒေတွင် များများစားစားထောက်ခံပြောဆိုထားမှုမတွေ့ရပေ။ “မကြာသေးမီ ဆယ်စုနှစ်များက အပြည်ပြည်ဆိုင်ရာဥပဒေသည် ကျယ်ကျယ်ပြန့်ပြန့်အမြင်နှင့် လူမျိုးအစွဲ နိုင်ငံအစွဲမထားမှု၊ နိုင်ငံများ၏လွတ်လပ်မှုအမြင်၊ ၎င်းတို့နှင့် နိုင်ငံသားများ၏ဆက်ဆံရေး၊ အခြားသူများနှင့်၎င်းတို့၏ ဆက်ဆံရေးစသည်တို့ကို ထွေးပိုက်ထားသည်။ နိုင်ငံများအတွင်း ဗဟုဝါဒကို အလေးထားခြင်းသည် ထိုအတွေးအမြင်၏ အစိတ်အပိုင်းဖြစ်သော်ငြားလည်း လွတ်လပ်မှုအပြည်ပြည်ဆိုင်ရာဝါဒီ (liberal internationalist) များက ပြည်သူ့ညီမျှမှုဟူသော လစ်ဗရယ်ရီပတ်ဗလစ်ကန် တန်ဖိုးကိုအလေးထားလျှက် လူမျိုးစုထူးခြားမှုကို (နိုင်ငံရေးတရားဝင်မှု၏ စည်းရုံးရေးမူတရပ်ဖြစ်သောကြောင့်) လက်မခံခဲ့ကြပေ။ အလားတူပင် စစ်ပြီးခေတ်ဆယ်စုနှစ်များအတွင်း ကမ္ဘာ့လူ့အခွင့်အရေးမူများကို ကမ္ဘာလုံးဆိုင်ရာစံအနေနှင့် လူမျိုးစွဲ၊ နိုင်ငံစွဲမထားသည့်အယူအဆကို အခိုင်အမာဖြစ်လာစေခဲ့သည်။ ထို မူ များသည် ခေတ်မမီတော့သည့် အမျိုးသာရေးဝါဒီ၏ အမြင်ကျဉ်းမြောင်းမှုကို ဖယ်ရှားပစ်မည်ဖြစ်သည်” ဟူ၍ Diane Orentlicher က မကြာသေးမီက ၎င်း၏ဆောင်းပါးတွင် ဖော်ပြခဲ့သည်။

နိုင်ငံတခု၏နယ်မြေတည်တံ့ခိုင်မြဲရေးဟုခေါ်တွင်သော အပြည်ပြည်ဆိုင်ရာဥပဒေ၏ စွဲမြဲနေသည့် (အချုပ်အခြာတည်းဟူသော မြို့ပြခံတပ်အယူအဆကို ညွှန်းဆိုလေ့ရှိသည့်) မူများနှင့် နိုင်ငံအတွင်းရှိ လူမျိုးစုခွဲထွက်ရေးတောင်းဆိုမှုတို့ ထိပ်တိုက်ပြဿနာဖြစ်လာနေသည်။ နိုင်ငံတနိုင်ငံအဖြစ် ထူထောင်ပြီးသည်နှင့်အမျှ အဆိုပါမူများအရ ပြင်ပအင်အားစုများ၏ နှောက်ယှက်မှုမှ အတော်အတန်လွတ်လပ်သွားသည်။ ထို့အပြင် စီရင်ပိုင်ခွင့်နယ်နိမိတ်အတွင်း ခွဲထွက်ရေးသမားများအပေါ် လွတ်လပ်စွာဆုံးဖြတ်နိုင်သည်။

ဤမူများကို ကုလသမဂ္ဂပဋိညာဉ်စာချုပ်နှင့်အညီ နိုင်ငံများအကြား ချစ်ကြည်စွာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာဥပဒေ၏မူများနှင့် စပ်လျဉ်းသောကြေညာချက် (၁၉၇၀ခုနှစ်) တွင်တွေ့ရသည်။ ယေဘုယျဝေါဟာရအနေနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏မူများကို အခိုင်အမာဖြစ်စေပြီးနောက်၊ မူတွင် ဆက်လက်ဖော်ပြသည်မှာ "အထက်တွင်ဖော်ပြသည့်စာပိုဒ်များသည် ညီမျှမှုအခွင့်အရေးမူများနှင့် ဖော်ပြပါ ပြည်သူ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မူများကို လေးစားလိုက်နာကြသော၊ ထို့အပြင် ပိုင်နက်နယ်မြေအတွင်းရှိ လူအားလုံးကို လူမျိုး၊ ယုံကြည်မှုနှင့် အသားအရောင်မခွဲခြားဘဲ ကိုယ်စားပြုသော အစိုးရတရပ်က ပိုင်ဆိုင်သည့် လွတ်လပ်သောနိုင်ငံများ၏ စည်းလုံးညီညွတ်မှု၊ အချုပ်အခြာ၊ နယ်မြေတည်တံ့ခိုင်မြဲမှုတို့၏ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ သို့တည်းမဟုတ် အလုံးစုံကိုသော်လည်းကောင်း၊ ပျက်စီးစေမည့် သို့မဟုတ် ပြိုကွဲစေမည့် လုပ်ဆောင်ချက် တစုံတရာကိုအားပေးသည် သို့မဟုတ် အာဏာပေးသည်ဟု အနက်အဓိပ္ပါယ် မကောက်ယူရ" ဟူ၍ဖြစ်သည်။

အသိအမှတ်ပြုထားသော တစ်ခုတည်းသောချွင်းချက်မှာ ကိုလိုနီအုပ်ချုပ်မှုအောက်ရှိ နိုင်ငံများနှင့်စပ်ဆိုင်ပေသည်။ ၁၉၆၀ ခုနှစ် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုခဲ့သော ကိုလိုနီလက်အောက်ခံနိုင်ငံများနှင့် ပြည်သူများအား လွတ်လပ်ရေးပေးခြင်းနှင့်စပ်လျဉ်းသည့် ကြေညာချက်တွင် "နိုင်ငံခြားကျူးကျော်မှု၊ လွှမ်းမိုးမှု၊ ခေါင်းပုံဖြတ်မှုခံနေရသူအားလုံးတို့သည် ၎င်းတို့၏ နိုင်ငံရေးအဆင့်အတန်းအား လွတ်လပ်စွာဆုံးဖြတ်နိုင်သည်ကို ထောက်ထားလျှက်၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးရေးများအား လွတ်လပ်စွာဆောင်ရွက်နိုင်သည်ကိုထောက်ထားလျှက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိစေရမည်" ဟူ၍ ရှင်းလင်းစွာဖော်ပြထားသည်။

ကိုလိုနီလက်အောက်ခံနိုင်ငံများအား ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ကန့်သတ်ရေးအတွက် လွတ်လပ်ရေးရခဲ့ကြသော နိုင်ငံသစ်အစိုးရများ၏အသံမှာ ကျယ်ကျယ်လောင်လောင်ထွက်လာကြသည်မှာ စိတ်ဝင်စားဘွယ်ကောင်းပေသည်။ နိုင်ငံသစ်များ၏ အစိုးရများသည် ၎င်းတို့နယ်မြေများအတွင်း ခွဲထွက်ရေးလှုပ်ရှားမှုများ၊ ပြည်တွင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် **(internal self-determination)** များ တိုးမတောင်းစေလိုသောဆန္ဒ ထက်သန်နေသူများဖြစ်ကြသည်။ (၎င်းတို့အထဲတွင် အထူးသဖြင့် အာဖရိကနိုင်ငံများမှာ အနည်းစုဖြစ်သည်)

# ပြည်တွင်းကိုယ်ပိုင်ပြဌာန်းခွင့်

သို့သော်ငြားလည်း မကြာသေးမီနှစ်များက ပညာရှင်အချို့တို့တွင် ထူထောင်ထားပြီး သောနိုင်ငံများ၏ နယ်နိမိတ်များအတွင်း တစုံတရာအခြေအနေအောက်၌ အမျိုးသားလူ နည်းစုများအတွက် (ခွဲထွက်ခွင့်အပါအဝင်) ကိုယ်ပိုင်ပြဌာန်းခွင့်တောင်းဆိုရန် ဖြစ်နိုင်ကြသည် ဟူသောအမြင်များ တိုးပွားလာသည်။ ဥပမာအားဖြင့် ၎င်းတို့ရရှိနိုင်သော ကိုယ်ပိုင်ပြဌာန်းခွင့် အတိုင်းအတာသည် နိုင်ငံတွင်းဖြစ်ပေါ်နေသော အခြေအနေအမျိုးမျိုးပေါ်တွင်မူတည်သည်။ “တစ်ဦးတစ်ယောက်သည် နိုင်ငံအတွင်း၌ ကိုယ်စားပြုအစိုးရ၏အဆင့်နှင့် ဆက်နွယ်နေသော ကိုယ်ပိုင်ပြဌာန်းခွင့်၏ တရားဝင်မှုအဆင့်များကို ခွဲခြားနားလည်နိုင်ကြသည်။ တဖက်တွင် ကိုယ်စားပြုအစိုးရအဆင့်နှင့် အခြားတဖက်တွင် ကိုယ်ပိုင်ပြဌာန်းခွင့်တောင်းဆိုမှုကြောင့် နိုင်ငံ တကာအသိုင်းအဝိုင်းက လက်ခံနိုင်မည့် မတည်ငြိမ်မှုအဆင့်တို့အကြား ဆက်စပ်မှုသည် ဆန့်ကျင်ဘက်ဖြစ်သည်။ အကယ်၍ အစိုးရတရပ်သည် ဒီမိုကရေစီ လျှော့စျေးအဆုံးသို့ ရောက်နေလျှင် အပြည်ပြည်ဆိုင်ရာက လက်ခံပေးမည့် ကိုယ်ပိုင်ပြဌာန်းခွင့်တောင်းဆိုချက် မှာ အနိမ့်ဆုံး၌ဖြစ်သည်။ အကယ်၍ အစိုးရသည် လုံးဝကိုယ်စားပြုအဆင့်တွင်မရှိလျှင်တော့ ကိုယ်ပိုင်ပြဌာန်းခွင့်တောင်းဆိုမှုကို တိုး၍ အသိအမှတ်ပြုမည်သာဖြစ်သည်” ဟု rederic Kirgic, Jr., က တင်ပြထားသည်။

အကယ်၍ ဤစိတ်ဖြာသုံးသပ်မှုကိုလက်ခံပါက အာဏာရှင်ဖိနှိပ်မှုအောက်တွင် လူနည်းစုတို့၏ ခွဲထွက်ရေးတောင်းဆိုမှုသည် တရားဝင်ဖြစ်သည်ဟုမှတ်ယူရပေမည်။ ကာဂျစ် သည် ကိုယ်ပိုင်ပြဌာန်းခွင့်ကို အစွန်းတဖက်တွင် ခွဲထွက်ခွင့်နှင့် အခြားတဖက်တွင် အကန့်အ သတ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ရေးပေးသော ခြားနားသည့်ဖြစ်စဉ်အတွင်း၌ ရယူနိုင်သောအရာ အဖြစ် ရှုမြင်သည်။

အလန် ဘူချာနန် (Alan Buchanan) ကလည်း အလားတူချဉ်းကပ်မှုမျိုးကို ချဉ်းကပ် ခဲ့သည်။ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အမြဲသင့်လျော်သည်ဟုမပြောသော်လည်း အကန့်အသတ် အခြေအနေအောက်တွင် ခွဲထွက်ခွင့်ကို တရားဝင်မှုအဖြစ် ထည့်သွင်းစဉ်းစားနိုင်သည်ဟုဆို ခဲ့သည်။ ၎င်းက ခွဲထွက်ခွင့်ကို တရားမမျှတမှု၏ နောက်ဆုံးနည်းလမ်းအနေနှင့် ကုစားနိုင်မှုအ ခွင့်အရေးအဖြစ်မြင်သည်။ ၎င်း၏သုံးသပ်မှုမှာ (က) တစ်ဦးခြင်း လူ့အခွင့်အရေးကို အလွန်အ ကျံ့နှင့် အဆက်မပြတ်ချိုးဖောက်နေခြင်း၊ (ခ) အတိတ်က မတရား နယ်မြေများသိမ်းပိုက်ထား ခြင်း (ဂ) နိုင်ငံအတွင်း အရင်းအမြစ်များကို တဖက်သတ်ခွဲခြား၍ ပြန်ဖြန့်ဖြူးပေးနေခြင်းစသည် တို့မှာ ခွဲထွက်ခွင့်အတွက် လျော်ကန်သောအကြောင်းပြချက်အဖြစ် သတ်မှတ်ရမည့်စံများ ဖြစ်သည်ဟုဆိုသည်။

ဤအကြောင်းပြချက်များအနက် ပထမအကြောင်းပြချက်ဖြစ်သည့် (ဖိနှိပ်သည့်သ ဘောတရား) ကို ပါကစ္စတန်၏ ပြည်နယ်ဖြစ်ခဲ့သော အရှေ့ပါကစ္စတန် (ဘင်္ဂလာဒေ့ရှ်) ခွဲ ထွက်ခြင်းကို အကြောင်းပြချက်ကောင်းစေရန် အသုံးပြုခဲ့သည်။ ဘင်္ဂလာဒေ့ရှ်သည် ၁၉၇၀ ခုနှစ်များအတွင်းက ပါကစ္စတန်မှခွဲထွက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ကုလမဂ္ဂအဖွဲ့ဝင်အဖြစ် ဝင်ခွင့်ရ ခဲ့သည်။ သို့သော် ဤဖိနှိပ်မှုသဘောတရားသည် လွယ်ကူလှသည်တော့မဟုတ်ပါ။ ထိုသ

ဘောတရား၏ ရည်ရွယ်ချက်အတွက် ဖိနှိပ်မှုတွင် ဘာတွေပါဝင်ရမည်ဟူသော သဘောတူထားသည့် အဓိပ္ပါယ်သတ်မှတ်ချက်မရှိပေ။ **Onyeonoro S. Kamenu** က စီစစ်မှုတခု လုပ်ခဲ့သည်။ "ခွဲထွက်သောအုပ်စုသည် ပိုကြီးမားသည့် နိုင်ငံရေးလူ့အသိုင်းအဝိုင်းအတွင်း၌ ငြိမ်းငြိမ်းချမ်းချမ်း၊ လုံလုံခြုံခြုံနှင့်ဆက်လက်နေနိုင်စွမ်း သို့မဟုတ် ၎င်းတို့ တရားဝင် တဦးချင်းဆန္ဒကို ဆက်လက်ဖော်ဆောင်နိုင်စွမ်းမရှိတော့ကြောင်း အခြေအမြစ်ကျသည့် လက်တွေ့သက်သေခံချက်များလိုအပ်သည်" ဟူ၍ဖြစ်သည်။ သို့သော် **Kamenu** က ၎င်း၏စီစစ်မှုကို ခက်ခဲစေမည့် နောက်ဆက်တွဲကို ဖြည့်စွက်ထားသည်။ တစ်စုံတစ်ယောက်သည် အစတွင် ရက်စရာဟုစဉ်းစားမည် "သို့သော် ဤသဘောတရားကို ယုတ္တိတန်စေရန် လုံးလုံးလျားလျား လွတ်လပ်ရေးမှတပါး နစ်နာသူများက ဆောင်ရွက်နိုင်သော အခြားသောနိုင်ငံရေးနည်းနိဿရည်းများကုန်နေပြီ၊ သို့မဟုတ် လွှမ်းမိုးထားသောအုပ်စုက မျက်ကွယ်ပြုထားသည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြရပေမည်" ဟူ၍ဖြစ်သည်။

ဖိနှိပ်မှုသဘောတရား၏ အခြားအခက်အခဲမှာ ရည်ရွယ်ထားသော ခွဲထွက်ရေး တစုံတရာသည် (နိုင်ငံခြားတပ်များက နိုင်ငံတစ်နိုင်ငံ၏ နယ်မြေတည်တံ့မှု၊ စည်းလုံးညီညွတ်မှုပျက်ပြားစေသည့် မှုများကိုထောက်ရှု့လျှက်) ဖြစ်နိုင်လျှင် ပြည်ပကစွက်ဖက်မှု မပါစေရပေ။ လက်တွေ့နယ်ပယ်တွင် ဤသည်မှာ ခက်ခဲပေသည်။ (ဥပမာ အရှေ့ပါကစ္စတန်သည် အိန္ဒိယမှ ရရှိခဲ့သော အကူအညီများမပါလျှင် ခွဲထွက်နိုင်ခဲ့မည်မဟုတ်ပေ။ သို့သော် ဤတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား အသိအမှတ်ပြုလိုက်သောအခါ အခြားကိစ္စရပ်များကဲ့သို့ပင် နိုင်ငံရေးသည် ဥပဒေ၏ တင်းကြပ်သော သတ်မှတ်ချက်များကို ပယ်ချခဲ့ပေသည်။)

ဖိနှိပ်မှုသဘောတရားနှင့်ပတ်သက်သည့် ထပ်မံရှိနေသော အခက်အခဲမှာ တိုင်းရင်းသားလူမျိုးစုများ၏ ဆန္ဒဖြစ်သော လူမျိုး–နိုင်ငံ **(Nation - state)** များထူထောင်ခြင်းကို ထည့်သွင်းမစဉ်းစားခြင်းဖြစ်သည်။ ဖိနှိပ်မှုသဘောတရားကို ကျောထောက် နောက်ခံပြုထားသည့် ခွဲထွက်ရေးအတွက် အဓိကလိုအပ်ချက်မှာ လူမျိုးကွဲပြားမှုမဟုတ် ဘဲ ဖိနှပ်မှုဖြစ်သည်။ ဖိနှိပ်မှုသဘောတရားအောက်တွင် လွတ်လပ်သောနိုင်ငံအဖြစ်၊ သီးခြားနိုင်ငံအဖြစ် ဘင်္ဂလားဒေ့ရှ်နိုင်ငံထူထောင်ခဲ့ခြင်းသည် ဖိနှိပ်မှုသဘောတရားနှင့် ကိုက်ညီ၍ဖြစ်သည်။ ဘင်္ဂါလီလူမျိုးများသည် ပါကစ္စတန်လူမျိုးများနှင့် ဘာသာစကားအရ၊ လူမျိုးအရ၊ ယဉ်ကျေးမှုအရ ကွဲပြားမှုတို့ကြောင့် ခွဲထွက်ခြင်းထက် ဖိနှိပ်မှုများကြောင့် ခွဲထွက်ခြင်းဖြစ်သည်။ လူမျိုးစုအတော်များများက ဤအချက်ကို ခွဲထွက်ခွင့်နှင့်ပတ်သက်သော ညှိနှိုင်းမှုအပေါ် ကျေနပ်လက်ခံဘွယ်မရှိသော အခြေခံအကြောင်းရင်းတခုအဖြစ်မြင်ကြသည်။

အထက်တွင်ဖော်ပြခဲ့သော ဥပဒေဆိုင်ရာအချက်အလက်များသည် ယေဘုယျအားဖြင့် ပဓာနကျသောနိုင်ငံရေး **(realpolitik)** မျက်နှာစာတွင် နောက်ကွယ်ကသာ နေလေ့ရှိကြောင်း ဘင်္ဂလာဒေ့ရှ်ကိစ္စတွင် ရှင်းရှင်းလင်းလင်းမြင်သာသည်။ မကြာသေးခင်က နိုင်ငံရေးအဖြစ်အပျက်၏ ဥပမာတရပ်မှာ ယူဂိုစလားဗ် ပြည်ထောင်စုပျောင်းနှင့်ပတ်သက်၍ ခွဲထွက်ခွင့်ကို အပြင်းအထန်ဆွေးနွေးစေရမည့်အစား နိုင်ငံပြိုကွဲစေမည့်သဘော သက်ရောက်သော နိုင်ငံတကာခုံရုံးတခု၏ ဆုံးဖြတ်ချက်သည် ဥပဒေဆိုင်ရာမူကိစ္စများကို မရေမရာပြီး ပြတ်သွားစေခဲ့သည်။ ဝေဖန်သူတစ်ဦးက "ယူဂိုစလားဗ်အဖြစ်အပျက်တွင် နိုင်ငံတကာ လူ့အသိုင်းအ

ဝိုင်း၏တုံ့ပြန်မှုသည် နယ်မြေတည်တံ့ခိုင်မြဲရေးမှုကို အားနည်းသွားစေပြီး၊ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတနိုင်ငံထံမှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ခွဲထွက်ခွင့်မှတဆင့် ရရှိနိုင်သည်ဟူသော အယူအဆကို အားပေးစေခဲ့သည်'' ဟု ဝေဖန်ခဲ့သည်။

## နိဂုံး

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် လက်တွေ့အရရော ဥပဒေရေးရာအရပါ အခက်အခဲများနှင့် ပြည့်နက်နေသည်။ စစ်ပြီးခေတ် နိုင်ငံတကာစာချုပ်များတွင် ၎င်းကို အလေးပေးခြင်းခံနေရသော်လည်း ဤအခွင့်အရေးတွင်ပါသော အကြောင်းအရာများ၊ ကောက်ကြောင်းများ အပေါ်တွင်အားလုံးက တစ်သဘောတည်းတော့မရှိကြပေ။ နိုင်ငံတကာ လက်တွေ့ကျင့်သုံးမှု ရှေ့နောက်မညီညွတ်၍ ဖြစ်ရှိနေသော အခြေအနေကို အထောက်အပံ့မဖြစ်ခဲ့ပေ။ အပြန်အလှန်အားဖြင့် လေ့လာသူများအကြား တစုံတရာ သံသယများဖြစ်ပေါ်စေသည်။

လူမျိုးစု ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြဿနာအချို့ကို ကျော်လွှားနိုင်စေရန် အပြည်ပြည်ဆိုင်ရာဥပဒေဘက်မှ လမ်းကြောင်းတခုရှိသည်။ ၎င်းမှာ လူမျိုးစုများကို လူနည်းစုအုပ်စုများအဖြစ် အတန်းအစားခွဲလိုက်ခြင်းနှင့် အဆိုပါအုပ်စုများ၏ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဘာသာရေးယုံကြည်ခြင်း လွတ်လပ်မှုတို့ကို ကမ္ဘာ့အခြေခံစနစ်နှင့်အညီ အာမခံပေးလိုက်ခြင်းဖြစ်သည်။ ပြည်နယ်များအတွင်း လွန်ခဲ့သောဆယ်စုနှစ်များအတွင်းက ၎င်းတို့ဆောင်ရွက်ခဲ့ကြသလို တိုင်းရင်းသားများနှင့် အခြားကွဲပြားသူများအတွက် ဖက်ဒရယ်စနစ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အလားတူနည်းနာများမှတဆင့် ထည့်သွင်းစဉ်းစားပေးရေး ကြိုးပမ်းမှုများ ဆက်လက်ရှိနေပေသည်။ "ကမ္ဘာကြီးကို ဖက်ဒရယ်တော်လှန်ရေးက ဆွဲခေါ်သွားနေသည်"ဟု လွန်ခဲ့သော ဆယ်စုနှစ်တခုကျော်က ပညာရှင်တစ်ဦးမှဆိုခဲ့သည်။ ဤသည်မှာ ကမ္ဘာကြီးက အစိတ်စိတ်ကွဲပြားမှုနှင့် ကမ္ဘာလုံးဆိုင်ရာစုဖွဲ့မှု (globalization) ဟူသော ဆန့်ကျင်ဘက်ဖိအားနှင့်ရင်ဆိုင်နေရစဉ် ဤအဆိုအား ဆောင်ရွက်နိုင်ပါ့မလားဆိုသည်ကို ဆွေးနွေးရန်တင်ပြလိုက်ခြင်းဖြစ်သည်။

---

**(ဤဆောင်းပါးသည် ၂၀၀၂ ခုနှစ်၊ ဧပြီလထုတ် Legal Issues on Burma Journal ဒေါက်တာဖဲန်ခက်အိုင်ယာ၏ Federalism and Self - Determination: Some Refle-tions ကို ဦးဝင်းမောင်မှ ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။)**

---

▲ ▲ ▲

အခြေခံဥပဒေရေးရာ

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အမျိုးသမီးတို့အခန်းကဏ္ဍ

ဒေါ်မော်လီ

ဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာနိုင်ငံတွင်ကွယ်ပျောက်ခဲ့သည်မှာ ဆယ်စုနှစ်တခုကျော်ရှိပြီဖြစ်ပါသည်။ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုအနေအထားကို အလေးထားဆောင်ရွက်ခဲ့ကြရ၍၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပြည်သူတို့၏သဘောဆန္ဒ ပါဝင်ပတ်သက်မှုအားနည်းခဲ့သည်။ ထို့ပြင် ဦးဆောင်ပိုင်းတွင် ပါဝင်ရေးဆွဲခဲ့သော ခေါင်းဆောင်ကြီးများ ကျဆုံးသွားခဲ့ကြ၍၊ ၁၉၄၇ ခုနှစ် ဖွဲ့ပုံအခြေခံဥပဒေက မြန်မာနိုင်ငံ၏ကံကြမ္မာပုံရိပ်ကောင်းတခုအဖြစ် အားနည်းစေခဲ့ရသည်။ တဖန် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေ့လာလျှင် အာဏာပိုင်တို့အလိုကျ ရေးဆွဲထားသည့် (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ) ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်သူများအနေဖြင့် ကြိုက်မကြိုက်က အဓိကမဟုတ်ဘဲ၊ ဆန္ဒခံယူပွဲကျင်းပပေးပြီး ကန့်ကွက်မဲတွေလည်း ထောက်ခံပုံးထဲရောက်ခဲ့ရပြီး အာဏာပိုင်တို့အလိုကျ ရေးဆွဲခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုခဲ့ကြသည်၊ ၁၉၈၈ ခုနှစ်တိုင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် မြန်မာနိုင်ငံကို တံခါးပိတ်ဝါဒကျင့်သုံးကာ ပြည်သူများကို ဆင်းရဲတွင်းဆွဲသွင်းနိုင်ခဲ့ကြသည်။ ထိုပြည်သူများထဲမှ ထက်ဝက်ကျော်ရှိသော အမျိုးသမီးထုသည်လည်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး စသည့်နယ်ပယ်များတွင်း လူ့ဂုဏ်သိက္ခာထိပါးခံကြရသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှ ယနေ့ထိတိုင် စစ်အာဏာရှင်များ အုပ်ချုပ်သောနှစ်များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသည့်နိုင်ငံအဖြစ် အုပ်ချုပ်ခဲ့သည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးမှုနေရာတိုင်းတွင် ကင်းမဲ့နေသည်။ ထိုကဲ့သို့အခြေအနေမျိုးထဲတွင် အမျိုးသမီးတို့၏ ဘဝပုံရိပ်များသည်လည်း မပီပိုးတဝါးဖြစ်နေသည်။ နိုင်ငံတနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏အသက်သွေးကြောဖြစ်သည်ဟုဆိုပါသည်။ ဤဆိုစကားအရဆိုလျှင် မြန်မာနိုင်ငံသည် အသက်သွေးကြောမရှိတော့သည့်အခြေမို့ မြန်မာနိုင်ငံသေနေသည့်အဖြစ်သို့ရောက်ရှိနေသည်။ စစ်အစိုးရက မြန်မာနိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်အောင် ဆောင်ရွက်နေပါသည်ဟုဆိုပြီး ကမ္ဘာကိုအမျိုးမျိုးပြောဆိုလိမ်ညာနေသည်။ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံက (စီဒေါ) ခေါ် အမျိုးသမီးများအား နည်းမျိုးစုံခွဲခြားမှုပပျောက်ရေး သဘောတူစာချုပ်၌ လက်မှတ်ရေးထိုးခဲ့ပြီး အမျိုးသမီးများ တိုးတက်ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နေကြောင်း ရီပို့ (အစီရင်ခံစာ) များတင်ပြခဲ့သည်။ ယခုအမျိုး

သားညီလာခံကျင်းပ၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် စစ်အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရော၊ လက်နက်ကိုင်မဟုတ်သူများကို ပါဝင်စေခဲ့သည်။ မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ရှိသော အမျိုးသမီးထု၏ ဆန္ဒသဘောထားများကို အသိအမှတ်ပြုခံရခြင်းမရှိသည့်ကို တွေ့မြင်ရပါသည်။ အမျိုးသမီးထုအရေးသည် တိုင်းရင်းသားလူမျိုးစုအရေးလောက် အရေးပါမှုမရှိသည့် သဘောမျိုးဆောင်စေသလို၊ လူမျိုးစုဟုသတ်မှတ်ခံရသူများထဲတွင် အမျိုးသမီးများကို ထည့်သွင်းသတ်မှတ်မှုပါဝင်စေမှုမျိုး စဉ်းစားချက်မျှပင်မရှိပါ။ စီတောသဘောတူစာချုပ်ကို လက်မှတ်ထိုးထားသည့်နိုင်ငံဖြစ်သော်လည်း အမျိုးသမီးများ၏ဘဝတိုးတက်ဖွံ့ဖြိုးမှုအပိုင်းအတွက် ထိရောက်စွာဆောင်ရွက်ခြင်းမရှိကြောင်းတွေ့ရသည်။ မြန်မာနိုင်ငံစစ်အာဏာရှင်များက အမျိုးသားညီလာခံကို ညောင်နှစ်ပင်မှာ ၂၀၀၄ ခုနှစ် ဇွန်လ (၁၇) ရက်နေ့ကစတင်ကာ ဘယ်သူမပါပါ ကိုယ့်လူနဲ့ကိုယ် 'ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်' ဆိုပြီး ညီလာခံကျင်းပကာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကို ဆောင်ရွက်နေကြပါသည်။ အဓိကရည်ရွယ်ချက်က စစ်တပ်မှနိုင်ငံရေးတွင် ပါဝင်ပတ်သက်မှု၊ အာဏာရရှိလိုမှုအရေးကို ရှေ့တန်းတင်ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးဆောင်ရွက်လုပ်ရှားသူများမှလည်း ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် တာဝန်ယူသူများကရေးဆွဲကြသလို ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးတာဝန်ယူထားသူများကလည်း ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနေကြပါသည်။ ထိုရေးဆွဲချက်များထဲတွင် အမျိုသမီးများ၏အခွင့်အရေးကို အခြေခံစဉ်းစားသည့် စဉ်းစားချက်မျိုး ပါဝင်နိုင်အောင် အမျိုးသမီးထု၏ဆန္ဒသဘောထားများကို တင်ပြထုတ်ဖော်ခွင့်အခြေအနေပေးရန် လိုအပ်ပါသည်။ တိုင်းရင်းသားလူမျိုးစု၊ လူနည်းစုများအရေးကို အခြေခံစဉ်းစားဆောင်ရွက်နိုင်မှုဖြင့်လည်း လူမှုအသိုင်းအဝန်းတခုလုံးကို မလွှမ်းခြုံနိုင်ပါ၊ လုပသာယာမှုမရှိသော အမျိုးသမီးဘဝများ ပုံဖော်စေခဲ့ကြသည်။ လူမှုအသိုင်းအဝန်းတခုလုံးအတွက် စဉ်းစားမည်ဆိုလျှင် အမျိုးသမီးများ၏ တိုးတက်ဖွံ့ဖြိုးမှုအပေါ် အခြေခံစဉ်းစားဆောင်ရွက်ချက်ပြုနိုင်မှသာ လက်တွေ့တွင် အသီးသီးသော ဘဝများက သာယာလှပပေမည်။ မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးအခွင့်အရေးကို လေးစားလက်ခံသည့် ပတ်ဝန်းကျင်မျိုး ဖန်တီးရန်လိုအပ်ကြောင်း တွေ့မြင်ရသည်။ အမျိုးသမီးအခွင့်အရေးကို လေးစားလက်ခံသည့်ပတ်ဝန်းကျင်ကို ဖန်တီးပြီးမှသာ အမျိုးသမီးများ၏ ပြောင်းလဲတိုးတက်စေမှုအတွက် အခြေခံလိုအပ်ချက်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်လာအောင်ကြိုးစားရမည်ဖြစ်သည်။

အမျိုးသမီးအခွင့်အရေးကို လေးစားလက်ခံသည့် ပတ်ဝန်းကျင်ကို ဦးစွာမိမိ၏ အိမ်ထောင်စုတိုင်းတွင် ဆောင်ရွက်မှုစတင်ရမည်။ မိဘ၊ ခင်ပွန်း၊ သား၊ သမီးများ၏ အိမ်ထောင်စုတွင် တဦးကိုတဦး အပြန်အလှန်အသိအမှတ်ပြု လေးစာကြမည်ဆိုလျှင် ထိုအိမ်ထောင်သည် သာယာသောအိမ်ထောင်ဖြစ်သည်။ ထိုမှသာ အမျိုးသမီးအခွင့်အရေးကို လေးစားလက်ခံသည့် အနီးစပ်ဆုံးပတ်ဝန်းကျင်ကိုရရှိလာနိုင်ပါသည်။ တနည်းဆိုရသော် အမျိုးသမီးများကိုယ်တိုင် တစုံတရာစွမ်းရည်ရှိမှုစည်းစနစ်ဖြင့် ဆောင်ရွက်မှုအပိုင်းလည်းပါဝင်ရမည်ဖြစ်ပါသည်။

ဒီလိုမိမိအိမ်ထောင်စုမှတဆင့် မိမိနှင့်အနီးစပ်ဆုံးသူများအပါအဝင် ဓလေ့ထုံးတမ်း၊ ဘာသာအယူဝါဒနှင့် ယဉ်ကျေးမှုအပါအဝင် သက်ဆိုင်ရာလူ့အဖွဲ့အစည်းတွင်ရှိနေသော အမျိုးသမီးအခွင့်အရေးကို ထိပါးစေသည်ဟု ယူဆလက်ခံထားသော အချက်အလက်များကို နိုက်နိုက်ချွတ်ချွတ် ထဲထဲဝင်ဝင် သက်ဆိုင်ရာအမျိုးသမီးများကိုယ်တိုင် လေ့လာဆန်းစစ်ပြီး မှန်ကန်တိကျသော စကားလုံးများဖြင့် ထုတ်ဖေါ်နိုင်အောင် သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းအတွင်း ဆောင်ရွက်ကြရမည်။ အမှန်တကယ်ရှိနေသော တိကျမှန်ကန်သည့် ဓလေ့ထုံးတမ်း၊ ဘာသာတရားမှ ပြဋ္ဌာန်းထားချက်များကို အပြည့်အစုံ ဖေါ်ပြလိုက်နာဆောင်ရွက်ခြင်းမပြုဘဲ လိုရာစကားလုံးကိုသာ ဆွဲယူသုံးစွဲလာမှု အချိန်ကာလကြာမြင့်လာသည့်အလျောက် အမှန်လိုလို လက်ခံကျင့်သုံးမှုများကို လေ့လာဆန်းစစ်ရန်လိုအပ်ပါသည်။

အမျိုးသမီးများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်ရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် ဘာသာတရားအယူဝါဒများကို အသေအချာသိရှိနားလည်ထားမှုရှိရန် ကြိုးစားရှာဖွေစုဆောင်းမှု အပိုင်းကအရေးကြီးပါသည်။ အမျိုးသမီးများကိုယ်တိုင် နားလည်သိရှိပြီးသော အချက်အလက်များကို တိကျခိုင်မာစွာ သက်ဆိုင်ရာ လူမျိုးစု၊ ဘာသာတရားကိုးကွယ် ယုံကြည်သူများထံတွင် တင်ပြရှင်းလင်းနိုင်ပြီဆိုလျှင် သက်ဆိုင်ရာလူမှုအသိုင်းအဝန်း၏ လေးစားလက်ခံသည့် ပတ်ဝန်းကျင်ကိုရရှိလာနိုင်ပါသည်။ အမျိုးသမီးများ၏ လေ့လာမှုစွမ်းအား၊ စွမ်းဆောင်မှုနှင့် လေးစားထိုက်သောအခြေအနေမျိုးရှိရန် ကြိုးစားကြရမှာ အမျိုးသမီးတို့၏တာဝန်တစ်ပိုင်းဖြစ်ပါသည်။ ဘာသာရေးကျမ်း (သို့) သေချာစွာရေးသားထားချက်မဟုတ်သည့် အရပ်သုံးဓလေ့ထုံးတမ်းများအပေါ်တွင်လည်း လေ့လာရန်လိုအပ်ပါသည်။ ပေါ်ပေါက်လာသည့်အချိန်အခါနှင့် အခြေအနေများကို အခြေခံဖော်ထုတ်ပြီး ယနေ့ခေတ်အခါနှင့် ကိုက်ညီမှု ရှိမရှိကို သက်ဆိုင်ရာလူ့အဖွဲ့အစည်းမှ ဖေါ်ထုတ်ပြီး၊ တရားမျှတသော စိတ်ဓါတ်အမှန်ဖြင့် တန်းတူရေးအခြေခံမှုအပေါ် စဉ်းစားဆောင်ရွက်ခြင်းဖြင့်သာ လူမှုရေးတရားမျှတမှုကို ရရှိနိုင်ပါသည်။ ထိုမှတဆင့် အမျိုးသမီးအခွင့်အရေး လေးစားလက်ခံသော ပတ်ဝန်းကျင်ကိုဖန်တီးနိုင်ပေမည်။ အမျိုးသမီးအခွင့်အရေးတွေကို လေး စားလက်ခံတဲ့ ပတ်ဝန်းကျင်ဆိုတာ လူမှုရေး၊ ယဉ်ကျေးမှု၊ လောကနီတိ၊ စိတ်ဓါတ်ရေးရာ၊ တရားဥပဒေ၊ နိုင်ငံရေး စသည့် လူတဦးချင်း တယောက်ချင်းစီ၏ ပြုမူကျင့်ကြံနေထိုင်ပုံ၊ ဓလေ့စရိုက်နဲ့ တဦးချင်းဆက်ဆံပုံတွေဟာ အမျိုးသမီးအခွင့်အရေးတွေကို အသိအမှတ်ပြုလက်ခံတဲ့ ပတ်ဝန်းကျင်ကိုဆိုလိုပါသည်။

ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းစဉ်တွေမှာ မျိုးသမီးများပါဝင်လာနိုင်ဘို့ ပြင်ဆင်တဲ့အနေနဲ့ သက်ဆိုင်ပတ်သက်နေတဲ့ ပညာရေးနဲ့ အကြံပေးအစီအစဉ်တွေကို ဦးစားပေးဆောင်ရွက်ဖို့ လိုအပ်ပါသည်။ တခြားနိုင်ငံတွေမှာရှိတဲ့ အမျိုးသမီးဆိုင်ရာကဏ္ဍ အတွေ့အကြုံတွေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွေ၊ တရားဥပဒေတွေကို အမျိုးသမီးများကိုယ်တိုင် သိရှိနားလည်ပြီး၊ အမျိုးသမီးထုတရပ်လုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရေးပါပုံ၊ ဖွဲ့စည်းတည်ဆောက်ပုံကို ပညာပေးရမည်။

အမျိုးသမီးရေးရာကိစ္စများကို ရှေ့တန်းတင်ဆွေးနွေးလာသည့်တလျှောက် အချို့သော အများသူငါများအနေဖြင့် ပြင်းပြင်းထန်ထန် ဝေဖန်ဆန်းစစ်သည့်အနေ အထားမျိုးများ

နှင့်လည်း တွေ့ကြုံနိုင်ပါသည်။ ခံနိုင်ရည်ရှိရမည်ဆိုသည့် စိတ်ဓာတ်ဖြင့် မှန်မှန်ကန်ကန်သုံးသပ်ပြီး ရှေ့တိုးဆောင်ရွက်ပါမှ အမျိုးသမီးအခွင့်အရေးလည်း တခြားသော အမျိုးသားစီးပွားရေးတိုးတက်ကောင်းမွန်စေရေး၊ လူမျိုးစုရေးရာ၊ ဘာသာရေးရာလုပ်ငန်းတွေနည်းတူ လူမှုအဆောက်အအုံအတွင်း အဓိကကျကြောင်း သိရှိလာမည်ဖြစ်ပါသည်။

တချို့က အမျိုသမီးအခွင့်အရေးဆိုသည်နှင့် စိတ်အတွေးထဲတွင် လိုလားမှု၊ မလိုလားမှုအပိုင်းများ ပေါ်ပေါက်တတ်ပါသည်။ လိုလားသူများ အများစုက အမျိုးသမီးများဖြစ်ကြပါမည်။ လိုလားသူများအနေဖြင့် လိုလားလက်ခံနေရုံဖြင့် အောင်မြင်ပြည့်စုံသာယာသည့် လူမှုအဆောက်အအုံမျိုး ဖြစ်မလာနိုင်ပါ။ ထိုအခွင့်အရေးကို တရားမျှတမှန်ကန်စွာ အသုံးပြုနိုင်ရန် အမျိုးသမီးစုအနေဖြင့် စွမ်းရည်ကိုယ်စီ တပ်ဆင်နိုင်မှသာ အမျိုးသမီးအခွင့်အရေးကို ယုံကြည့်လက်ခံပြီး ကျင့်သုံးဆောင်ရွက်ခြင်းအားဖြင့်သာ သာယာပြီး တန်းတူ ညီမျှမှုရှိသည့် လူမှုအဆောက်အအုံကြီးအဖြစ် ပေါ်ပေါက်လာနိုင်ပါမည်။

အမျိုးသမီအခွင့်အရေးကို စိတ်အတွေးထဲကပင် လက်မခံနိုင်သောသူများအနေဖြင့်လည်း လက်မခံနိုင်သည့်အချက်များက ဘာကြောင့်လည်း၊ ဘယ်လိုမျိုးတွေကို လက်မခံနိုင်တာလဲ၊ အမျိုးသမီးရေးရာဆိုသည့် အပိုင်းထဲက လက်ခံနိုင်တဲ့အချက်တွေ ဘယ်လောက်ရှိလဲ။ အနီးစပ်ဆုံးရှိနေတဲ့ ဆက်စပ်မှုတွေအရဘဲ ဆုံးဖြတ်သုံးသပ်တာလား၊ ဒါမှမဟုတ် တစိပ်တပိုင်းသော အမျိုးသမီးရေးရာတွေကိုသာ လက်မခံနိုင်တာလားဆိုတာ စမ်းစစ်ရန်လိုအပ်သလို၊ အမြင်ချင်းဖလှယ်ခြင်း၊ အကြံပေးခြင်း၊ မိမိအထင်နှင့်အဖြစ်မှန် ကိုက်ညီမှု ရှိ မရှိ စသည်တို့ကို အပြုသဘောဖြင့်ဆောင်ရွက်မှုပြုခြင်းဖြင့်သာ အမျိုးသမီးအခွင့်အရေးကို လက်မခံခြင်း၊ လက် ခံခြင်းထက် လူမှုအဖွဲ့အစည်းကို အကျိုးပြုစေပြီး၊ အကျိုးဖြစ်ထွန်းမှုရှိနိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲတဲ့အပိုင်းမှာ အမျိုးသမီးတွေ ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်နိုင်ရန် အမျိုးသမီးရေးရာကိစ္စတွေကို ထည့်သွင်းနိုင်ရန် ဖွဲ့စည်းပုံမူကြမ်းရေးဆွဲရေးကော်မတီတွင် စည်းရုံးလှုံ့ဆော်ပေးသည့် အမျိုးသမီးများစုဖွဲ့ထားသော အဖွဲ့အစည်းတခုလည်းလိုအပ်ပါသည်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အမျိုးသမီး၊ အမျိုးသား တန်းတူညီမျှမှုရှိစေရန်အတွက် ဥပဒေရှုဒေါင့်၊ နိုင်ငံရေးရှုဒေါင့်နှင့် လူမှုရေး ရှုဒေါင့်များမှသုံးသပ်ရန် လိုအပ်ပါသည်။ ဒီမိုကရေစီကျင့်သုံးမည့်မြန်မာနိုင်ငံတွင် အမျိုးသမီးအခွင့်အရေးတွေ ရရှိလာစေခြင်းနှင့် ထိုအခွင့်အရေးတွေကို လေးစားလက်ခံအသိအမှတ်ပြုမည့် ပတ်ဝန်းကျင်တခုဖန်တီးရေးသည် မြန်မာ့လူ့အဖွဲ့အစည်းအတွက် အရေးတယူဆောင်ရွက်ရန် လိုအပ်သည်။ အမျိုးသမီးအခွင့်အရေးကို တရားဥပဒေအရ အကာအကွယ်ပေးနိုင်မည့်အပြင် နိုင်ငံရေးဂုဏ်သိက္ခာမြင့်မားစေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ဖြစ်ရန်လည်း လိုအပ်ပါသည်။ ဤကဲ့သို့သောပုံစံဖြင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကို အကာအကွယ်ပေးလာနိုင်ပါက အမျိုးသမီးများ၏ အသက်အိုးအိမ်၊ စည်းစိမ်နယ်ပယ်တခုမက တခြား လူမှုရေး၊ စီးပွားရေး၊ တရားဥပဒေ၊ နိုင်ငံရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနယ်ပယ်များတွင် အပြုသဘော လူမှုအသိုင်းအဝန်းက ပြောင်းလဲလက်ခံလာကြမည်ဖြစ်ပါသည်။

လူမျိုးဘာသာ အယူဝါဒအမျိုးမျိုးကွဲပြားသော၊ လူမျိုးစုများ ရောပြွမ်းနေထိုင်ရာ မြန်မာနိုင်ငံတွင် အထက်ပါဆွေးနွေးချက်များအတိုင်း လူမျိုးစုတိုင်းမိမိတို့၏ လူမျိုးစုထဲမှ အမျိုးသမီး

များကို မိမိတို့၏ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ထိန်းသိမ်းစေနိုင်ရန် အခွင့်အလမ်းပေးလာသည့်အလျောက်၊ မိမိတို့၏ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ဖျက်ဆီးမည့် အစွန်းရောက်မှုများမှကာကွယ်နိုင်မည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါ ကွယ်ပျောက်နိုင်၍၊ လူမျိုးတိုင်းကို အကာအကွယ်ပေးနိုင်မည့် အာမခံချက်ရှိရန်အတွက် လူဦးရေထက်ဝက်ကျော်ရှိသော အမျိုးသမီးထု၏ ဆန္ဒသဘောထားများကို မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။ သို့မှသာ သာယာသောလူမှုလူဘောင်အသွင်ဆောင်စေမည့်ပြင်၊ နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲရေးကိုပါ ဖော်ဆောင်စေမည်ဖြစ်သည်။

တရားစီရင်ရေး

# တရားစီရင်ရေးနှင့်လူမှုရေးတရားမျှတမှု

**ဘီကေဆင်း**

မြန်မာနိုင်ငံတွင် လူဦးရေ (၅၂)သန်းရှိသည်။ ၈၀% ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြပြီး ကျန်သူများသည် ခရစ်ယာန်နှင့် မူဆလင်ဘာသာဝင်များဖြစ်သည်။ ဘာသာရေး အားလုံးက နိုင်ငံသားတိုင်း သက်ရှိသတ္တဝါများအပေါ် မေတ္တာထားရန် မိန့်ဆိုသည်။ မေတ္တာ ဟူသည်ကား လူ့အသိုင်းအဝိုင်းတွင် တဦးပေါ်တဦး မရိုင်းပြခြင်း၊ အတင်းအဓမ္မမပြုခြင်း၊ မရက် စက်ခြင်း၊ မကောင်းသောအမူအကျင့် မကျင့်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတရားစီရင်ရေးသည် မည်ကဲ့သို့ဖြစ်သည်ကို မေးချင်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်များတွင် မြန်မာ့လူ့အဖွဲ့အစည်းအဆင့်ဆင့်ကို ထိန်းသိမ်းရာတွင် တရားရုံး၏ အခန်းကဏ္ဍကို တဖြည်းဖြည်းကန့်သတ်လာခဲ့သည်။ တရားစီရင်ရေးသည် လူ့အဖွဲ့အစည်း အတွင်း မညီမျှမှုများကိုထောက်ခံသည့် လှုံ့ဆော်အားပေးသည့် ကိရိယာအဖြစ် အလုပ်အ ကျွေးပြုခဲ့ကြသည်။ မြန်မာနိုင်ငံတွင် တရားမမျှတမှုများ ပေါ်လွင်ထင်ရှားလျက်ရှိသည်။ တောင်းစားခြင်းကိုပိတ်ပင်သည့် ဥပဒေသည် ဥပမာကောင်းတခုဖြစ်သည်။ သူဌေး (သူကြွယ်) သည် ဘယ်တော့မှ မတောင်းစားပေ။ ဆင်းရဲသူသာလျှင် တောင်းရမ်းကြသည်။ ထို့ကြောင့် ဆင်းရဲသူများ တရားမျှတမှုကိုတောင်းဆိုကြသည်။ သူတို့က အမှန်တရားကို မှတ်သိပ်နေကြ သည်။ သို့သော်ငြားလည်း ဤတောင်းဆိုမှုကို မည်သူက အကောင်အထည်ဖော်ဆောင် ရွက်ပေးသနည်း။ ဤကား တရားစီရင်ရေးအတွက် စိန်ခေါ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးသည် ဤအခြေခံကဏ္ဍများ ပျက်ကွက်နေသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်း တရားစီရင်ရေးတွင် ပြဿနာများ ပေါ်ပေါက်နေရပါ သည်။ စစ်အစိုးရသြဇာမှ ကင်းလွတ်ခြင်းတည်းဟူသော ပြဿနာသာမက တရားစီရင်ရေး ကို ဥပဒေနှင့်ညီစွာ ဆောင်ရွက်ခြင်းရှိပါသလောဆိုသည်မှာလည်း ပြဿနာဖြစ်သည်။ တရား ရုံးများက စီရင်ပိုင်ခွင့်နှင့်အညီ ဆောင်ရွက်သလား။ ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာများကို မှန်ကန်တော်တည့်စွာ ဆောင်ရွက်သလား။ တရားရုံးများက ဥပဒေပြုရေး၊ အုပ်ချုပ် ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သောကန့်သတ်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်သလား။

## တရားစီရင်ရေး
## (လွတ်လပ်သောအဖွဲ့အစည်းထက်ပြည်ထဲရေးအောက်မှ ဌာနတခု)

အမေရိကန်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုချိန်တွင် တရားသူကြီးချုပ် Taney. တရားရုံးတွင် ပထမဆုံးအမှုအနေဖြင့် ကျွန်ကိစ္စနှင့်ပတ်သက်သော အမှုဖြစ်သည်။ ထို့အပြင် ကျွန်လွတ်ရေး၊ မလွတ်ရေး မေးခွန်းပေါ်လာသည်။ တရားရုံးက အခြေခံအားဖြင့် မလွတ်ရန်၊ ကျွန်ကိုပိုင်ဆိုင်ရမည်ဖြစ်ပြီး ကျွန်ကပိုင်ဆိုင်ခြင်းမရှိနိုင်ဟု ဆုံးဖြတ် သည်။ သို့သော် အမေရိကန်တွင် အချိန်ကာလနှင့်အညီ ပြောင်းလဲသွားခဲ့ချေပြီ။ သို့သော်လည်း လက်ရှိစစ်အာဏာရှင်အောက်ရှိ မြန်မာနိုင်ငံလူမှုရေးပုံစံတွင် ဤသဏ္ဍာန် ထင်ရှားစွာရှိနေသေးသည်။ ပြည်သူတို့၏ အကျိုးစီးပွားနှင့် သက်သာချောင်ချိမှုကို လက်ရှိစစ်တပ် ခေါင်းဆောင်များက သာနားလည်ကြကြောင်း မောက်မာစွာယူဆကြသည်။ ပြည်သူများနှင့် နိုင်ငံရေးသမားများ ထက်သာလွန်သည်ဟုလည်း ၎င်းတို့က ယုံကြည်နေကြသည်။ ဤယုံကြည်မှုများက နိုင်ငံသားများကို ၎င်းတို့၏လက်အောက်ခံများအဖြစ် သဘောထားဆက်ဆံစေသည်။ တရားစီရင်ရေးနှင့်ပတ်သက်၍ တရားရုံးများသည် နိုင်ငံ၏အဓိကအကျိုးကို နားမလည်ဟု စစ်အစိုးရကထင်မှတ်သည်။ ဥပဒေသည် လူ့အသိုင်းအဝိုင်းကို စနစ်တကျထိန်းသိမ်းရန် အကောင်းဆုံးသောကိရိယာဖြစ်သည်။ သို့သော်လည်း စစ်အစိုးရသည် ၎င်းတို့သာလျှင် အုပ်ချုပ်ရေးကောင်းနှင့် တိုးတက်မှုကို မြှင့်တင်နိုင်သူများဖြစ်သည်ဟု ထင်မှတ်ကြသည်။ စစ်အစိုးရက အင်အားသည် အမှန်တရားဟူသောအမြင်ဖြင့် ဆယ်စုနှစ်များစွာ တိုင်းပြည်ကို အုပ်ချုပ်လာခဲ့ကြသည်။ နိုင်ငံပြင်ပတွင် ဖြစ်ပျက်နေသော တိုးတက်ပြောင်းလဲခြင်းများသည်လည်းကောင်း မသက်ဆိုင်သလို၊ ဒီမိုကရေစီအယူအဆ၊ တရားဥပဒေစိုးမိုးရေး သိနားလည်ခြင်းနှင့် စစ်အေးကာလ ပြီးဆုံးပြီးနောက် ထွက်ပေါ်လာသော အယူအဆသစ်များသည်လည်းကောင်း ၎င်းတို့နှင့် မသက်ဆိုင်သလိုပင်ဖြစ်သည်။

တရားရုံးများသည်လည်း ပကတိရှိရင်းအတိုင်း လုပ်ကိုင်ဆောင်ရွက်ကြသည်မှာ ဝမ်းနည်းဘွယ်ရာပင်။ စစ်အစိုးရသည် လူ့အခွင့်အရေးကြေညာစာတမ်းကို ဖတ်ဖူးသူများမဟုတ်သည့်အတွက် လွတ်လပ်သည့်တရားသူကြီးများကို ခန့်ထားမည်ဟုမထင်ပါ။ ဤကြေညာစာတမ်းမှာ ကမ္ဘာ့နိုင်ငံများ၏အခြေခံဥပဒေများတွင် အသိအမှတ်ပြုထားသော လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များပါဝင်သည်။ လူ့အဖွဲ့အစည်း၏ အခြေခံတန်ဖိုးကို ဖယ်ကျဉ်ထားသည့် လူ့အဖွဲ့အတွင်း၌ တရားစီရင်ရေးကို စိုက်ထူပါက တရားစီရင်ရေးသည် မလွဲမရှောင်သာ ထိုလူ့အဖွဲ့အစည်း၏ အရိပ်လွှမ်းမှုအောက်၌သာရှိနေပေသည်။ မြန်မာနိုင်ငံရှိ တရားရုံးများသည် လွတ်လပ်သော တရားစီရင်ရေးအနေဖြင့် ဆောင်ရွက်ခြင်းမရှိကြပေ။ ထို့ကြောင့် မြန်မာပြည်တွင် တရားမျှတမှုမရှိပေ။ လူ့အခွင့်အရေးများကို အကာအကွယ်ပေးခြင်းလည်းမရှိပေ။

## တရားစီရင်ခြင်း (အသက်ရှင်ခွင့်နှင့် လွတ်လပ်မှုချိုးဖောက်ခြင်း)

မြန်မာနိုင်ငံ၏ တရားစီရင်ရေးသည် နာမည်ကျော်ကြားသော အမေရိကန်နိုင်ငံ၏ (၅) ကြိမ်မြောက်ပြင်ဆင်မှု ဖွဲ့စည်းပုံအခြေခံဥပဒေကို စော်ကားသလိုဖြစ်ချေသည်။ ထိုအခြေခံ

ဥပဒေပြင်ဆင်ချက်မှာ "ဥပဒေနှင့်မလျော်ညီဘဲ မည်သူတဦးတယောက်၏ အသက်ရှင်မှု၊ လွတ်လပ်မှု (သို့) ဥစ္စာပစ္စည်းပိုင်ဆိုင်မှုကို ရုပ်သိမ်းခြင်းမရှိစေရ" ဟူ၍ဖြစ်သည်။ ဤသည်ကို လျော်ကန်သောအခွင့်အရေးဟု သာမန်အားဖြင့်နားလည်ကြသည်။ အသက်ရှင်ခွင့်သည် လူ့ဂုဏ်သိက္ခာနှင့်နေထိုင်ခွင့်အဖြစ် ရေးသားဖော်ပြကြသည်။ အောက်ပါအခွင့်အရေးများ လည်းပါဝင်သည်။

(က) အိုးအိမ်ရှိခွင့်၊

(ခ) အသက်မွေးဝမ်းကျောင်းပြုခွင့်၊

(ဂ) သန့်ရှင်းသော ဘေးပတ်ဝန်းကျင်တွင် နေထိုင်ခွင့်၊

(ဃ) ပညာသင်ခွင့် (အသက် ၁၄ နှစ်ထိ)၊

(င) ကျန်းမာရေးစောင့်ရှောက်ခံယူခွင့်၊

(စ) အရေးပေါ်အခြေအနေတွင် ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသနိုင်ခွင့်၊

(ဆ) သဘာဝပတ်ဝန်းကျင်၊

(ဇ) ပြစ်ဒဏ်အမိန့်များချမှတ်ရာတွင် အချိန်ဆွဲထားခြင်းမျိုးကင်းခွင့်၊

(ဈ) အလုပ်ဖြင့် အနှောင်အဖွဲ့ပြုထားခြင်းမှ ကင်းလွတ်ခွင့်၊

လွတ်လပ်ခြင်းတွင် အောက်ပါတို့ပါဝင်သည် –

(က) အမှုအလျင်အမြန် စစ်ဆေးစေခြင်း၊

(ခ) စစ်ဆေးသောအမှု တရားမျှတခြင်း၊

(ဂ) ထောင်ချခြင်းထက် အာမခံခြင်းကို ဖြစ်တန်ရာသည်ဟု မှတ်ယူခြင်းနှင့်

(ဃ) အကျဉ်းသားများအတွက် ပြည်သူ့အခွင့်အရေးရပိုင်ခွင့်ကိုကာကွယ်ပေးခြင်း၊

ထို့အပြင် ဥပဒေသည် အခြေအမြစ်ရှိပြီး နိုင်ငံတကာအခြေခံစံများနှင့် ကိုက်ညီ ရမည်၊ လုပ်ထုံးလုပ်နည်းများသည် အကျိုးအကြောင်းဆီလျော်ရမည်၊ တရားရမည်၊ မျှတရမည်။

တရားစီရင်ရေးသည် အခြေခံအခွင့်အရေးများကို လေးစားရမည်။ အခြေခံ အခွင့်အရေးများကို အာမခံချက်ရှိစေရမည်။ ထို့အပြင် ထိုအခွင့်အရေးများကို ခေတ်မီတိုးတက်စေရမည်။ ဥပဒေများကို အကျိုးအကြောင်းမဆီလျော် (သို့) တရားမျှတမှုမရှိဟု ကြေညာရန် တရားစီရင်ရေးတွင် အာဏာကင်းမဲ့သွားလျှင်တောင်မှ လူ့အခြေခံအခွင့်များ ရရှိနေစေရဦးမည်။ မြန်မာနိုင်ငံရှိ တရားရုံးများ၏တရားသူကြီးများသည် စစ်တပ်မှရွေးချယ်ထားသောသူများဖြစ်ကြသည်။ ၎င်းတို့ ထိုရာထူးကိုရသည်နှင့် ကုလားထိုင်တည်မြဲရေးမှာ ၎င်းတို့၏ အဓိကသောကဖြစ်သည်။ ခန့်အပ်သူ၏ အစေခံအဖြစ် အလုပ်အကျွေးပြုပေးလိုက်ခြင်းသည် ၎င်းတို့၏ကုလားထိုင်တည်မြဲရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ လူ့အသိုင်းအဝိုင်း အလွှာအသီးသီးတွင် ကြောက်စိတ်များ ကျယ်ကျယ်ပြန့်ပြန့်ရှိနေသည့် ရာသီဥတုအောက်၌ စစ်တပ်၏ဆုံးဖြတ်ချက်နှင့် လုပ်ဆောင်ချက်များကို စိန်မခေါ်မိအောင် သို့မဟုတ် မထိခိုက်မိအောင် တရားသူကြီးများသည် စီရင်ဆုံးဖြတ်မည်မှာ သဘာဝတော့ကျပါသည်။ တရားစီရင်ခြင်းဆိုင်ရာစနစ်သည် ကျွန်ကမ္ဘာနှင့် ကင်းကွာလျှက်ရှိသည်။ တရားစီရင်ရေးဆိုင်ရာ အသိုင်းအဝိုင်းသည် နီးကြားမှုများမရှိတော့ပေ။

မြန်မာနိုင်ငံတွင် တရားစီရင်ရေးကိစ္စကို ချဉ်းကပ်ရာတွင် အမှုအများအပြား၌ အဟန့်အတားဖြစ်စေသော တရားမကျင့်ထုံး၊ ပြစ်မှုဆိုင်ရာကျင့်ထုံးနှင့် သက်သေခံဥပဒေများကို တွေ့ရသည်။ ဥပမ – အမျိုးသမီးတဦးအား စိတ္တဇဆေးရုံတင်ရေးတွင် တစုံတရာကိစ္စအတွက် စစ်ဆေးရန် တရားရုံးသို့ပို့လိုက်သည်။ တရားသူကြီးက ထိုအမျိုးသမီးမှာ စိတ်ပိုင်းဆိုင်ရာဒဏ်ရာရှိကြောင်း အတည်ပြုကာ စိတ္တဇဆေးရုံပို့လိုက်သည်။ စိတ်ပိုင်းဆိုင်ရာဒဏ်ရာမှာ မီးရထားဌာနအစောင့်၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကြောင့်ဖြစ်ရသည်။ သို့သော် ထိုရာဇဝတ်မှုကျူးလွန်သောတရားခံကို အရေးယူခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် မုဒိမ်းမှုနှင့်တိုင်ကြားထားခြင်းမရှိ၍ဖြစ်သည်။ တရားစီရင်ရေးသည် ကိုယ်ကျင့်တရားနှင့် ဥပဒေရေးရာစံများကို အကဲဖြတ်ရာတွင် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ကြောင်း၊ ထိုသို့ပါဝင်ဆောင်ရွက်ရာတွင် နိုင်ငံသားအားလုံးအတွက် တရားမျှတရေးနှင့် လုံခြုံရေးအပါအဝင် လူ့အဖွဲ့အစည်းတိုးတက်မှု ကူညီ သည်ဟူသောအမြင်ဖြင့် ပါဝင်ဆောင်ရွက်ကြောင်း လူ့အဖွဲ့အစည်းက မျှော်လင့်ထားသည်။ မြန်မာ့တရားစီရင်ရေးကား ထိုသို့သောအမှုကို အရေးယူခြင်းမရှိ။ အရာရှိဟုယူဆသူများ ကျူးလွန်သည့် မုဒိမ်းမှုစွပ်စွဲချက်များကို တရားရုံးများက ဘေးဖယ်ထားတတ်ကြသည်။ တရားသူကြီးများ ရာထူးထိခိုက်မည်စိုး၍ဖြစ်သည်။ အဖြစ်အပျက်တခုတွင် မြို့နယ်ကောင်စီ ဥက္ကဋ္ဌမှ မုဒိမ်းမှုကျူးလွန်ကြောင်းစွပ်စွဲခံရသည်။ ၎င်းက ကျူးလွန်ခံရသူအား လိမ်ညာ၍တရားစွဲကြောင်း တုံ့ပြန်အမှုဖွင့်တိုင်တန်းသည်။ တရားရုံးက ထိုတိုင်တန်းချက်ကို လက်ခံကြားနာပြီး မုဒိမ်းကျင့်ခံရသူအား ထောင်ဒဏ် (၃) နှစ် အမိန့်ချလိုက်သည်။

## တာဝန်သိသော တရားစီရင်ရေး (ဟန်ဆောင်တရားစီရင်ရေး)

တာဝန်ကျေ တရားသူကြီးတယောက်ဖြစ်ရုံဖြင့် လုံလောက်သလား။ ဤမေးခွန်းသည် မည်သူ၏အသိတရား (အမှားအမှန်ခွဲခြားစိတ်) ကို သုံးသနည်း၊ တရားသူကြီးကိုယ်တိုင်၏ အသိတရားလား၊ ဥပဒေကိုယ်၌က အမှားများရှိနေလျှင် ဘာဖြစ်မလဲ စသည့် အခြားမေးခွန်းများထွက်ပေါ်စေသည်။ ဤမေးခွန်းများသည် လက်တွေ့နယ်ပယ်မှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဥပမာ – မိန်းကလေးတယောက်ကို အရာရှိတယောက်က မုဒိမ်းကျင့်သည်။ ထိုအရာရှိကို ရာဇဝတ်ပြစ်မှုဖြင့်တရားစွဲဆိုရန် အစိုးရ၏ခွင့်ပြုချက်ကို အရင်ယူရပါမည်ဟု ဥပဒေက ဆိုထားသည်။ ဤကဲ့သို့သောအခြေအနေတွင် တရားသူကြီးကဘာလုပ်ရမည်နည်း။ တရားသူကြီးသည် ဥပဒေကိုလိုက်နာရန် အသိရှိသောကြောင့် ခွင့်ပြုချက်မရရှိသော ထိုအမှုကို ပယ်ချရမည်သာ။ တရားသူကြီးအတွက် ၎င်း၏ကိုယ်ပိုင်အသိစိတ်ကို အသုံးပြုရန်မှတပါး ရွေးချယ်ရန်မရှိပါ။ သို့သော်လည်း အစိုးရ၏ခွင့်ပြုချက်ရရှိပါက တရားသူကြီးက အမှုကိုစစ်ဆေးနိုင်သည်။ တရားသူကြီး၏ စိုးရိမ်စိတ်က အမှုကိုဆိုင်းငံ့ထားစေမည်မဟုတ်ပေ။ လျှော်ကန်သော အာဏာပိုင်ထံတွင် ခွင့်ပြုချက်လျှောက်ထားဖို့ လမ်းညွှန်စေမည်လည်းမဟုတ်ပေ။

ဒေါ်အောင်ဆန်းစုကြည် က NLD အလုပ်သမားများကိုယ်စား၊ ၎င်းတို့ကို နှောင့်ယှက်ခြင်းနှင့် ခြိမ်းခြောက်ခြင်းပြုသည့် အာဏာပိုင်တို့အား အမှုဖွင့်စဉ်က ဤအခြေအနေမျိုးဖြစ်ခဲ့ဘူးသည်။ ဤအမှုကိစ္စတွင် မတရားမှုကိုဟန့်တားရန် တရားသူကြီး၌ စစ်အစိုးရ၏

အတွေးအမြင်နှင့် ခြားနားသည့်အတွေးအမြင်ရှိရန်လိုအပ်သည်။ တရားစီရင်ရေး၏ မူလရှိရင်း စွဲအာဏာများနှင့် ကုလသမဂ္ဂသဘောတူညီချက်များမှ ပြဋ္ဌာန်းထားသည့်စံများဖြင့် မတရား သည့်ကိစ္စရပ်များကို တရားသူကြီးများအနေဖြင့် တရားမျှတအောင် ရဲရင့်စွာဆောင်ရွက်သွား နိုင်ပါသည်။ သာမန်အားဖြင့် သဘောတူထားကြသည့် တန်ဖိုးများ၊ စံနှုန်းများ၊ စံများရှိပါ သည်။ ထိုစံများ၊ တန်ဖိုးများနှင့်ထိန်းညှိထားသော ဥပဒေနှင့် ကျင့်ထုံးများရှိပါသည်။ မြန်မာ နိုင်ငံ၌မူ တရားဝင်ခွင့်ပြုထားသော မတရားမှုများက လွှမ်းမိုးနေပေသည်။ ဒေါ်အောင်ဆန်းစု ကြည် စွဲဆိုသောအမှုကို အာဏာပိုင်များ၏ ခွင့်ပြုချက်လိုသည်ဟူသောအခြေခံပေါ်တွင် အကျဉ်းနည်းဖြင့် ပယ်ချခဲ့သည်။

တရားစီရင်ရေးအားနည်းချက်များ လွှမ်းမိုးနေသည့် ဥပမာတရပ်မှာ အချုပ်အခြာအာ ဏာကျင့်သုံးခြင်း **(Acts of sovereignty)** ဟူသော အများလက်ခံထားသည့် အယူအဆ ကို မြန်မာနိုင်ငံတွင် ကျင့်သုံးရာ၌ တရားရုံးများ၏ စီရင်ပိုင်ခွင့်ပြင်ပတွင် ရောက်နေပေသည်။ အချုပ်အခြာအာဏာကျင့်သုံးခြင်းဟူသည် အစိုးရများက သဘာဝအရ အချုပ်အခြာအာ ဏာပိုင်အဖွဲ့ဖြစ်၍ ၎င်းတို့၏ကျင့်သုံးဆောင်ရွက်မှုဖြစ်သည်။ သို့သော်လည်း ဤအယူအဆ ကို ပြည်တွင်းလုံခြုံရေး သို့မဟုတ် နိုင်ငံခြားရေးမူဝါဒများနှင့် ဆက်နွယ်နေသည်ဟူ၍ အရာရာ တွင် အကဲဖြတ်ရန်သုံးခြင်းသည် အလွန်တရာမရှင်းမလင်းဖြစ် သည်။ အချုပ်အခြာအာဏာ ကျင့်သုံးခြင်းအား တရားရေးအာဏာပိုင်များမှ စစ်ဆေးခြင်းကို ဥပဒေဖြင့် ဟန့်တားထား သည်။ မြန်မာတရားရုံးများသည် ဤအယူအဆကို အဓိပ္ပါယ်ဖွင့်ဆိုသင့်ပါလျက် အဓိပ္ပါယ်ဖွင့် ဆိုထားခြင်းမရှိပေ။ ၎င်းတို့သည် ထိုအယူအဆကို အခြေခံဥပဒေအရ ခွင့်ပြုခြင်းနှင့်ပတ်သက် ၍ မေးမြန်းခြင်းကိုပင် ငြင်းဆိုကြသည်။ ၎င်းတို့သည် ပြည်သူလူထု သို့မဟုတ် ဥပဒေက အချုပ်အချာအာဏာပိုင်သည်ဆိုခြင်းထက် အုပ်ချုပ်ရေးအဖွဲ့က အချုပ်အခြာအာဏာပိုင် သည်ဟူသော ယုံကြည်ချက်ပေါ်တွင် အခြေပြုသည်။ ထို့အပြင် ကန့်သတ်ခြင်း သို့မဟုတ် တာဝန်ခံခြင်းမရှိဘဲ လိုအပ်သည့် မည်သည့်အရာကိုမဆို အုပ်ချုပ်ရေးအာဏာစွဲကိုင်သူများ က လုပ်ဆောင်နိုင်သည်ဟူသော အချက်ပေါ်တွင်လည်း အခြေပြုသည်။ အာဏာရှင်နိုင်ငံ များရှိ တရားရုံးများသည် အချုပ်အခြာအာဏာကျင့်သုံးမှုအယူအဆကို အုပ်ချုပ်ရေးအာ ဏာပိုင်များ၏ စီမံခန့်ခွဲမှုဆိုင်ရာ အရေးယူဆောင်ရွက်မှု တရားမဝင်ကြောင်း ရှောင်ကွင်းဆုံး ဖြတ်ရန်သာ အသုံးပြုကြသည်။

## သာမန်လူများအတွက် တရားမျှတမှု

မြန်မာပြည်သူအများစု ကြုံတွေ့နေရသော အခြားအဓိကကျသော အခက်အခဲသည် သင့်လျော်သော ဥပဒေဆိုင်ရာအကြံပေးမှုနှင့် ရှေ့နေငှားခွင့်မရရှိခြင်းပင်ဖြစ်သည်။ ဤ အတားအဆီးသည် လူများစုဖြစ်သော ငွေကြေးအရင်းအမြစ်နည်းပါးသူများအတွက် အလွန်အမင်း ဆိုးကျိုးကိုဖြစ်စေပါသည်။ ရှေ့နေငှားရန် အခွင့်အလမ်းရှိနေစေကာမူ အဖိုး အခမှာ အလွန်မြင့်မားပေသည်။ အမှုအခင်းကို နှောင့်နှေးစေမှုများကလည်း စရိတ်ကုန်ကျ စေသည်။ အထူးသဖြင့် ချမ်းသာသူများက ကျွမ်းကျင်သောရှေ့နေများ ငှားရမ်းနိုင်ကြ သည်။ အများစုအနေဖြင့် ထိုသို့မငှားနိုင်ဘဲ အောင့်အီးခံကြရသည်။ နာမည်ကြီးရှေ့နေများက

တရားရုံးတွင်သြဇာရှိကြသည်။ ရှေ့နေများက အသာစီးတွင်ရှိနေသောကြောင့် တရားရုံးတွင် ဘက်လိုက်သည့်စနစ် မကြာခဏတွေ့ကြရသည်။ ချစားလာဘ်စားမှုသည် တရားရုံးများ အထိ ရောက်နေသည့်အခြေအနေများဖြစ်နေသည်။ အမှုအနိုင်ရရေးအတွက် ရှေ့နေများက တရားသူကြီးများကို လာဘ်ထိုးကာ ဆုံးဖြတ်စေသော သာဓကလည်း အမြောက်အမြားရှိ သည်။

လူအားလုံးသည် ဥပဒေရှေ့မှောက်တွင် အညီအမျှဖြစ်သည်ဟူသော ဆိုရိုးစကား သည် မြန်မာနိုင်ငံအဖို့မူ အဓိပ္ပါယ်မရှိပေ။ မြန်မာနိုင်ငံတွင် ဥပဒေအထောက်အကူပြုစနစ် **(Legal Aid System)** မရှိပေ။ ထို့အပြင် အထက်တွင်ဆိုခဲ့သလို ဥပဒေအထောက်အကူ ပြုစနစ်မရှိခြင်းက လူအများအနေဖြင့် ဥပဒေအကြံဉာဏ်နှင့် ရှေ့နေငှားခွင့်မရနိုင်ခြင်းအကျိုး ဆက်ဖြစ်စေသည်။ ဥပဒေအထောက်အကူပြုစနစ်၏ ရည်ရွယ်ချက်မှာ တရားရုံးတွင် ဆင်းရဲ သားများအတွက် ရှေ့နေရရှိနိုင်ရန်ဖြစ်သည်။ အကောင်းဆုံးသော သက်သာခွင့်ရရှိစေရန်၊ ဆုံးဖြတ်ချက်၊ စီရင်ချက်ချမှတ်ခံရစေရန်ဖြစ်သည်။ ဤသည်ကား တစိတ်တပိုင်းအားဖြင့် လျှော့ကန်မှုကိုဖြစ်စေသည်။

## ဥပဒေအကောင်အထည်ဖော်သည့်အာဏာပိုင်များ– ပြန်လည်ပြုပြင်ရန်လိုအပ်

မြန်မာနိုင်ငံတွင် အမှန်တကယ် တရားဥပဒေစိုးမိုးလိုပါက တရားဥပဒေ အကောင်အ ထည်ဖော်ခြင်းနှင့်ပတ်သက်၍လည်း ပြုပြင်ရန်လိုအပ်သည်။ ဤသို့ပြုပြင်ခြင်းသည် တရားမျှ တမှုအတွက် အရေးကြီးပေသည်။ ဒီပဲယင်းလူသတ်ပွဲကြီးကဲ့သို့ ရာပေါင်းများစွာသော ပြည် သူများကို တရားဥပဒေနည်းလမ်းနှင့်မညီဘဲ သတ်ဖြတ်နေခြင်းများသည် တရားဥပဒေအ ကောင်အထည်ဖော်စနစ် အနိမ့်ကျဆုံးအနေအထားသို့ ရောက်သွားစေသည်။ ပထမ သတင်းပေးတိုင်တန်းချက်လည်းမဖွင့်၊ ပြစ်မှုကျူးလွန်သူများကိုလည်း တရားရုံးသို့မပို့ခဲ့ပေ။ ရဲဌာနသည် တာဝန်များကို လွတ်လပ်စွာဆောင်ရွက်နိုင်မှုထက် စစ်ထောက်လှမ်းရေး **(MI)** များကို ကူညီရသောအဖွဲ့ ဖြစ်နေပေသည်။

စုံစမ်းစစ်ဆေးမှုမှန်သမျှ ရဲဌာနတွင်မထားရှိတော့ဘဲ စစ်ထောက်လှမ်းရေးက သာ လုပ်တော့သည်။ စစ်ထောက်လှမ်းရေးမှ စုံစမ်းစစ်ဆေးပြီးမှ စာရွက်စာတမ်းများ ရဲဌာနကို လွှဲအပ်ပေးသည်။ ဤကား ချစားမှုနှင့်လိမ်ညာမှုကို ဦးတည်စေသည်။ ရဲဌာန၏ လုပ်ငန်း ဆောင်တာလွှဲချော်နေပါက တရားသူကြီးများလည်း မည်သို့မျှမတတ်နိုင်ပါ။ တရားသူကြီး များသည် ၎င်းတို့၏အလုပ်နှင့် အသက်အတွက် စိုးရိမ်ကြရသည်။ အမှန်ကေန်မှာ ထိရောက် သော တရားစီရင်ရေးစနစ်မှာ ရဲအဖွဲ့၏ စီမံခန့်ခွဲမှုပင်ဖြစ်သည်။ သို့ သော် မြန်မာနိုင်ငံတွင်မူ စစ်ထောက်လှမ်းရေးကသာ စီမံဆောက်ရွက်သည်။ ဥပဒေ အမှတ် (၁၀/၈၃) အမျိုးသား ထောက်လှမ်းရေးဥပဒေသည် အကြီးအကျယ် လိမ်ညာဆင်ခြေပေးထားသည့် ဥပဒေဖြစ် သည်။ ဤဥပဒေသည် ပြဋ္ဌာန်းဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို ပယ် ဖျက်ထားခြင်း၊ ပြင်ဆင်ထားခြင်းမရှိပေ။ ရာဇဝတ်ကျင့်ထုံးဥပဒေပြဋ္ဌာန်းချက်အရ စုံစမ်းစစ် ဆေးမှုအားလုံးကို ရဲအရာရှိကသာ ဆောင်ရွက်ရမည်ဖြစ်သည်။ စစ်အစိုးရသည် နိုင်ငံတော်

အာဏာကိုလုယက်ခဲ့ရုံမက ဥပဒေ၏လျှော်ကန်မှုနှင့် တရားမျှတမှု၏အခြေခံများကိုပါ မတရားလုပ်ခဲ့ပေသည်။

အမှုများကိုလုပ်ကြံတင်ပြလျှင်၊ သက်သေခံများ လိမ်ညာတင်ပြလျှင်၊ တရားသူကြီးများနှင့် ဥပဒေအကောင်အထည်ဖော်သည့် ဌာနများ၏ လွတ်လပ်မှုတည်းဟူသော အယူအဆသည် အပိုသက်သက်မျှသာဖြစ်သည်။ မကြာသေးသောအမှုတခုတွင် နိုင်ငံတော်သစ္စာဖောက်မှု စွပ်စွဲချက်ဖြင့် လူ(၉)ဦးကို သေဒဏ်ချမှတ်ခဲ့သည်။ သက်သေခံ အထောက်အထားများကား အားနဲပါသည်။ အယူခံဝင်ရာတွင် စွပ်စွဲခံရသူသုံးဦးအား ပြစ်ဒဏ်လျှော့ပေးခဲ့သည်။ ၎င်းအား အိုင်အယ်လ်အို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်နှင့် အဆက်အသွယ်ရှိသည်ဟူသော စွဲချက်တင်သည်။ ဤအမှုတွင် သက်သေခံများကို စစ်ထောက်လှမ်းရေးက ရှာဖွေခဲ့ခြင်းဖြစ်သည်။ အမှုမှာလည်း လုပ်ကြံထားသောအမှုဖြစ်သည်။ မူလတရားရုံး တရားသူကြီးကလည်း မစိုးမရိမ့် စစ်ထောက်လှမ်းရေး၏အလိုကျအတိုင်း ဆုံးဖြတ်ချက်ချပေးခဲ့သည်။ အကျိုးဆက်မှာ ရှုံ့ချမှုများပေါ်ပေါက်လာခဲ့ရသည်။ အိုင်အယ်လ်အိုကလည်းပါလာရတော့သည်။ ထို့ကြောင့် အယူခံတရားရုံးက ပြစ်ဒဏ်ကိုလျှော့လာခဲ့ရသည်။ ဤသည်မှာ မြန်မာနယ်ခြားသို့ ပေါက်ထွက်လာသောအမှုများအနက် ထင်ရှားသော သာဓကတရပ်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလူ့အဖွဲ့အစည်းသည် အဆိုပါကဲ့သို့ နိုင်ငံရေးနှင့်ဆိုင်သော ပြဿနာရပ်များအပေါ် ပိုမိုပတ်သက်လာနေပေသည်။ ထို့အတူ အောက်ပါလေ့လာချက်လေးရပ်သည် စစ်အစိုးရလက်အောက်၌ လက်ရှိတရားစီရင်ရေး၏ စိတ်မချမ်းမြေ့ဘွယ် အထောက်အထားများ ပြဆိုထားပေသည်။ ထိုလေ့လာချက်များက တရားစီရင်ရေး၊ လွတ်လပ်မှုကင်းမဲ့ခြင်းနှင့် လူမှုရေးတရားမျှတမှုကင်းမဲ့ခြင်းကို ဖော်ပြနေပေသည်။

## မွန်ပြည်နယ်တွင်းက အမှုတမှု
## ဥပဒေရေးရာအခြေအနေ

၁၉၅၀ ခုနှစ် အရေးပေါ်စီမံမှုအက်ဥပဒေအရ မည်သူမဆို –

(၁) အစိုးရအပေါ်တွင် စစ်တပ်နှင့်အစိုးရဝန်ထမ်းများက ကြည်ညိုနေခြင်းကို ပျက်ပြားစေလျှင် ထိုသူတို့၏ ကျန်းမာမှု၊ လေ့ကျင့်မှု၊ တာဝန်ဝတ္တရားဆောင်ရွက်မှုတို့ကို ယုတ်လျော့စေလျှင်၊

(၂) အစိုးရအပေါ် မမှန်သတင်းလွှတ်ရန်ကြံရွယ်လျှင် (သို့) ပြန်နှံ့စေလျှင်၊

(၃) အများပြည်သူတို့အား (သို့) ပြည်သူတစု၏ ကိုယ်ကျင့်တရားပျက်ပြားစေလျှင် (သို့) အထိတ်အလန့်ဖြစ်စေလျှင်၊

ထိုသူသည် (၇) နှစ်အထိ ထောင်ချခြင်းခံရနိုင်သည်။

အရေးပေါ်စီမံမှုဥပဒေ၏ ပုဒ်မ(၃)သည်လည်း စစ်တပ်၏ တာဝန်ဝတ္တရားထမ်းဆောင်မှုအောင်မြင်ရေးကို အဟန့်အတားပြု ကျူးလွန်သောပြစ်မှုဖြစ်သည်။ ဤပြစ်မှုကို ကျူးလွန်ပါက သေဒဏ် သို့မဟုတ် ထောင်ဒဏ်တသက် ဒဏ်ချခံရနိုင်သည်။

အရေးပေါ်စီမံမှုဥပဒေတွင် ပုဒ်မများစွာရှိသော်လည်း ဤအမှုကို ပုဒ်မ ၅ (င) ဖြင့်စွဲခဲ့ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤပုဒ်မသည် ကျယ်ပြန့်သောအဓိပ္ပါယ်ဖြင့် ရေးဆွဲထား

၍ဖြစ်သည်။ မည်သည့်ပြစ်မှု ကျူးလွန်ရာရောက်သည်ကို တရားရုံးက အဓိပ္ပါယ်ဖွင့်ဆိုပေမည်။ ထိုပုဒ်မ အဓိပ္ပါယ်ကျယ်ပြန့်နေစေကာမူ တရားစီရင်ရေးလွတ်လပ်မှုမရှိခြင်းသည် နအဖ၏အမိန့်နှင့် ညီညွတ်သည်ဟူသော ဆုံးဖြတ်ချက်ဖြစ်စေမည်မှာ သေချာသည်။ ဥပဒေကို တဖက်သတ် အဓိပ္ပါယ်ဖွင့်ဆိုအသုံးချကြမည်ဖြစ်သည်။ အမှုနှင့်ပတ်သက်သော အချက်အလက်များနှင့် ဥပဒေကို ကုလသမဂ္ဂကိုယ်စားလှယ်အား ရှင်းပြရာတွင် အစိုးရအာဏာပိုင်များက ပုဒ်မ၏အဓိပ္ပါယ်များကို ဆန့်ကျင်ဖွင့်ဆိုပြခဲ့သည်။ စစ်အစိုးရသည် မည်သည့်ပြဋ္ဌာန်းဥပဒေနှင့်အမိန့်များ သုံးရမည်ကို မသိရှိရုံမက အမှုနှင့်ပတ်သက်သော အခြားကိစ္စရပ်များကိုလည်းမရှိကြောင်း ရွေးချယ်ခံထားရသော လွှတ်တော်အမတ်များနှင့် ရှေ့နေများက ကုလသမဂ္ဂအထူးကိုယ်စားလှယ်ကို ပြောပြခဲ့သည်။ (ရည်ညွှန်း UN Doc. E/CN 4/ 1993/ 37)

အရေးပေါ်စီမံမှုဥပဒေသည် သိမ်မွေ့သော တရားဓမ္မသတ်၏ အခြေခံယုံကြည်ချက်ဖြစ်သည့် “မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်မှုများကိုကျင့်သုံးရာ၌ အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်တို့ကိုလည်း အသိအမှတ်ပြု လေးစားနိုင်ရေးကိုကာကွယ်ရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ဒီမိုကရေစီထွန်းကားသော လူ့အဖွဲ့အစည်း ကိုယ်ကျင့်တရား စည်းကမ်းသေဝပ်မှုနှင့် လူမှုဖူလုံရေးလိုအပ်ချက်တို့ကို ပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ ဥပဒေအရ ခွင့်ပြုထားသော အတိုင်းအတာအထိသာ ကျင့်သုံးခွင့်ရှိသည်” ဟူသောအချက်ကို ချိုးဖောက်လျက်ရှိသည်။ ထိုအခြေခံအချက်များကို လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၉ (၂)နှင့် အပြည်ပြည်ဆိုင်ရာ အရပ်သားနှင့်နိုင်ငံရေးအခွင့်အရေးစာချုပ် အပိုဒ် ၅(င) တွင်ဖော်ပြထားသည့် လွှတ်တော်ပြဋ္ဌာန်း ဥပဒေတရပ်ဖြစ်သည့် ဤအရေးပေါ်စီမံမှုဥပဒေသည် အတိုက်အခံများကို နှိပ်ကွပ်ရန်၊ အာဏာရှင်စနစ်စိုက်ထူရန် အခြေခံအားဖြင့်သုံးသည်။ ယဉ်ကျေးပြီး ဒီမိုကရေစီလူ့အဖွဲ့အစည်း ပြန်လည်ထူထောင်ရေးအတွက်မူ အဆိုပါဥပဒေကို ချက်ချင်းပယ်ဖျက်ပစ်ရမည်ဖြစ်သည်။

အရေးပေါ်စီမံမှုဥပဒေသည် လွှတ်တော်တရားဝင်နေစဉ် ဒီမိုကရေစီအစိုးရ အာဏာရှိနေစဉ်အချိန်က ပြဋ္ဌာန်းခဲ့သည်မှာ ဝမ်းနည်းဘွယ်ဖြစ်သည်။ ထိုဥပဒေ ပြဋ္ဌာန်းချိန်၌ မြန်မာနိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်နေခဲ့သည်။ (ကချင်၊ ကရင်၊ မွန်၊ ရှမ်း၊ ရခိုင်နှင့် ဗမာများသည် အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေကြသည်။) အစိုးရသည် ရန်ကုန်အစိုးရဟုသာ အခေါ်ခံနေရသည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် အစိုးရအား အရေးပေါ်အခြေအနေ ကြေညာနိုင်သောအာဏာပေးသည့် ပြဋ္ဌာန်းချက်တရပ်ရှိသည်။ အစိုးရသည် ဤပြဋ္ဌာန်းချက်ကို ကျင့်သုံးရမည့်အစား အရေးပေါ်စီမံမှုဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဤ ဥပဒေ၏ ဂယက်ရိုက်မှုကိုနားလည်ရန် ဤအချက်က အရေးကြီးသည်။ သို့သော် ထိုဥပဒေ ပြဋ္ဌာန်းသည့်အချိန်ကိုလည်း ထည့်သွင်းစဉ်းစားရန်လည်း အရေးကြီးပေသည်။ ထိုဥပဒေကို အခြေခံဥပဒေအရနှင့် တရားဥပဒေစိုးမိုးမှုအနေအထားအရ ပြဋ္ဌာန်းခဲ့သည်။ နိုင်ငံသားတိုင်းသည် အခြေခံလူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းအတွက် တရားရုံးချုပ်တွင် ဥပဒေအရ တရားသဖြင့် ဖြစ်အောင်ဆောင်ရွက်ပေးရန် တောင်းခံခွင့်ရှိကြသည်။ ထို့အတူ သာမန်အားဖြင့် တရားစီရင်ရေးလွတ်လပ်မှုရှိခဲ့သည်။ ယနေ့ကာလနိုင်ငံရေးနှင့် ဥပဒေအခြေအနေမှာ ယခင်ကနှင့် များစွာကွဲပြားခြားသွားပြီဖြစ်

သည်။ ယနေ့ကာလတွင် တရားဥပဒေစိုးမိုးမှုမရှိ၊ အခြေခံဥပဒေမရှိ၊ တရားစီရင်ရေး လွတ်လပ်မှုလည်းမရှိပေ။ ဤနောက်ခံဖြင့် အရေးပေါ်စီမံမှုဥပဒေသည် ငြိမ်းချမ်းသော မြန်မာပြည်သူများကို ဖြောင်ကျကျ ခြိမ်းခြောက်လျက်ရှိသည်။

အမှုများသည် သက်သေခံဥပဒေ လွဲမှားစွာအသုံးချခြင်းနှင့် လုပ်ထုံးလုပ်နည်းများခြင်းတို့အပြင် အခြားသောအပြစ်အနာအဆာများကြောင့်လည်း အမှုများသည် နစ်နာကြရသည်။ ၁၉၉၈ ခုနှစ်တွင် နအဖကိုစွဲဆိုသော ဒေါ်အောင်ဆန်းစုကြည်၏အမှုကို တရားရုံးချုပ်မှ ပယ်ချခဲ့သည်။ တရားစွဲရာတွင် ကြိုတင်ခွင့်ပြုချက်မယူခြင်းကြောင့် ပယ်ချခြင်းဟု အကြောင်းပြသည်။ ထိုဥပဒေကိုပင်ရှိစေကာမူ အခြားအမှုတွင် ခွင့်ပြုချက်မရှိစေကာမူ တရားစွဲစေနိုင်ခဲ့သည်။ ဤသည်မှာ ဥပဒေကိုတရားမမျှတစွာသုံးစွဲနေသော ထင်ရှားသည့် သာဓကတရပ်ဖြစ်သည်။ အစိုးရသည် စနစ်တကျ မတော်မတရားလုပ်မှုများအတွက် လုံးဝကင်းလွတ်ခွင့်ရနေသည်။ တရားစီရင်ရေးသည်လည်း အစိုးရမူဝါဒကို ဖြောင် ပါဝင်အကောင်အထည်ဖော်သူဖြစ်သည်။

မွန်ပြည်နယ်တွင်း ဖြစ်ခဲ့သောအမှုမှာ လုပ်ထုံးလုပ်နည်းအမှားများရှိခဲ့သည်။ ရာဇဝတ်ကျင့်ထုံးတွင် သက်သေခံရှာဖွေမှုပြုလုပ်ရမည့် နည်းနာများကို ပြဋ္ဌာန်းထားသည်။ စွပ်စွဲခံရသူမှာ ရဲ၏ဖမ်းဆီးခြင်းခံထားရသည်။ သို့သော် သက်သေခံရှာဖွေသည့်နေရာကို ၎င်းစွပ်စွဲခံရသူအား ခေါ်မသွားပေ။ ရှာဖွေပုံစံတွင် ရှာဖွေသက်သေများ လက်မှတ်ရေးထိုးသော်လည်း ရှာဖွေပုံစံပါ အကြောင်းအရာများကို ဖတ်ပြခဲ့ခြင်းမရှိပေ။ ဤအချက်များကို တရားလိုရှေ့နေမှ ငြင်းဆိုခြင်းလည်းမရှိပေ။ ရှာဖွေသည့်နည်းနာမှာ ညံ့ဖျင်းပြီး ဥပဒေကိုချိုးဖောက်သည်။

## ဝေဖန်သုံးသပ်မှု

တရားစီရင်ခြင်းနှင့်ပတ်သက်သော ထူးခြားသည့်သိရှိရမှုခုကို မျက်ကွယ်မပြုထိုက်ပေ။ ထိုသိရှိရမှုမှာ အောက်တရားရုံး၏ဆုံးဖြတ်ချက်ကို မော်လမြိုင်ခရိုင် တရားရုံးသို့တင်လာသော အယူခံမှုဖြစ်သည်။ အောက်ရုံးက အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၇) နှစ်ကျခံရန် ဆုံးဖြတ်ထားသည်။ ထိုကဲ့သို့အမှုမျိုးကို ကြားနာခြင်းမရှိဘဲ အယူခံရုံးက ပယ်လိုက်သည်ကို နားမလည်နိုင်ပေ။ သို့သော် ဥပဒေ၏အခြေခံစည်းမျဉ်းကို ချိုးဖေါက်လိုက်သည်မှာ သေချာပေသည်။ အမှုကို စစ်ဆေးကြားနာခြင်းမရှိဘဲ စွပ်စွဲခံရသူကို အပြစ်ဒဏ်မပေးရပေ။ ဤအမှုတွင် စွပ်စွဲခံရသူ၏အခွင့်အရေးအဖြစ် ကြားနာစစ်ဆေးရမည့်တာဝန် တရားရုံးတွင်ရှိသည်။ ဤအခွင့်အရေး မပေးခဲ့ခြင်းသည် နအဖ မှ တရားစီရင်ရေးအား တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားသည်ကို ရှင်းရှင်းလင်းလင်း ဖော်ပြနေပေသည်။

အပြီးသတ် အယူခံရုံးသည်ပင်လျှင် လွတ်လပ်မှုကင်းမဲ့နေကြောင်း ပြသလျက်ရှိသည်။ အစိုးရရှေ့နေများ၏တင်ပြချက်များကို တရားရုံးစီရင်ချက်များတွင် ထပ်ကာထပ်ကာ ဖေါ်ပြကြသည်။ အစိုးရရှေ့နေများသည် အသက်ဝမ်းကြောင်းမှုဆိုင်ရာ ကိုယ်ကျင့်တရား၊ အာဏာခွဲခြားမှုတို့နှင့် ဆန့်ကျင်လျက် အုပ်ချုပ်ရေး၏ အဓိကဖြစ်လာနေသည်။ တရားသူကြီးသည် နအဖတည်းဟူသော အုပ်ချုပ်ရေးအဖွဲ့၏ အလုပ်သမားအဖြစ် ဆောင်ရွက်ကြရသည်။ မွန်ပြည်နယ်လွှတ်တော်အမတ်၏ ဤအမှုသည် ထူးခြားသောအမှုဖြစ်သည်။ အဘယ်ကြောင့်

ဆိုသော် တိုင်းရင်းသားလူမျိုးစုများနှင့်စပ်ဆိုင်နေသောကြောင့်ဖြစ်သည်။ လူမျိုးစုလက်နက်ကိုင် (၁၆) ဖွဲ့တို့သည် အပစ်အခတ်ရပ်စဲရေးလုပ်ထားကြသည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးဟုသော အမည်နာမဖြင့် စတင်ခဲ့ကြခြင်းဖြစ်သည်။

ဤကိစ္စသည် လူထုအတွက် အလွန်အရေးပါသည်။ တစုံတရာလေးနက်သည်။ သို့ဖြစ်၍ ဤအမှုကို တရားရုံးချုပ် Full Bench သို့ လွှဲပြောင်းပေးသင့်သည်။ အယူခံကို တဦးထိုင် ပြည်နယ်/တိုင်းက ဆုံးဖြတ်ခြင်းသည် ခိုင်လုံမှုမရှိပေ။ ဤဆုံးဖြတ်ချက်က နအဖသည် တရားဥပဒေစိုးမိုးမှုကို မထေမဲ့မြင်ပြုလိုက်ကြောင်း ရှင်းလင်းနေပေသည်။

ထောင်ဒဏ် (၇) နှစ်ချမှတ်ခြင်းနှင့်ပတ်သက်၍ ရာဇဝတ်ဥပဒေ၏ အဓိက ရည်ရွယ်ချက်မှာ ပြုပြင်ရန်၊ ထိန်းသိမ်းရန်၊ ဒဏ်ခတ်ရန်နှင့်တားဆီးရန်ဖြစ်သည်။ ဤအမှုတွင် စွပ်စွဲခံရသူများအပေါ်တွင် ဤအချက်များ သုံးထားခြင်းမရှိပေ။ သို့သော် နအဖ အုပ်ချုပ်မှုအောက်တွင် ပြစ်ဒဏ်ဆုံးဖြတ်ချမှတ်ရာတွင် ဒဏ်ခတ်ခြင်းသည် အဓိကမူဖြစ်လာသည်။ ဥပမာ တရားရုံးများသည် ပြစ်ဒဏ်ချမှတ်ရာတွင် အများဆုံးပြဋ္ဌာန်းထားသော ပြစ်ဒဏ် (၇) နှစ်ကို ဆုံးဖြတ်ချမှတ်ပေးလေ့ရှိသည်။

ရာဇဝတ်ဥပဒေတွင် အခြေခံအကျဆုံးမူမှာ စွပ်စွဲခံရသူအား လူသားမဆန်သော ဂုဏ်သိက္ခာထိခိုက်စေသော ပြစ်ဒဏ်မည်သည့်အခါမျှ မပေးရခြင်းဖြစ်သည်။ ထင်ရှားသည့်အန္တရာယ်ပေးမှုမျိုး မလုပ်သူအား ရာဇဝတ်ဥပဒေအတိုင်း ပြစ်ဒဏ်ခတ်ရန်မလိုပေ။ စွပ်စွဲခံရသူက စာရေးရုံမျှဖြင့် ဘာအန္တရာယ်ဖြစ်စေသနည်း။ တော်လှန်ရေးသမားက အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခြင်းလည်းမရှိ၊ ပျက်ပြားစေခြင်းလည်းမလုပ်ခဲ့ပေ။ ထို့ကြောင့် ဤအမှုသည် ရာဇဝတ်ဥပဒေ၏မူများနှင့် မကိုက်ညီပေ။ လူ့အဖွဲ့အစည်းအကျိုးအတွက် တရားမျှတမှုမရှိစေလျှင် မည်သူ့တဦးကိုမျှ မထိခိုက်၊ မနစ်နာစေရသည်မှာ အားလုံးနားလည်ကြသောအမှန် တရားဖြစ်သည်။ ယခုအမှုတွင် ချမှတ်လိုက်သောပြစ်ဒဏ်မှာ မွန်လူထုကို မည်သို့အကျိုးရှိစေသည်ဆိုသည်မှာ ရှင်းရှင်းလင်းလင်းမရှိပေ။

စွပ်စွဲခံရသူများမှာ မွန်လူ့အဖွဲ့အစည်းတွင် သမိုင်းနှင့်ချီပြီး မွန်လူထုကို အလုပ်အကျွေးပြုခဲ့သည့် ဂုဏ်သိက္ခာကို ထွေးပိုက်ထားသူများဖြစ်သည်။ ၎င်းတို့အား ယခုကဲ့သို့ စွဲချက်တင်ခြင်းသည် စစ်အစိုးရမှ ဤလူ့အဖွဲ့အစည်း၏ အဓိကအဆောက်အအုံကို ဖျက်ဆီးရန် ပြောင်ကြိုးပမ်းခြင်းဖြစ်သည်။ အမှန်အားဖြင့် အဓိကအင်အားစုကို အပြစ်ပေးဒဏ်ခတ်ခြင်းဖြစ်သည်။ မွန်ခေါင်းဆောင်များက စာရေးသားသူ မည်သူဆိုသည်ကို ဝန်ခံခဲ့သည်။ ထိုအမှုတွင် အခြေခံအကြောင်းရင်းမှာ လွတ်လပ်စွာထုတ်ဖော်ခွင့် ပေးသင့်ခြင်းဖြစ်သည်။ တရားရုံး၏တာဝန်မှာ အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ပေးရန်မဟုတ်ပေ။ မျှတမှုရှိရန်မှာ ပြည်နယ်/တိုင်း တရားရုံးအနေဖြင့် အချုပ်ကျခံရပြီးသည့်ကာလအထိ ပြစ်ဒဏ်ကို ညှိပေးသင့်သည်။ (ဖမ်းသည့်နေ့မှ ဆုံးဖြတ်ချက်ချသည့်နေ့ထိ တနှစ်နှင့်လေးလရှိခဲ့ပြီးဖြစ်သည်။) ဤသည်ကိုအခြေပြု၍ အယူခံဝင်ခြင်းဖြစ်၏။ သို့သော်လည်း ပြည်နယ်တရား ရုံးက လုံးဝဖော်ပြခဲ့ခြင်းမရှိပေ။ ဤသည်ကား တရားမျှတမှုကို ပြောင်ကျကျ တလွဲတချော်လုပ်ခြင်း၏ ဥပမာတရပ်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုအခြေခံဥပဒေ (၈) ကြိမ် မြောက်ပြင်ဆင်ချက်က ရက်စက်စွာ ပြစ်ဒဏ်ပေးခြင်းနှင့် သာမန်အတိုင်းမဟုတ်သော ပြစ်ဒဏ်ပေးမှုမျိုးကို တားမြစ်ထားသည်။ အမှု၏သဘော

သဘာဝနှင့် ပြစ်ဒဏ်၏ ပမာဏအကြား အချိုးအစားကျနရမည့်မှုကို လိုက်နာရမည်ဖြစ်သည်။

နအဖကိုယ်တိုင်က နိုင်ငံသားအားလုံး၏ သေရေးရှင်ရေး အလုံးစုံသောအာဏာကို အပ်နှင်းထားသည့် တာဝန်ယူမှုမရှိသည့် ဥပဒေဖြစ်လာခဲ့သည်။ အမှန်စင်စစ် မည်သည့်အရာများ ဖြစ်ပျက်နေသည်ကို လူတိုင်းသတိပြုမိကြသည်။ နိုင်ငံသားတိုင်း ကြောက်စိတ်များ ဖိစီးခံနေရသည်ဟူ၍ဖြစ်၏။ သို့သော် နအဖ သည် ရဲစွမ်းသတ္တိရှိသော အကျဉ်းသားများ၏ တိုက်ခိုက်မှုကို ဤအကြောက်တရားဖြင့် ချုပ်ငြိမ်းစေနိုင်မည်ဟုထင်လျှင်ကား မှားပေမည်။ တရားမျှတစေရန်နှင့် လွတ်လပ်သောဆန္ဒဖြင့် ဆောင်ရွက်မည်ဟူသော အလေးအမြတ် ကျမ်းကျိန်ထားမှုကို ချိုးဖောက်ကြသည့် တရားသူကြီးများလည်း အနေ့နှင့်အမြန်ဆိုသလို ဒဏ်ခတ်ခံရခြင်းမှ ကင်းလွတ်ကြမည်မဟုတ်ပေ။

နိုင်ငံရေးကိစ္စနှင့် အခြားကိစ္စများကို စစ်ဆေးနေကြသည့် တရားခွင်များသည် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများနှင့် ပြည်တွင်းဥပဒေများက ပြဋ္ဌာန်းထားသည့် ဥပဒေစည်းကမ်းချက်ကို လိုက်နာကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တရားဥပဒေကို ဖိနှိပ်ရေးကိရိယာအဖြစ် ထိရောက်စွာအသုံးပြုနေကြောင်း ဒီဇင်ဘာလ (၄) ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်တွင် ဖေါ်ပြထားသည်။ ရှည်ကြာရက်စက်သည့် ထောင်ဒဏ်များအပါအဝင် တဖက်သတ်ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ တရားဥပဒေစနစ်ကို မတော်မလျော်သုံးခြင်းများကို နအဖ က ကျူးလွန်နေကြောင်းလည်း ဖော်ပြထားသည်။ ဥပဒေစနစ်ကို ဖိနှိပ်ရေးကိရိယာအဖြစ် မည်သို့အသုံးပြုနေသည်ကို ဤအမှုက သာဓကပြဆိုနေပေသည်။

## မျိုးမြင့်ညိမ်းအမှု

မျိုးမြင့်ညိမ်းအမှုသည်လည်း စစ်အစိုးရမှ တရားဥပဒေ မလျော်မကန်သုံးနေပုံနှင့်စပ်လျဉ်း၍ သာဓက နောက်တခုဖြစ်သည်။ ဤအမှုတွင် ကိုယ်စားဆောင်ရွက်ခွင့်နှင့် တရားခံရှေ့နေငှားခွင့်စသည့် အခြေခံအခွင့်အရေးများ ဆုံးပါးစေခဲ့သည်။ မြန်မာနိုင်ငံတွင် တရားခံများအနေဖြင့် တရားခံငှားရန် မတတ်နိုင်ခြင်းအတွက် ကိုယ်စားပြုရန် ပြဋ္ဌာန်းဥပဒေမရှိပေ။ တရားရုံးသို့ လာရောက်ရန်ပျက်ကွက်ပါက စည်းကမ်းနှင့်မကိုက်ညီကြောင်း တရားရုံးက မှတ်ယူမည်သာဖြစ်သည်။ ဤသည်မှာ တရားခံမှရှေ့နေငှားရန် အခြေအနေမတတ်နိုင်သည့် အခြေခံကိုထည့်သွင်းစဉ်းစားမည်မဟုတ်ဘဲ တရားရုံးက အမှုဆက်လက်ကြားနာနိုင်သည်။ တရားရုံး၏အမှု ဆက်လက်ကြားနာစစ်ဆေးခြင်း၏ တရားဝင်ဖြစ်မှုကို စိန်ခေါ်မည်မဟုတ်ပေ။

ဤအမှုသည် နာမည်ကြီး အင်းစိန်ထောင်အတွင်း၌ အရေးပေါ်စီမံမှုဥပဒေအရ စီရင်ခြင်းခံခဲ့ရသော အကျဉ်းသား (၂၂) ဦး ပါဝင်သည့်အမှု ယခင်တည်းကဖြစ်သည်။ အကျဉ်းသားများမှာ ရှေ့နေနှင့်တိုင်ပင်ခွင့်မရခဲ့ဘဲ ထောင်ဒဏ် (၇) နှစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ အဆိုပါဥပဒေနှင့်ပင် ထောင်ဒဏ် (၇) နှစ် ကျခံနေရဆဲလည်းဖြစ်သည်။ ဤအမှုမှာ စစ်အစိုးရ၏ အတိုက်အခံများ ချေမှုန်းရေးအစီအစဉ်၏ အစိတ်အပိုင်းအဖြစ် တရားရုံးများပါဝင်နေမှုကို ပုံဖော်နေသည်။

## အမှုအချက်အလက်များ

အကျဉ်းသားများထဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထင်ကရပုဂ္ဂိုလ်များပါဝင်သည်။ ၎င်းတို့အား အစောပိုင်းပြစ်ဒဏ် စီရင်ချက်ချထားရာ ၎င်းတို့၏ ထောင်အခန်းများတွင် ရုတ်တရက်ဝင်ရောက်ရှာဖွေရာ စာရေးကိရိယာများနှင့် ရေဒီယိုတစ်လုံး အသိမ်းခံခဲ့ရသည့်အချိန်တွင် ထောင်ဒဏ်ကျခံနေရဆဲဖြစ်သည်။ စွပ်စွဲခံရသူများ အရေးပေါ်စီမံမှု ဥပဒေ ပုဒ်မ ၅ (င) ဖြင့် အမှုကြားနာ စစ်ဆေးခဲ့သည်။ ပုဒ်မ ၅ (င) မှာ–

"မမှန်ဟုသိလျက်နှင့် သို့တည်းမဟုတ် မမှန်ဟုယုံကြည်လောက်အောင် အကြောင်းရှိလျက်နှင့် မမှန်ဟုသတင်းလွှင့်ရန်ကြံရွယ်၍ တစ်ခုခုလုပ်လျှင် သို့တည်းမဟုတ် ယင်းသို့ဖြစ်စေရန် အကြောင်းရှိသောအမှုကိုပြုလျှင် ထိုသူအား (၇) နှစ်အထိ ထောင်ဒဏ်သော်လည်းကောင်း၊ ငွေဒဏ်သော်၎င်း၊ နှစ်ရပ်လုံးသော်လည်းကောင်း ထိုက်သင့်စေရမည်။"

စွပ်စွဲခံရသော အကျဉ်းသားများသည် သွေးသစ်လှိုင်းဟုသော နိုင်ငံရေးဂျာနယ်ထုတ်ဝေရန် စာများလျှို့ဝှက်စွာရေးသားခဲ့သည်။ ထိုဂျာနယ်တွင် အစိုးရ၏လုပ်ဆောင်ချက်များကို ဝေဖန်ထားပြီး ပြည်သူသိအောင်ဖေါ်ထုတ်ထားသည့် သတင်းနှင့် ဆောင်းပါးများပါဝင်သည်။ ဤဂျာနယ်ကို ထောင်တွင်းမှာသာ ဖြန့်ဝေခြင်းဖြစ်သည်။ အောက်ပါစာသားပါဝင်သော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးသို့ အိပ်ဖွင့်ပေးစာကိုလည်း ထောင်တွင်း၌ဖြန့်ဝေခဲ့သည်။

"အင်းစိန်ထောင်တွင်း၌ မတရားထိန်းသိမ်းခံထားကြရသော (ကျွန်ုပ်တို့) နိုင်ငံရေးအကျဉ်းသားများသည် မြန်မာပြည်၌ လူ့အခွင့်အရေးများနှင့် နိုင်ငံရေးလွတ်လပ်ခွင့်ကို တောင်းဆိုသည်။"

ဤသည်ကို လက်တုံ့ပြန်သည့်အနေဖြင့် စစ်အစိုးရက စာရေးသူများအား ပြစ်ဒဏ်ကို တိုးချဲ့ချမှတ်ခဲ့သည်။ ၎င်းတို့အား ထောင်တွင်းသို့ တရားမဝင် ရေဒီယိုကို ခိုးသွင်း ခြင်းနှင့် မမှန်ဟုသိသောသတင်းကို ထပ်ဆင့်ဖြန့်ဖြူးခြင်းစသည့် ပြစ်မှုများအပါအဝင် တားမြစ်ပိတ်ပင်ထားသည်များကို ကျူးလွန်ကြောင်းဖြင့် စွဲချက်တင်ထားသည်။

## အမှုနှင့်ပတ်သက်သော သက်သေခံချက်များ

စစ်အစိုးရအနေဖြင့် ပုလိပ်အရာရှိ၏ စုံစမ်းထောက်လှမ်းချက် အဓိကသက်သေခံချက်အဖြစ် အထောက်အထားပြုထားသည်။ ဒါ့အပြင် ထောင်အတွင်းမှသိမ်းဆည်းထားသော ဆောင်းပါးများကို သက်သေခံတင်ပြထားသည်။ အဓိကသက်သေခံတင်ပြချက်များတွင် တိုင်းမ်မဂ္ဂဇင်း စာစောင်မိတ္တူများ၊ နယူးစ်ဝိခ်မဂ္ဂဇင်းနှင့် အခြားစာစောင်မိတ္တူများ၊ သတင်းစာစောင်များ၊ သွေးသစ်လှိုင်းစာစောင်နှင့် ရေဒီယိုစသည်တို့ပါဝင်သည်။

ဤအမှုတွင် ရှာဖွေမှုပြုလုပ်ရာ၌ တရားဝင်မှုရှိသလားဆိုသည့် မေးခွန်းဖြစ်သည်။ ရှာဖွေမှုသည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၁၀၃ (၁) နှင့် ပြဋ္ဌာန်းထားချက်နှင့်မညီပေ။ တရားခံ ကိုယ်တိုင်သော်လည်းကောင်း၊ လွတ်လပ်သည့် သက်သေတဦးသော်လည်းကောင်း မပါဘဲ ထောင်အရာရှိများရှေ့တွင် ရဲအရာရှိများက ရှာဖွေမှုကိုလုပ်ခဲ့ခြင်းဖြစ်သည်။ ဤသည်ကား ထိုကျင့်ထုံး၏ ပြဋ္ဌာန်းချက်နှင့် မညီညွတ်သောလုပ်ဆောင်မှုဖြစ်သည်။

တရားရုံးက ဆုံးဖြတ်ချက်ချမှတ်ရာတွင် သွေးသစ်လှိုင်းမဂ္ဂဇင်းကို စွပ်စွဲခံထားရသူများထဲမှ တဦးကရေးသားခဲ့သည်ဟူသော လက်ရေးပါရဂူ၏ထောက်ခံချက်ကို သက်သေခံအဖြစ်ဖေါ်ပြခဲ့သည်။ တရားရုံးအနေဖြင့် သက်သေခံချက်သည် လက်ခံနိုင်ဘွယ် ရှိ မရှိဟူသောအမေးကို ဖေါ်ပြထားခြင်းမရှိပေ။ စုံစမ်းမေးမြန်းစဉ်အတောအတွင်း စွပ်စွဲခံရသူ အောင်မျိုးတင်မှာ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသည်။ ဤသို့ ညှဉ်းပန်းနှိပ်စက်သည့်တိုင် ၎င်းက ထိုမဂ္ဂဇင်းကိုရေးသည်ဆိုခြင်းကို ငြင်းဆိုခဲ့သည်။ ထို့အတူ ဧွေးဝင်းအောင်၊ ကျော်မင်းယု၊ ဦးဝင်းတင်နှင့်ဇော်မြင့်မောင်တို့မှာ ဤမဂ္ဂဇင်းကို တရားရုံးတွင် ပထမဆုံးမြင်ခဲ့ရကြောင်းဖေါ်ပြကြသည်။

တရားခံများကို အဘယ်ကြောင့် အရေးပေါ်စီမံမှုဥပဒေအစား အကျဉ်းထောင် စည်းမျဉ်းဥပဒေအရ တရားမစွဲသနည်းဆိုသည်ကို စဉ်းစားရန်လိုပေသည်။ အရေးပေါ် စီမံမှုဥပဒေကိုရွေးခြင်းသည် တရားလို၏ အားထုတ်မှု၊ ချဉ်းကပ်မှုမှာ နိုင်ငံရေးနောက်ခံပြုထားကြောင်းပေါ်လွင်စေသည်။ အရေးပေါ်စီမံမှုဥပဒေသည် နိုင်ငံတော်လုံခြုံရေးကိုကာကွယ်ရန် ပြဋ္ဌာန်းထားသည်။ သို့ဖြစ်လျှင် ထောင်အတွင်း၌ဖြန့်ဝေသည်ဟု စွပ်စွဲထားသည့် မဂ္ဂဇင်းစာစောင်များတွင် နိုင်ငံတော်အား အကြည်အညိုပျက်စေသော အကြောင်းအရာများပါဝင်မှုရှိ မရှိဟူသောမေးခွန်း မေးရမည်ဖြစ်သည်။

စီရင်ချက်တွင် မဂ္ဂဇင်း၌ဖေါ်ပြထားသော နိုင်ငံတော်အား အကြည်ညိုပျက်စေသည် သို့မဟုတ် လုပ်ကြံသတင်းဖြစ်သည်ဟူသော စာသားများကို အကျဉ်းချုပ်ဖေါ်ပြထားခြင်းမရှိပေ။ စီရင်ချက်၌ မဂ္ဂဇင်းတွင်ဖေါ်ပြထားသော စစ်အစိုးရအား ဝေဖန်ထားသည်ဟူ၍သာ ဖေါ်ပြထားသည်။ အစိုးရတရပ်ကို ဝေဖန်ခွင့်သည် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးဖြစ်သည်။ ဝေဖန်ခြင်းသည် လွတ်လပ်စွာထုတ်ဖေါ်ခွင့်ဟူသော အဝန်းအဝိုင်းအတွင်း၌ရှိသည်။ စွပ်စွဲခံရသူများသည် လူသားမဆန်သော အကျဉ်းထောင်အခြေအနေအောက်တွင် ဤအခြေခံအခွင့်အရေးကိုကျင့်သုံးလျက် ၎င်းတို့၏သတ္တိကို အရှိန်မြှင့်လိုက်ခြင်းဖြစ်သည်။ တိုင်းမ်မဂ္ဂဇင်းကို ထောင်တွင်းသွင်းယူခြင်း (ပြင်ပစာအုပ်ဆိုင်တွင် လွယ်ကူစွာဝယ်နိုင်သည်) သို့မဟုတ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ စာရေးခြင်း သို့မဟုတ် အခြားသော စွပ်စွဲထားမှုများသည် တရားခံများအပေါ် တင်ထားသည့်စွဲချက်နှင့် မည်သို့မျှပတ်သက်ခြင်းမရှိပေ။

## သူရကျော်ဇင်အမှု

ဤအမှုကို ရန်ကုန်တောင်ပိုင်း ခရိုင်တရားရုံးတွင် ကြားနာဆုံးဖြတ်ခဲ့သည်။ တရားခံသည် ၂၀၀၀ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် မြဝတီ၌ အဖမ်းခံရသည်။ ရာဇသတ် ကြီးဥပဒေပုဒ်မ ၁၂၂ (၁)၊ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုနှင့် စွဲချက်တင်ခံရပြီး ၂၀၀၀ ခုနှစ်၊ မေလ (၁၂) ရက်နေ့တွင် သေဒဏ်အမိန့်ချခဲ့သည်။

## အမှုအကြောင်းအရာများ

တရားခံကို အောက်ပါတို့ဖြင့် စွပ်စွဲခဲ့သည်။

(၁) သူသည် အကြိမ်ပေါင်းများစွာ တရားမဝင် ပြည်ပထွက်သွားပြီး မြန်မာနိုင်ငံသို့ပြန်ဝင်သည်။ ပြည်ပထွက်သွားစဉ်အတွင်း စစ်အစိုးရမှ ပိတ်ပင်ထားသော အဖွဲ့

အစည်းမှပြုလုပ်သည့် သင်တန်းများကို ထိုင်းနိုင်ငံ၊ မဲဆောက်တွင် တက်ရောက်ခဲ့သည်။ အတိအကျပြောပါက လူ့ဘောင်သစ်ဒီမိုကရေတစ်နှင့် လူထုအာခံမှု (People Defiance) အဖွဲ့မှပြုလုပ်သော လူ့အခွင့်အရေးသင်တန်းတွင် တက်ရောက်သည်။

(၂) တရားခံသည် ဖေါက်ခွဲရေးဆိုင်ရာသင်တန်းကို မဲဆောက်တွင် တက်ရောက်ခဲ့သည်။ တရားခံသည် မြန်မာနိုင်ငံသို့ပြန်ပြီးလျှင် အခြားသူနှင့်ပေါင်း၍ ပုံးဖေါက်ခွဲရန်ကြံစည်ခဲ့သည်။ ဤအကြံအစည်ကို နိုင်နိုင်၊ ရဲကျော်စွာနှင့် မြင့်မြင့်တို့နှင့် သဘောတူခဲ့ကြသည်ဟု စွပ်စွဲထားသည်။

ပုံးကို ဗန္ဓုလပန်းခြံ၏ မျက်နှာချင်းဆိုင်ဖြစ်သော မြို့တော်ခန်းမအနီးတွင် ထောင်လိမ့်မည်ဖြစ်ကြောင်း စွပ်စွဲခဲ့သည်။ ဤအစီအစဉ်သည် သိန်းဝင်း မြန်မာနိုင်ငံသို့ ပြန်လာစဉ် မြဝတီတွင် ဖမ်းဆီးခံလိုက်ရသည့်အတွက် အထမမြောက်ခဲ့ကြောင်း၊ တရားခံသည် မြန်မာနိုင်ငံပြည်ပသို့ တရားမဝင်မကြာခဏ ခရီးသွားခဲ့သည်မှာ ထင်ရှားကြောင်း၊ တရားခံသည် အစိုးရမှ တားမြစ်ထားသော အဖွဲ့အစည်းတခုဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရေတစ်တပ်ဦး (ABSDF) ၏ ကိုယ်စားလှယ်များနှင့် ဆက်ဆံမှုလည်းရှိကြောင်း၊ မြန်မာပြည်တွင်းတွင်နေ့ခဲ့စဉ်က စီးပွားရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို မဲဆောက်အခြေစိုက် အဖွဲ့အစည်းများသို့ ပေးပို့ခဲ့သည်ဟုစွပ်စွဲ၍ ဆုံးဖြတ်ချက်ချထားသည်။

တရားစီရင်ရာတွင် အပြစ်ကင်းကြောင်းယူဆချက်မှာ ကပြောင်းကပြန် ဖြစ်နေသည်။ ပြစ်မှုကိုကျူးလွန်ကြောင်း စွပ်စွဲချက်နှင့်ပတ်သက်၍ အပြစ်ကင်းကြောင်း တရားခံအား ငြင်းဆိုစေလိုသည်။ တရားခံက ထိုတာဝန်ကိုပျက်ကွက်သည့်အခြေခံပေါ်တွင် တရားရုံးက ၎င်းအား ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤအကြောင်းများကြောင့် ဤအမှုမှာ လုပ်ကြံဖွဲ့ထားသောအမှုဖြစ်ပြီး၊ တရားခံအပေါ် မမျှမတ ဆုံးဖြတ်ချက်ချထားခြင်းဖြစ်သည်။

## ဒေါ်အောင်ဆန်းစုကြည် အမွေမှု

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်နှင့်ပတ်သက်၍ ၎င်းအစ်ကိုမှ တိုင်တန်းသော တရားမမှုဖြစ်သည်။ အိမ်သည် ၎င်းတို့၏အမေပိုင်ဆိုင်ပြီး သူမသေဆုံးသည့်အခါ ဗုဒ္ဓ ဘာသာဥပဒေအရ သက်ရှိကျန်ရစ်သူသားသမီးမှ အညီအမျှခွဲဝေရန်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အစ်ကိုသည် အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ပြီး အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားသည်။ မြန်မာနိုင်ငံ၏ ဥပဒေအရ နိုင်ငံခြားသားက ပစ္စည်းပိုင်ဆိုင်ခြင်းကိုခွင့်မပြုပါ။ သို့သော်လည်း အထူးကင်းလွတ်ချက်အရ တရားရုံးများသို့ လျှောက်ထားနိုင်သည်။ ထိုကဲ့သို့သော လျှောက်ထားရန် စစ်တပ်၏ခွင့်ပြုချက်ရရှိ ရမည်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၎င်းအား လိုအပ်သောခွင့်ပြုချက်ကိုပေးခဲ့၍ ၎င်းက ပစ္စည်းခွဲဝေရန်အတွက် တရားရုံးသို့လျှောက်ထားခဲ့သည်။ လူထုအကျိုးဖြစ်သည်ဟုယူဆလျှင် တရားရုံးကခွဲဝေခြင်းကို ခွင့်ပြုရမည်ဖြစ်သည်။ ခွဲဝေခြင်းသည် NLD ခေါင်းဆောင်အား နစ်နာစေမှာဖြစ်သောကြောင့် အမှန်အားဖြင့် လူထုအကျိုးစီးပွား

ဆိုသည့်အဓိပ္ပါယ်ကို ကောက်ယူခြင်းဖြစ်လိမ့်မည်။ ထို့ကြောင့် တရားရုံးက ခွဲဝေမှုသဘော တူခွင့်ပြုခဲ့ဟန်ရှိသည်။ ဤသဘောတူ ဆုံးဖြတ်ချက်ကို အယူခံဝင်ထားရာ အယူခံရုံးက ထိုအမှုကို ဆိုင်းငံ့ထားခဲ့သည်။

ဤဆောင်းပါးသည် မြန်မာနိုင်ငံတွင် တရားစီရင်ရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်နှင့် လက်ရှိပြဿနာတချို့ကို မီးမောင်းထိုးပြလိုခြင်းဖြစ်သည်။ လက်ရှိတရားစီရင်ထုံးကို ဆွေးနွေးလျှက် ဒီမိုကရေတစ်ဥပဒေစနစ်ကို ကျောထောက်နောက်ခံပြုထားသော အချို့အခြေခံမှုများ ဆုတ်ယုတ်လာနေခြင်းကို ထုတ်ဖေါ်ပြလိုခြင်းလည်းဖြစ်သည်။ တိတိကျကျအားဖြင့် အမှုများသည် မြန်မာနိုင်ငံတွင် တရားစီရင်ရေးလွတ်လပ်မှု အကြီးအကျယ် ပျက်စီးနေကြောင်းကို မီးမောင်းထိုးပြလျှက်ရှိသည်။ အုပ်ချုပ်ရေးစနစ်၊ ဥပဒေ စည်းမျဉ်းစနစ်၊ အာဏာခွဲဝေမှုစနစ် ပြောင်းလဲခြင်းမရှိပါက လွတ်လပ်သော တရားစီရင်ရေးသည် မြန်မာနိုင်ငံတရားရုံးများတွင် စိတ်ကူးမျှသာ ဆက်လက်တည်ရှိလိမ့်မည်။ ထို့အပြင် တရားမျှတမှုဟူသည် ဒဏ္ဍာရီသာဖြစ်မည်။ လက်ရှိတရားရုံးများသည် ၁၉၉၁ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ (၆၁) ပါ စီရင်ချက်ကို အထောက်အထားပြုလျှက် တရားစီရင်ဆုံးဖြတ်နေကြခြင်းသည် တရားစီရင်ရေးစနစ်ကို နအဖထံ ခယဝပ်သွားစေလိုက်ပေသည်။ ထိုစီရင်ထုံးမှာ သာမန်ရာဇဝတ်တရားရုံးများတွင် စစ်ထောက်လှမ်းရေးမှ ယူထားသော ဖြောင့်ချက်/စစ်ချက်များကို လက်ခံနိုင်သည်ဟူသောမှုဖြစ်သည်။ တရားရုံးများက ထိုစစ်ချက်/ ဖြောင့်ချက်များကို အဆုံးအဖြတ်ပေးနိုင်သော သက်သေခံချက်များအဖြစ် အသုံးပြုလျှက် ပြစ်ဒဏ်ချမှတ်ကြသည်။ တရားစီရင်ရေးတွင် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် လူမှုရေးတရားမျှတမှုသည် ယခုအခါ ပျောက်ကွယ်ကုန်ပြီဖြစ်သည်။

## Endnotes

*The author is an Executive Committee Member of the Burma Lawyers' Council.

## References


Emergency Provision Act (1950)
State Protection Law (1775)
High Treason (Burma Penal Code)
Seminar on Judiciary for the 21st Century Vigil Lanka & Asian Legal Resource centre, Hong Kong.


▲ ▲ ▲

အခြေခံဥပဒေရေးရာ

# လူထုအမိကလူ့အဖွဲ့အစည်းများအခြေခံဥပဒေဆွေးနွေးခန်း

ဦးအောင်ထူး

## စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေးမှ ဖွဲ့စည်းပုံအခြေခံဥပဒေသို့

ကိုရင်မောင် ။ ။ မလေးရေ။ မလေးက တောင်အာဖရိက၊ ချီလီနဲ့ တခြားနိုင်ငံတွေကို ဥပမာပေးပြီး ရှင်းပြလို့ အာဏာရှင်စနစ်အုပ်ချုပ်မှုအောက်ကနေ ဒီမိုကရေစီကို ပြောင်းသွားခဲ့တဲ့ တိုင်းပြည်တွေမှာဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ပြန်ပြီးလေ့လာသုံးသပ်ကြ၊ ဖြေရှင်းဘို့ ကြိုးစားခဲ့ကြရတယ်ဆိုတာကို နည်းနည်းတော့ နားလည်လာပြီထင်သဗျာ။

မလေး ။ ။ ကောင်းတာပေါ့ ကိုရင်မောင်။

ကိုရင်မောင် ။ ။ အဲ မေးစရာလေးတွေတော့ ရှိသေးသဗျ။ အဲဒီကိစ္စကို တောင်အာဖရိကနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လိုများထည့်သွင်း ပြဋ္ဌာန်းခဲ့သတုံးဗျာ။

မလေး ။ ။ ၁၉၉၄ ခုနှစ်မှာ အတည်ပြုကျင့်သုံးခဲ့တဲ့ တောင်အာဖရိကနိုင်ငံရဲ့ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၆) မှာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးဆိုတဲ့ ခေါင်းစဉ်နဲ့ ပြဋ္ဌာန်းခဲ့တယ်နော်။ အဓိက အနှစ်သာရအနေနဲ့ပြောရမယ်ဆိုရင်တော့၊ လူ့အဖွဲ့အစည်းမှာ လက်စားခြေဘို့မဟုတ်၊ နားလည်မှုရစေဘို့ဖြစ်တယ်။ လက် တုံ့ပြန်ဘို့မဟုတ် ပြန်လည်ကုစားပေးဘို့ဖြစ်တယ်။ သားကောင်ပြန်ဖြစ်ခိုင်းဖို့မဟုတ်၊ တာဝန်ရှိမှုကိုပြန်လည်ဖော်ထုတ်ပေးဘို့ဖြစ်တယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေဟာ အာဏာရှင်စနစ်ကနေ ဒီမိုကရေစီနိုင်ငံအဖြစ်ကို ဆက်လက်ပြီး ပြောင်းသွားခဲ့ကြတဲ့ တိုင်းပြည်တွေက လေ့လာစံထားစရာမှုတွေဖြစ်သွားခဲ့တယ်ရှင့်။

ကိုရင်မောင် ။ ။ အင်း ဘာတဲ့တုံးဗျာ၊ မလေးရာ။ အဲဒီ အခန်းရဲ့ခေါင်းစဉ်က အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ပြန်လည်သင့်မြတ်ရေးတဲ့လားဗျာ။

မလေး ။ ။ မှန်တယ်ကိုရင်မောင်။ တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ

ပေါ်ပေါက်လာဘို့အတွက် သူတို့တိုင်းပြည်ခေါင်းဆောင်တွေဟာ အတိတ်က ဖြစ်ရပ်တွေကို ပြန်လည်ပြီး သုံးသပ်ခဲ့ကြတယ်ရှင့်။ အတိတ်မှာဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ပြန်ပြီး စနစ်တကျအရေးယူ မဆောင်ရွက်ရင် စစ်မှန်တဲ့အမျိုးသားပြန်လည်သင့်မြတ်ရေး မရနိုင်ဘူးဆိုတဲ့အချက်ကို အလေးအနက် ဆွေးနွေးလက်ခံခဲ့ကြရုံတင်မက အဲဒီလို အရေးယူဆောင်ရွက်နိုင်ဖို့ လမ်းကြောင်းကိုလဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအလင်း ထည့်သွင်းပြဋ္ဌာန်းပေးခဲ့ကြတယ်ရှင့်။

ရင် ။ ။ အင်း မလေးရေ – ရာမဇာတ်တော်ထဲက ရာမနဲ့လက္ခဏာ ညီနောင်နှစ်ပါး တယောက်နဲ့တယောက် ချစ်ခင်ကြင်နာကြပုံကိုကြည့်ပြီး ငါတို့မျောက်ညီနောင်ကတော့ ညှိုးသူရန်ဘက်လို ဖြစ်နေပါကလားရယ်လို့ သုကြိတ် မျောက်မင်း မျက်ရည်ကျရတယ်ဆိုတဲ့ စကားကို မကြာမကြာ သတိရမိပဲ့ မလေးရာ။ ကျွန်တော်တို့ဆီမှာတော့ နအဖဟာ အတိတ်မှာဖြစ်ပွားပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအကြောင်းကို နည်းနည်းမှ ပြန်ပြီး ပြောခွင့်ဆိုခွင့် မပေးပါရောလားဗျာ။ အဲဒီအကြောင်းများ ပြောလိုက်ရင် တီကောင်ကို ဆားနဲ့တို့သလို ဆတ်ကနဲ ဆတ်ကနဲ တွန့်တွန့်သွားတော့တာကိုးဗျ။

လေး ။ ။ နအဖ က ပြောခွင့်ဆိုခွင့် မပေးဘူးဆိုရုံနဲ့ ကိုရင်မောင်တို့ ကျမတို့လို ပြည်သူလူထုတွေက ဘာမှမပြောကြ မဆိုကြတော့ဘူးလား၊ ဒီလိုဘဲ နုတ်ပိတ်ရေငုံနေကြတော့မှာလားဆိုတာ စဉ်းစားကြည့်စမ်းပါ ကိုရင်မောင်။

ရင် ။ ။ အဲဒီလိုတော့လည်း မဟုတ်ဘူးဗျ မလေးရ၊ ဘာမှမပြောဘဲ နုတ်ပိတ်ရေငုံနေချင်ကြလို့တော့ မဟုတ်ဘူးပေါ့မလေးရာ။ ကျွန်တော့်အထင်ကတော့ငါတို့များပြောလိုက်ရင် အရေးယူခံရမှာလားဆိုတာကို ကြောက်တာက အဓိကဖြစ်မယ်ထင်သဗျာ။

လေး ။ ။ လူ့အဖွဲ့အစည်းမှာ တရားမျှတမှုကို လိုချင်တယ်၊ တကယ်စစ်မှန်တဲ့ငြိမ်းချမ်းမှုကို ရှာချင်တယ်ဆိုရင်တော့ ကျမတို့ပြည်သူတွေဟာ သတ္တိရှိဘို့လိုလိမ့်မယ် ကိုရင်မောင်။ တကယ်သတ္တိရှိရှိ ထုတ်ဖော်ဘို့ကြိုးစားတဲ့ လူငယ် လူကြီးတွေ ၊ အမျိုးသမီးတွေ အများကြီးရှိပါတယ်ရှင်။ လူထုကို အထင်မသေးပါနဲ့။ နောက်တခုက ဖြစ်ပြီးသမျှဖြစ်ရပ်တွေထဲက မကောင်းတာမှန်သမျှ လက်ရှိနအဖ စစ်ခေါင်းဆောင်တွေအားလုံးမှာ ချည်း တာဝန်ရှိတယ်၊ ခင်ဗျားတို့အားလုံး ကြိုးစင်တက်ကြရမယ်လို့ ပြောနေသမျှ ကာလပတ်လုံးတော့ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးရနိုင်ဘို့ မလွယ်ဘူးရှင့်။

ရင် ။ ။ ဟော မလေး အခုလိုပြောလိုက်မှ ရှင်းတော့မလိုလို နဲ့ရှုပ်လာပြီထင်သဗျာ။ အသေအချာရှင်းစမ်းပါဦး ဆရာမကြီးရယ်။ တတိုင်းပြည်လုံးရဲ့

အာဏာကို ချုပ်ကိုင်ထားတာက နအဖမဟုတ်ဘူးလားလို့။ ဒါကြောင့် တတိုင်းပြည်လုံးမှာဖြစ်ပွားနေတဲ့ အဆိုးတွေ မှန်သမျှအတွက် နအဖမှာ တာဝန်မရှိဘူးဆိုရင် ဘယ်သူ့မှာ တာဝန်ရှိမတုံးဗျာ မလေးရာ။

လေး ။ ။ ယေဘုယျ သဘောအရတော့ ကိုရင်မောင်ပြောတာမှန်တာပေါ့နော်။ ကျမ မငြင်းပါဘူး။ ဒါပေမယ့် အသေအချာလေ့လာ ဆွေးနွေးဘို့လိုမယ်နော်။ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုကြီးတွေ တခုခြင်းစီအပေါ်မှာ အနီးစပ်ဆုံးအဖြေရှာပေးဘို့တော့ လိုလိမ့်မယ် ကိုရင်မောင်။ အစိုးရအသစ်တရပ် တက်လာတဲ့အခါတိုင်းမှာ ယခင်အစိုးရအဟောင်း လုပ်ဆောင်ခဲ့တဲ့လုပ်ရပ်တွေအနက်က၊ နိုင်ငံတကာကလက်ခံထားတဲ့ မှားယွင်းတဲ့ ပြုမူမှုတွေ (Internationally Wrongful Acts) တွေအပေါ်မှာ ဆက်လက်တာဝန်ခံရမှာဖြစ်တယ်။ အဲဒီတာဝန်ကနေ ဘယ်လိုမှ ရှောင်ကွင်းထွက်ခွာသွားလို့ မရနိုင်ဘူးရှင့်၊ အဲဒီ မှားယွင်းတဲ့ပြုမူမှုတွေ ကျေလည်သည်အထိ တာဝန်ယူဖြေရှင်းပေးရမယ်။ ဒါပေမယ့် အရင်အစိုးရအဟောင်း ကျူးလွန်ခဲ့တဲ့ အမှားကြီးတွေအားလုံးကို နောက်တက်လာတဲ့ အစိုးရအသစ်က ရာနှုန်းပြည့်တာဝန်ရှိတယ်လို့တော့ ပြောလို့မရဘူး ကိုရင်မောင်။

ရင် ။ ။ ကိုင်း ဒါဖြင့်ရင် ၁၉၆၂ ခုနှစ်မှာ တိုင်းပြည်ကို အာဏာသိမ်းတက်ပြီး အုပ်ချုပ် ခဲ့တဲ့ ဗိုလ်ချုပ်ကြီးနေဝင်း၊ နောက်ပိုင်း ဦးနေဝင်း အစိုးရပေါ့ဗျာ။ အဲဒီအစိုးရကို နအဖ က ဆက်ခံပြီး အုပ်ချုပ်ခဲ့တာတော့ ရှင်းတယ်မဟုတ်လားဗျာ။

လေး ။ ။ မှန်တယ်လေ ကိုရင်မောင်။

ရင် ။ ။ ၁၉၆၂ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်အဖြစ်နဲ့ အာဏာသိမ်းခဲ့တဲ့ကိစ္စရပ်တွေနဲ့ပတ်သက်ပြီး အခုလက်ရှိ အုပ်ချုပ်နေတဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်မှာ ဘာကြောင့် ဒီလိုဖြစ်ခဲ့တာလဲဆိုတာ ဦးဆောင်ဖြေရှင်းပေးဘို့ တာဝန်ရှိမယ်။ ဒါပေမယ့် သာဓကအားဖြင့်ပြောရမယ်ဆိုရင် ဟိုစဉ် ၁၉၆၂ ခုနှစ် အာဏာသိမ်းစဉ်တုံးက ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်ကျူးလွန်ခဲ့တဲ့ ကျောင်းသားသမဂ္ဂကို ဖြိုခွဲခဲ့တဲ့ ရာဇဝတ်မှုကြီးတွေအတွက် အခုတက်လာတဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်မှာ တိုက်ရိုက်တာဝန်မရှိဘူးလို့ မလေး ပြောနိုင်သလားဗျာ။

လေး ။ ။ သိပ်ပြောနိုင်တာပေါ့ ကိုရင်မောင်။ အဲဒီ အတိုင်းအမှန်ဘဲပေါ့ရှင်။ ဒါက ၁၉၆၂ ခုနှစ်က ဖြစ်ရပ်ကိုပြောတာနော်။ နိုင်ငံတကာဥပဒေက လက်ခံထားတဲ့ **အမိန့်ပေးမှုအပေါ်အခြေခံပြီးတာဝန်ရှိမှု** ဆိုတဲ့ (Command Responsibility) သဘောကို ကျမပြောပြမယ်။ ဥပမာ ကျမက ထိပ်ဆုံးတနေရာရာမှာ အမိန့်ပေးခွင့်ရှိတဲ့ ဗိုလ်ချုပ်တယောက်ဖြစ်ပြီး ကိုရင်မောင်က ကျမလက်အောက်မှာ တာဝန်ထမ်းဆောင်တဲ့ စစ်

ကြောင်းမှုး ဗိုလ်မှူးတယောက်ဖြစ်တယ် ဆိုကြပါစို့။ ကျမက ကိုရင်မောင်ကို အမိန့်ပေးလိုက်မယ်နော်။ တောထဲမှာရှိတဲ့ ABSDF ကျောင်းသားတပ်မတော် တပ်ဖွဲ့တဖွဲ့ကို သွားရောက်တိုက်ခိုက်ချေမှုန်းပါ။

ရင် ။ ။ တခြားအမိန့်ပေးပါလား ဆရာမကြီးရယ် – အဲလေ ဗိုလ်ချုပ်ရယ်။ ABSDF ကျောင်းသားတပ်က ကျွန်တော်နဲ့ ဘော်ဒါတွေဖြစ်နေလို့ပါ။ အဲဒီ အလုပ်တော့ ကျွန်တော် ဗိုလ်မှူးကလေး မလုပ်ပါရစေနဲ့လားဗျာ။

လေး ။ ။ နောက်တောက်တောက် မလုပ်နဲ့နော် ကိုရင်မောင်။ ကျမက ဥပမာပေးပြီးပြောနေတာ။ ကိုရင်မောင်ဟာ ကျမပေးတဲ့အမိန့်ဘောင်ထဲက နာခံလုပ်ဆောင်နေသမျှ အဲဒီအမိန့်နဲ့ပတ်သက်ပြီး ကျမမှာ တာဝန်ရှိတယ်။ ဒါပေမယ့် ကိုရင်မောင်ဟာ ကျမပေးတဲ့ အမိန့်ထက်ကျော်လွန်ပြီး ရွာကိုမီးတင်ရှို့မယ်။ ဘုန်းကြီးကျောင်းတွေ၊ ဘုရားရှိခိုးကျောင်းတွေ ဖျက်ဆီးမယ်။ ရွာသူတွေကို မုဒိမ်းကျင့်မယ်ဆိုရင် အမိန့်ပေးတဲ့ ကျမမှာ တာဝန်မရှိတော့ဘူး။ လက်တွေ့စစ်မြေပြင်မှာ တပ်ကိုကိုင်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုလုပ်သွားတဲ့ ကိုရင်မောင့်မှာ တာဝန်ရှိသွားမှာဖြစ်တယ်။

ရင် ။ ။ အော်... ဒါဖြင့်ရင် ဖြစ်ရပ်တိုင်း ဖြစ်ရပ်တိုင်းမှာ နအဖ ဗိုလ်ချုပ်ကြီးများအားလုံးမှာ လုံးဝဥဿုံ တာဝန်ရှိတယ်လို့တော့ ပြောလို့မရဘူးပေါ့။ ဒီလိုလားဗျာ။

လေး ။ ။ အမှန်ဘဲပေါ့ ကိုရင်မောင်။ တာဝန်ရှိတဲ့အပိုင်းမှာရှိမယ်။ မရှိတဲ့အပိုင်းမှာ မရှိဘူး၊ တာဝန်ရှိတဲ့ ဗိုလ်ချုပ်တွေမှာရှိမယ်။ မရှိတဲ့ ဗိုလ်ချုပ်တွေမှာလည်း မရှိနိုင်ဘူး။

ရင် ။ ။ အင်း ဒီသဘောတွေကို နအဖဗိုလ်ချုပ်ကြီးများ နားလည်လာမယ်ဆိုရင်တော့ အတိတ်ကဖြစ်ရပ်တွေကို ဆွေးနွေးဘို့၊ အဖြေရှာဘို့၊ သမိုင်းသင်ခန်းစာတွေယူဘို့နဲ့ တာဝန်ရှိမှုတွေကိုဖော်ထုတ်၊ အရေးယူစရာရှိတာယူ၊ ခွင့်လွှတ်စရာရှိတာလွှတ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး အခြေခံကနေ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်လာရေး လမ်းကြောင်းကို လျှောက်လှမ်းသွားဘို့ အချိန်ရောက်ပြီလို့ပြောရင်း ကျွန်တော်တော့ ဒီတပတ် နိဂုံးချုပ်ချင်သဗျာ။

လေး ။ ။ ကောင်းပါပြီတဲ့ရှင်။

# ဒီမိုကရေစီသို့ ချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် ဖြစ်ပွားပြီးသောလူ့အခွင့်အရေးချိုးဖေါက်မှုများအပေါ် အရေးယူဆောင်ရွက်ရန်လိုအပ်ခြင်း

ရင် ။ ။ မလေးရေ၊ ပြီးခဲ့တဲ့အပတ်က ကျွန်တော်တို့ဆွေးနွေးခဲ့ကြတာ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအခြေခံကို တည်ဆောက်ပြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလမ်းကြောင်းကို သွားသင့်တယ်ဆိုတဲ့အချက်ကိုတော့ ကျွန်တော် အနည်းအကျဉ်းသဘောပေါက်လာခဲ့ပြီဗျာ။

လေး ။ ။ အတိတ်ကဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ပြန်ပြီးအရေးယူဆောင်ရွက်တာမျိုးမရှိဘဲနဲ့ ဘယ်တော့မှ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးမရနိုင်ဘူးဆိုတဲ့အချက်ကိုလည်း မမေ့နဲ့နော် ကိုရင်မောင်။

ရင် ။ ။ အင်း အဲဒါကို ကျွန်တော် စဉ်းစားနေတာပေ့ါဗျ မလေးရ၊ လမ်းကြောင်းပြမြေပုံ (Roadmap) ကို ထုတ်ပြန်ကြေညာပေးလိုက်ရတာဟာ ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်သွားနိုင်ဘို့ အပြောင်းအလဲလုပ်ဘို့ လိုတယ်ဆိုတဲ့အချက်ကို နအဖ က လက်ခံလိုက်ရတဲ့သဘောဘဲ မဟုတ်လားဗျ။ အဲဒီလမ်းကြောင်းပြမြေပုံအရ အမျိုးသားညီလာခံကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာရေးဆိုတာကို အဆိုပြုထားတာ အားလုံးအသိ မဟုတ်လားဗျာ။

လေး ။ ။ ဟုတ်တယ်လေ ကိုရင်မောင်။ နအဖက သူ့ရဲ့လမ်းကြောင်းပြမြေပုံကို တင်လိုက်ရတာဟာ မြန်မာနိုင်ငံကို သူတို့ ဒီအတိုင်းဆက်ပြီး အုပ်ချုပ်လို့မရနိုင်ဘူးဆိုတာကို ဝန်ခံလိုက်ရတာဘဲ ကိုရင်မောင်။ ဒီမိုကရေစီရေး အပြောင်းအလဲလုပ်ဘို့ လိုအပ်တယ်ဆိုတာကို လက်ခံလိုက်ရတာဘဲလို့ ကျမနားလည်တယ်ရှင့်။

ရင် ။ ။ အတိုက်အခံ တိုင်းရင်းသားနဲ့ ဒီမိုကရေစီရေးအင်အားစုတွေကလည်း လမ်းကြောင်းတခုခုကို ဖော်ဆောင်ပြီး မြန်မာနိုင်ငံကို ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတခုအဖြစ် တည်ဆောက်သွားသင့်တယ်ဆိုတဲ့ အပေါ်မှာတော့ အရင်နှစ်အတော်ကြာကတည်းက အဆိုပြုတင်သွင်းထားကြတာဘဲလေဗျာ။ အဲဒီအတွက် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ငန်းစဉ်တွေ လုပ်ဆောင်ခဲ့ကြတယ်လို့ ကျွန်တော်ကြားမိတာဘဲ။ နောက်ဆုံးရည်မှန်းချက်အနေနဲ့ တိုင်းပြည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်လာဘို့ဆိုတဲ့အပေါ်မှာတော့ နအဖဘက်ကရော အတိုက်အခံအင်အားစုတွေဘက်ကပါ အငြင်းမပွားကြဘူးလို့ ကျွန်တော် သုံးသပ်မိတယ်။

လေး ။ ။ ကဲ ဒါဖြင့်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်လာဘို့ရည်မှန်းချက်ခြင်း တူညီတယ်ဆိုရင် မတူညီတာတွေက ဘာတွေများလဲ ကိုရင်မောင်။

ရင် ။ ။ အဓိကအားဖြင့်ကို မတူညီတာတွေလည်း အတော်များများရှိသဗျ မလေးရ၊ အဲဒါတွေကိုတော့ နောက်မှဆွေးနွေးကြသေးတာပေ့ါဗျာ။ ကျွန်တော်ထောက်ပြချင်တဲ့အချက်က အခုအချိန်အထိ နှစ်ဖက်စလုံးက တိတိကျကျ ထုတ်ဖော်မဆွေးနွေးသေးတဲ့အချက်၊ မြုပ်နေတဲ့အချက်ဘဲဗျ မလေးရ။

လေး ။ ။ ဘာများပါလိမ့် ကိုရင်မောင်။

ရင် ။ ။ ကျွန်တော်တို့ တလျှောက်လုံး ဆွေးနွေးနေတဲ့အချက်ပေ့ါဗျာ။ အတိတ်က ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို ပြန်ပြီးအရေးယူဆောင်ရွက်နိုင်ဘို့ သဘောတူညီချက်တွေရအောင် ကြိုးစားဘို့ဆိုတဲ့ အချက်ဘဲလေဗျာ။ နှစ်ဘက် စလုံးက ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှမပြောကြတာဟာ မြုပ်နေတဲ့ အချက်ဘဲလို့ ကျွန်တော်တော့ ယူဆသဗျာ။

လေး ။ ။ အဲဒါ ဘာကြောင့်လို့ ကိုရင်မောင်ယူဆသလဲ။ ပြည်တွင်းက ပြည်သူတွေဆီက ဒီကိစ္စ ဆွေးနွေးတဲ့အသံတွေ မကြားရသေးတာထားပါတော့ ကိုရင်မောင်။ နအဖရဲ့ အုပ်ချုပ်မှုအောက်မှာမရှိဘဲ နယ်စပ်ဒေသတွေနဲ့ နိုင်ငံတကာမှာ အခြေပြုလှုပ်ရှားနေကြတဲ့ နိုင်ငံရေးအင်အားစုတွေဆီကပါ ဒီအပေါ်မှာ ဆွေးနွေးမှုတွေ လုပ်မလာကြသေးတာဟာ ဘာကြောင့်လဲရှင့်။

ရင် ။ ။ နှစ်ချက်ဖြစ်နိုင်တယ်ဗျ မလေးရ၊ ပထမအချက်က နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးအရ ဖြေရှင်းတဲ့ကိစ္စကို အရင်လုပ်ဘို့နဲ့ နိုင်ငံရေးအရ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးအဖြေရှာကြရေးဟာ အဓိကဆိုတဲ့အပေါ်မှာ သိပ်ပြီး ဇောင်းပေးလွန်းတဲ့အခါကျတော့ ပြည်သူတွေ လူ့အခွင့်အရေး ချိုးဖေါက်ခံခဲ့ကြရတဲ့ ကိစ္စတွေအပေါ် သိပ်ပြီး အာရုံမစိုက်မိကြတာလည်း ဖြစ်နိုင်တယ်ဗျ။

လေး ။ ။ ကဲ ဒါဖြင့်ရင် အသေအချာ စဉ်းစားကြည့်ကြရအောင်နော်။ ပြည်သူတွေ လူ့အခွင့်အရေးချိုးဖေါက်ခံရတဲ့ကိစ္စဟာ နိုင်ငံရေးပြဿနာလို့ ပြောလို့မရဘူးလား ကိုရင်မောင်။

ရင် ။ ။ ကျွန်တော့် အနေနဲ့ပြောရရင်တော့ ဒါဟာ အကြီးမားဆုံး နိုင်ငံရေးပြဿနာပေ့ါဗျာ။ ဒါပေမယ့် ချည်းကပ်ပုံခြင်းက မတူဘူးဗျ မလေးရ၊ ကျွန်တော်လေ့လာလို့ ရသလောက်တော့ နိုင်ငံရေးခေါင်းဆောင် အတော်များများဟာ ဒီကိစ္စကို စိတ်ဝင်တစား လေ့လာဆွေးနွေးချင်တဲ့ ဆန္ဒမျိုးမရှိကြဘူးဗျ။ နိုင်ငံရေးအာဏာပိုင်းဆိုင်ရာတွေကို ဆွေးနွေးဘို့ ပိုပြီးစိတ်ဝင်စားကြတယ်လို့ ကျွန်တော်တော့ ယူဆသဗျာ။

လေး ။ ။ နအဖ အတင်းအဓမ္မရယူထားတဲ့ နိုင်ငံရေးအာဏာကို ပြည်သူလူထုလက်ထဲ ဘယ်လိုပြန်လည်လွှဲပြောင်းပေးမလဲဆိုတဲ့အချက်အပေါ် စိတ်ဝင်စားမှုရှိကြတယ်ဆိုတာကတော့ မဆန်းပါဘူးကိုရင်မောင်။ သဘာဝကျပြီး ဖြစ်လဲဖြစ်သင့်တဲ့ကိစ္စပါရှင်။ ဒါပေမယ့် အဲဒီနိုင်ငံရေးခေါင်းဆောင်ကြီးများ သတိမပြုမိသေးတဲ့အချက်က ဒီမိုကရေစီကို အသွင်ကူးပြောင်းတဲ့ကိစ္စ (Democratic Transition) တွေကို ဆောင်ရွက်တဲ့အခါမှာ အတိတ်မှာဖြစ်ပွားခဲ့တဲ့ လူ့

အခွင့်အရေးချိုးဖေါက်မှုတွေအပေါ်ဘယ်လို စနစ်တကျ ကိုင်တွယ်အရေးယူဆောင်ရွက်သွားမယ်ဆိုတဲ့ သဘောတူညီချက်မျိုးတွေ ရနိုင်မှသာ ချောချောမောမောဖြစ်နိုင်တယ်။ အဲဒီကိစ္စတွေကို ဖုံးကွယ်ထား၊ မသိချင်ယောင်ဆောင်ထား၊ ကျော်လွှားသွားပြီး နိုင်ငံရေးအရ အနာဂတ်ပြည်ထောင်စုကြီး တည်ဆောက်ရေး ဆွေးနွေးသွားကြလို့မရဘူးဆိုတဲ့ အချက်ဖြစ်တယ် ကိုရင်မောင်။

ရင် ။ ။ အင်း ကျွန်တော်လည်း သာမန်ပြည်သူ တယောက်အနေနဲ့စဉ်းတော့ စဉ်းစားနေမိသားဗျ မလေးရ။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးဘို့ **(Political Dialogue)** ဆိုတဲ့အသံတွေ မကြာမကြာကြားမိသဗျ။ ၁၉၉၀ မေလရွေးကောက်ပွဲရလာဒ် ကို ဘယ်လိုစဉ်းစားဖေါ်ဆောင်မလဲ ဆွေးနွေးဘို့လိုတယ်။ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် **(Self-determination)** ကိစ္စတွေ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကိစ္စတွေကို ဆွေးနွေးဘို့လိုတယ်ဆိုတာတွေတော့ ကြားမိသားဗျ။ ဒါပေမယ့်ဗျာ။ အရင်တုံးကဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေအပေါ် ဘယ်လိုကိုင်တွယ်အရေးယူသင့်တယ်ဆိုတဲ့အချက်အပေါ်မှာတော့ ကျွန်တော်တို့ လူထုကြီးအတွင်းမှာရော၊ နိုင်ငံရေးခေါင်းဆောင်တွေအကြားမှာပါ ဆွေးနွေးကြတဲ့အသံမျိုး ကျယ်ကျယ်လောင်လောင် မကြားမိသေးဘူးဗျာ။ ဘာကြောင့် ဒီကိစ္စတွေကို လေ့လာဆွေးနွေးဘို့လိုတယ်ဆိုတာ မလေး ထပ်ပြီး ရှင်းပြလို့ရမလားဗျာ။

လေး ။ ။ ရတာပေါ့ ကိုရင်မောင်။ ပထမအချက်ကတော့ တရားမျှတမှုဖေါ်ဆောင်ပေးရေးနဲ့ဆိုင်တယ်နော်။ ဖြစ်ပြီးခဲ့တဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုကြီးတွေကို လုံးဝမေ့ထားခဲ့မယ်ဆိုရင် ဆိုဇင်နစ်ဇင်ပြောတဲ့ စကားလုံးအရတော့ ကျမတို့ဟာ မကောင်းမှုကျူးလွန်သူတွေအပေါ်မှာ အကာအကွယ်ပေးထားတဲ့သဘောရောက်ရုံသာမက နောင်လာနောင်သား မျိုးဆက်တွေအတွက် တရားမျှတမှု အခြေခံကိုပါ တစစီဖျက်ဆီးလိုက်ရာ ရောက်သွားလိမ့်မယ် ကိုရင်မောင်။

ရင် ။ ။ အင်း ဒါကိုတော့ လက်ခံရမယ်ထင်သဗျာ။ ဘဝနစ်နာပျက်စီး ဆုံးရှုံးခံစားခဲ့ရတဲ့ ပြည်သူတွေအတွက် လူ့အဖွဲ့အစည်းက ကုစားပေးဘို့ မစဉ်းစားဘူး၊ တာဝန်ရှိသူတွေကို ဖေါ်ထုတ်အရေးမယူဘူးဆိုရင် တရားမျှတမှု ဆုံးရှုံးတဲ့သဘောရောက်သွားတော့တာပေါ့ဗျာ။

လေး ။ ။ ဒုတိယကတော့ တာဝန်ရှိသူတွေကို ဖေါ်ထုတ်ပြီး တစုံတရာ အရေးယူဆောင်ရွက်နိုင်မှသာ နောင်ကို ဒီလို ပြစ်မှုမျိုးတွေ ထပ်မံ မကျူးလွန်ကြစေဘို့ အကာအကွယ်ပေးရာရောက်မယ် ကိုရင်မောင်။ တတိယအနေနဲ့ နောင်တက်လာမယ့် ဒီမိုကရေစီအစိုးရအပေါ်မှာ လူထုက ပိုပြီး ယုံကြည်မှုရလာနိုင်မယ်။ ဥပဒေစိုးမိုးရေးအခြေခံကို ပြန်လည်တည်ဆောက်နိုင်မှာဖြစ်တယ်၊ ဒီမိုကရေစီအစိုးရ မတက်ခင်က တိုင်းပြည်မှာ ဘာတွေဖြစ်ခဲ့တယ် အဲဒီ ဆိုးဝါးတဲ့ဖြစ်စဉ်တွေကို တရားဝင် အဆုံးသတ်ဘို့လိုတယ် ဆိုတဲ့အချက်တွေကို လူထုအနေနဲ့ နားလည်သဘောပေါက်လာနိုင်မှာဖြစ်တယ်ရှင့်။

ရင်  ။  ။ အင်း တကယ်တွေးကြည့်တော့ ပြီးခဲ့တဲ့ကာလတွေတုံးက ဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို ပြန်လည်အရေးယူမပေးရင် ခံခဲ့ရတဲ့သူတွေဟာ မကြေနိုင်မချမ်းနိုင်ဖြစ်နေကြမှာဘဲဗျ။ အဲဒီလိုဆိုရင် စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး တည်ဆောက်နိုင်မှာမဟုတ်သလို ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ မွေးထုတ်ပေးရေးဆိုတာဟာလည်း လေထဲတိုက်အိမ်ဆောက်သလိုဘဲ ဖြစ်နေလိမ့်မယ်ဆိုတာ နဲနဲတော့ နားလည်လာပြီလို့ ပြောရင်း ခုတပတ် နိဂုံးချုပ်ပါရစေတော့ဗျာ။

လေး ။  ။ ကောင်းပါပြီတဲ့ ရှင်။

▲ ▲ ▲

ရွေးကောက်ပွဲ

# ယူကရိန်းသမတရွေးကောက်ပွဲ

**ဝင်းမောင်မောင်**

ယူကရိန်းနိုင်ငံမှာ ဒီဇင်ဘာလ (၂၆)ရက်နေ့က တတိယအကြိမ် သမတရွေးကောက်ပွဲ အတွက် မဲပေးမှုပြီးဆုံးသွား ပါပြီ။ ရွေးကောက်ပွဲရလဒ်နဲ့ အကျိုးဆက်က ဘယ်လိုဖြစ်လာ မယ်ဆိုတာ ခန့်မှန်းရခက်ခဲနေပါတယ်။ ဘာကြောင့်လဲဆိုတော့ အခုရွေးကောက်ပွဲဟာ နိုဝင် ဘာလ (၂၁) ရက်နေ့တုံးက ကျင်းပခဲ့တဲ့ရွေးကောက်ပွဲရလဒ် အငြင်းပွားမှုကြောင့် ပြန်လည် ကျင်းပခဲ့ရတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ တရားဝင်မဟုတ်သေးတဲ့ ရလဒ်များအရတော့ နိုဝင် ဘာလ (၂၁) ရက်နေ့ ရွေးကောက်ပွဲမှာ ရှုံးတယ်လို့ကြေညာခံရတဲ့ အတိုက်အခံခေါင်းဆောင် မစ္စတာဗစ်တာယူချန်ကိုးက မဲအသာရနေတယ်လို့ ဆိုပါတယ်။ ဒါကို အရင်ရွေးကောက်ပွဲမှာ အနိုင်ရတယ်လို့ ကြေညာခံခဲ့ရတဲ့ ဝန်ကြီးချုပ် မစ္စတာဗစ်တာယာနူကိုဗစ်ချ် က လက်မခံနိုင် ဘူးလို့ဆိုပါတယ်။

နိုဝင်ဘာလ ရွေးကောက်ပွဲတုံးက ယာယီခန့်မှန်းချက်တွေအရ မစ္စတာယူချန်ကိုးက အနိုင်ရတယ်ဆိုပေမဲ့ ရွေးကောက်ပွဲကော်မရှင်က တရားဝင်ကြေညာတဲ့အခါမှာတော့ ဝန်ကြီး ချုပ် ယာနူကိုဗစ်ချ် အနိုင်ရတယ်လို့ ကြေညာခဲ့ပါတယ်။ ဒါကို အတိုက်အခံခေါင်းဆောင် ယူချန်ကိုးက မကျေမနပ်ဖြစ်ပြီး အဲဒီရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုဘူး၊ ပြီးတော့ မဲလိမ်ညာမှုတွေ၊ မသမာမှုတွေရှိတယ်လို့ စွပ်စွဲ၊ ကန့်ကွက်ပါတယ်။ သူ့ကို ထောက်ခံသူများ ကိုစည်းရုံးပြီး ဆန္ဒပြပွဲတွေကျင်းပခဲ့ပါတယ်။ သူ့ရဲ့ ရွေးကောက်ပွဲအမှတ်အသားဖြစ်တဲ့ လိမ္မော် ရောင်ကိုအခြေပြုလို့ ဆန္ဒပြပွဲကြီးကို လိမ္မော်ရောင်တော်လှန်ရေး (Orange Revolution) လို့ အမည်တွင်ခဲ့စေပါတယ်။ ဆန္ဒပြသူတွေဟာ အစိုးရရုံးနဲ့ ပါလီမန်အဆောက်အအုံတွေကို ဝိုင်းထားကြပါတယ်။ သို့သော် သွေးထွက်သံယိုမှုနဲ့ အကြမ်းဖက်မှုတွေကိုတော့ အတတ်နိုင် ဆုံး ရှောင်ကြတယ်လို့ဆိုပါတယ်။

ဒီရွေးကောက်ပွဲပြဿနာနဲ့ဆက်စပ်တဲ့ ယူကရိန်းရဲ့ နောက်ကြောင်းကတော့ ယူကရိန်း ဟာ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် ၁၉၉၁ ခု ဩဂုတ်လမှာ လွတ်လပ်တဲ့ နိုင်ငံ တနိုင်ငံဖြစ်လာပြီး လွတ်လပ်တဲ့နိုင်ငံများရဲ့ နေသဟာယ (စီအိုင်အက်စ်) အဖွဲ့ဝင်ဖြစ်လာ ခဲ့ပါတယ်။ လူဦးရေအားဖြင့် (၄၈) သန်းရှိပြီး ယူကရိန်းနီးယားလူမျိုးက လူများစုဖြစ်ပြီး (၇၃) ရာခိုင်နှုန်းရှိပါတယ်၊ ရုရှားလူမျိုးက (၁၇) ရာခိုင်နှုန်းရှိပါတယ်။ လွတ်လပ်ရေးရပြီးချိန်တွင် မစ္စတာလီယိုနစ်ကရာချွတ် က သမတဖြစ်လာပြီး (Presidential- parliamentary sys-

**tem)** ကိုကျင့်သုံးခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာတော့ ရုရှားကျောထောက်နောက်ခံရှိတဲ့ မစ္စတာလီယိုနစ်ကုချ်မာ သမတဖြစ်လာခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်၊ ဇွန်လတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ယူခရိန်းပါလီမန်က အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ သမတလီယိုနစ်ကုချ်မာသည် သမတသက်တမ်း ဒုတိယအကြိမ် (၅) နှစ် သက်တမ်းအတွက် ၁၉၉၉ ခုနှစ်မှာ ထက်မံအရွေးခံ ခဲ့ရပါတယ်။ အခြေခံဥပဒေအရ သမတတဦးသည် သက်တမ်းနှစ်ကြိမ်သာ ထမ်းဆောင်ခွင့်ရှိ သောကြောင့် ယခုရွေးကောက်ပွဲမှာ မစ္စတာကုချ်မာ အရွေးခံခွင့်မရှိတော့ပါဘူး။ သို့သော် လည်း သမတရွေးကောက်ပွဲ တစ်နှစ်ကျော်မျှသာလိုတော့သည့်အချိန်မှာတော့ အနောက် ယိမ်းသော ဝန်ကြီးချုပ်ဟောင်း ဗစ်တာယူချဲန်ကိုးက သမတရာထူးအတွက် ရေပန်းစားလာ ပုံရပါတယ်။ ဒီတော့ ရုရှားလိုလားသူ လက်ရှိသမတ ကုချ်မာ က သမတနှင့် ပါလီမန်အကြား အာဏာထိန်းညှိဖို့ လိုအပ်တယ်ဆိုတဲ့ စဉ်းစားချက်အပေါ်မှာ အခြေခံဥပဒေပြင်ဆင်ရေး အတွက် ကြိုးပမ်းခဲ့ပါတယ်။ မူလအခြေခံဥပဒေအရ သမတမှာ လုံးဝအာဏာအပြည့်ရှိပေမဲ့ အခြေခံဥပဒေသာ ပြင်လိုက်လျှင် သမတမှာ ယခုလက်ရှိ သမတလို အာဏာအပြည့် မရှိနိုင် တော့ပါ။ တနည်းအားဖြင့် ယူကရိန်းနိုင်ငံရေးစနစ်ကို **(from Presidential- Parliamentary system to Parliamentary - presidential system)** ဖြစ်စေရန်ရည်ရွယ်သည်။ အဓိကအားဖြင့် သမတ၏အာဏာကိုလျှော့ချပြီး ပါလီမန်ကိုအာဏာ ပိုခွဲဝေပေးရန်ဖြစ်ပါ တယ်။ ဒါပေမဲ့ ဒီကြိုးပမ်းချက် မအောင်မြင်ခဲ့ပါဘူး။

အခုရွေးကောက်ပွဲမှာ အဓိကလက်ညိုးထိုးစရာဖြစ်ခဲ့တာကတော့ ရွေးကောက်ပွဲဥပဒေ ဘဲဖြစ်ပါတယ်။ ရွေးကောက်ပွဲဥပဒေအရ မကျန်းမာသူ၊ သက်ကြီးရွယ်အိုများနှင့် မသန်မစွမ်း သူများ မဲရုံကိုလာစရာမလိုဘဲ အိမ်မှာကနေမဲပေးခွင့်ရှိပါတယ်။ ဒီလို အိမ်ကနေ မဲပေးခွင့်ရှိတဲ့အ တွက် မဲလိမ်ညာမှုတွေ၊ မသမာမှုတွေရှိတယ်လို့ဆိုပါတယ်။ တချို့ဒေသတွေမှာ မဲအရေအ တွက်က မဲပေးခွင့်ရှိတဲ့အရေအတွက်ထက် ပိုများနေတယ်လို့ဆိုပါတယ်။

ရွေးကောက်ပွဲနဲ့ပတ်သက်လို့ အနောက်ဥရောပမှ လေ့လာသူများက မဲလိမ်မှုတွေ ရှိကြောင်း၊ ရွေးကောက်ပွဲက မျှတမှုမရှိကြောင်း ဆိုကြပါတယ်။ တဖက်မှာတော့ ရုရှား သမတ ဗလာဒီမာပူတင်က မစ္စတာယာနူကိုဗစ်ကိုအနိုင်ရတဲ့အတွက် ဂုဏ်ယူကြိုဆိုကြောင်း၊ သဝဏ် လွှာနှစ်ကြိမ်ပို့ခဲ့တယ်လို့ဆိုပါတယ်။ ဒီရွေးကောက်ပွဲဟာ အနောက်ယိမ်းလိုလားသူနဲ့ ရုရှား လိုလားသူရဲ့ မဲခွဲပွဲလို့ပြောရင် နိုင်ကောင်းပါတယ်။

ဘာကြောင့်လဲဆိုတော့ မစ္စတာယူချဲန်ကိုးပြောခဲ့တဲ့ ယူကရိန်းဟာ လွတ်လပ်ရေးရခဲ့ တာ (၁၃) နှစ်ရှိပေမဲ့ မလွတ်လပ်သေးဘူးဆိုတာရယ် မစ္စတာ ယာနူကိုဗစ် ကိုထောက်ခံသူ ကျောင်းဆရာ မစ္စတာမိုင်ကိုလာ ဗလာဒီမာရော့က ဟိုလူတွေက ကျနော်တို့နိုင်ငံကို အမေရိ ကန်ကို ရောင်းစားနေတယ် ဆိုတာတွေကိုကြည့်ရင် အနိမ့်ဆုံးတော့ ခန့်မှန်းလို့ရနိုင်ပါတယ်။ လိမ္မော်ရောင်တော်လှန်ရေးရဲ့နောက်ကွယ်မှာ အမေရိကန်ငွေကြေးအရင်းအမြစ်တွေရှိနေ တယ်လို့ စွပ်စွဲတဲ့သတင်းများလဲ ဖြစ်ပေါ်ခဲ့ပါတယ်။

အခုလိုအငြင်းပွားနေတုံး ရွေးကောက်ပွဲအပြီး တပတ်အကြာမှာ ယူကရိန်းပါလီမန်က ရွေးကောက်ပွဲဟာ ပျက်ပြယ်ကြောင်းကြေညာခဲ့ပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲကော်မရှင် ကို အယုံအကြည်မရှိကြောင်း မဲခွဲခဲ့ပါတယ်။ ပါလီမန်က ဒီလိုကြေညာခွင့်မရှိသော်လည်း၊

ဒါဟာ ရွေးကောက်ပွဲရလဒ်အပေါ် ကျေနပ်မှုမရှိတာကို ပြသနေပါတယ်။ တရားရုံးချုပ်က ရွေးကောက်ပွဲအပြီးလို့ (၁၂) ရက်အကြာ ဒီဇင်ဘာလ (၃) ရက်နေ့မှာ တော့ ရွေးကောက်ပွဲမှာ စနစ်တကျလိမ်ညာခဲ့တာတွေနဲ့၊ မတရားပြုမှုတွေ ကျယ်ကျယ်ပြန့်ပြန့်ရှိခဲ့တယ်ဆိုပြီး ရွေးကောက်ပွဲရလဒ်များဟာ တရားမဝင်ကြောင်း၊ ပျက်ပြယ်ကြောင်း ကြေညာခဲ့ပါတယ်။ ရွေးကောက်ပွဲကို ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ပြန်လည်ကျင်းပမည် ဖြစ်ကြောင်းကိုလည်း ကြေညာခဲ့ပါတယ်။ ဒီဇင်ဘာလ (၂၆) ရက်နေ့မှာကျင်းပမဲ့ ရွေးကောက်ပွဲကို ခေါင်းဆောင်နှစ်ဦးလုံးက လက်ခံခဲ့ပါတယ်။

ဒီကြားထဲမှာ အခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပြီးခဲ့တဲ့ရွေးကောက်ပွဲကလို အငြင်းပွားမှုတွေမဖြစ်ရအောင် ရွေးကောက်ပွဲဥပဒေပြင်ဆင်ရေးကို ပါလီမန်မှာညှိနှိုင်းကာ ပြေလည်မှုရခဲ့ပါတယ်။ ပါလီမန်က ရွေးကောက်ပွဲဥပဒေနဲ့ပတ်သက်ပြီး မသန်မစွမ်းသူများသာ အိမ်ကနေမဲပေးခွင့်ရှိစေရန်ပြင်ဆင်ခဲ့ပါတယ် ။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို ပြောင်းလဲပစ်ခဲ့ပါတယ်။ အခြေခံဥပဒေဆိုင်ရာတရားရုံးက ရွေးကောက်ပွဲပြန်စဖို့ တစ်ရက် အလို ဒီဇင်ဘာလ (၂၅) ရက်နေ့မှာ ဒီရွေးကောက်ပွဲဥပဒေပြင်ဆင်ချက်ဟာ အခြေခံဥပဒေနှင့် ဆန့်ကျင်ကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။ ထို့အပြင် မသန်မစွမ်းသူများ၊ နာမကျန်းသူများကို အိမ်မှာမဲပေးခွင့်ပြုရန်လည်း ကြေညာခဲ့ပါတယ်။ ထိုဆုံးဖြတ်ချက်ကြောင့် ရွေးကောက်ပွဲကော်မရှင်မှာ စိတ်ရှုပ်သွားရပေမဲ့၊ ရွေးကောက်ပွဲက တစ်ရက်သာလိုတော့တဲ့အတွက် တခြားရွေးစရာနည်းမရှိတော့လို့ အခြေခံဥပဒေဆိုင်ရာ တရားရုံးရဲ့ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်သွားမဲ့အကြောင်း ပြောခဲ့ပါတယ်။

ဒီဇင်ဘာလ (၂၄) ရက်နေ့မှာ ပါလီမန်ဥက္ကဋ္ဌ ဗလာဒီမာလုဒင်က နိုင်ငံခြားသွေးထိုးမှုများကို လက်မခံကြဖို့နဲ့ ဥပဒေစိုးမိုးမှု ဆောင်ရွက်နေသူများကို အနုးအညွှတ် မေတ္တာရပ်ခံခဲ့ပါတယ်။ ယဉ်ကျေးတဲ့နိုင်ငံဖြစ်ကြောင်း၊ ဉာဏ်ပညာရှိပြီး နားလည်မှုရှိရှိ အဖြေရှာနိုင်တဲ့ လူ့အဖွဲ့အစည်းဖြစ်တယ်ဆိုတာ ပြသဖို့လိုအပ်ကြောင်းလည်း ၎င်းကတိုက်တွန်းပြောကြားခဲ့ပါသေးတယ်။

ဒီဇင်ဘာ (၂၆) ရက်နေ့မှာတော့ ရွေးကောက်ပွဲဟာ ချောချောမောမောပြီးသွားခဲ့ပါတယ်။ ယခုတစ်ကြိမ်ရွေးကောက်ပွဲဟာ တရားမျှတမှုရှိကြောင်း ရွေးကောက်ပွဲလေ့လာသူများက ပြောကြပါတယ်။ ခန့်မှန်းမဲများအရ နိုင်ဝင်ဘာလရွေးကောက်ပွဲတုံးက ရှုံးခဲ့တယ်လို့ဆိုတဲ့ အတိုက်အခံခေါင်းဆောင် ဗစ်တာယုချဲန်ကိုးက အသာရနေကြောင်း သတင်းများထွက်နေပါတယ်။ သို့သော်လည်း နိုင်ငံအနောက်ပိုင်းက ဗစ်တာယုချဲန်းကိုးကို မဲထည့်ကြပေမဲ့ နိုင်ငံအရှေ့ပိုင်းကတော့ ဝန်ကြီးချုပ် ယာနူကိုဗစ် ကို မဲထည့်ကြတယ်လို့ဆိုကြပါ တယ်။ ဒီဇင်ဘာ(၂၈)ရက်နေ့မှာတော့ ရွေးကောက်ပွဲကော်မရှင်က အပြီးသတ်မဲရေတွက် မှုများအရ ဗစ်တာ ယုချဲန်ကိုးက မဲစုစုပေါင်း၏ ၅၁.၉၉ ရာခိုင်နှုန်း၊ ဗစ်တာ ယာနူကိုဗစ် က ၄၄.၁၉ ရာခိုင်နှုန်းရရှိကြကြောင်း ထုတ်ပြန်ခဲ့ပါတယ်။ ဒီမဲစာရင်းရလဒ်ကို ယာနူကိုဗစ်က လက်မခံဘူးလို့ဆိုပါတယ်။ တရားရုံးကို လျှောက်ထားမယ်လို့လည်းဆိုပါတယ်။ ယုချဲကိုး ကို လက်မခံတဲ့ အရှေ့ပိုင်းပြည်နယ်သားများရဲ့ ခွဲထွက်ရေးခြိမ်းခြောက်မှုကလည်း ရှိနေပြန်တယ်။ ရာထူးကထွက်ပေးရတော့ သမတလီယိုနစ်ကုချ်မာနဲ့ ဥရောပယူနီယံ သံတမံများက ရွေးကောက်

ပွဲရလဒ်ကို လက်ခံကြဖို့အတွက် တိုက်တွန်းနေကြပါတယ်။ တကယ်လို့ ဘက်တဘက်က ရွေးကောက်ပွဲရလဒ်ကိုလက်မခံဘဲ အတိုက်အခံပြုနေမယ်ဆိုရင် ဒီဇင်ဘာလ ပထမအပတ် တုံးက ရုရှားသမတ ဗလာဒီမာပူတင် ကို မစ္စတာကုရ်ုမှာ သွားရောက်တွေ့စဉ်တုံးက၊ မစ္စတာ ပူတင်ပြောခဲ့သလို "တဘက်ဘက်က လက်မခံတိုင်း ရွေးကောက်ပွဲပြန်လုပ်ကြစတမ်းဆိုရင် တတိယအကြိမ်၊ စတုတ္ထအကြိမ်၊ (၂၅) ကြိမ် – စသည်ဖြင့် ပြန်လုပ်ကြမလား၊ အဓိပ္ပါယ်မရှိပါ ဘူး" လို့ဆိုသလိုဘဲ ဖြစ်နေလေမလား စောင့်ကြည့်ကြမှာဖြစ်ပါတယ်။

▲ ▲ ▲

အခြေခံဥပဒေရေးရာ

# အခြေခံဥပဒေရေးရာသတင်းအတိုအထွာများ

**မှတ်တမ်းနှင့်သုတေသနဌာန**
**မြန်မာနိုင်ငံရေ့နေများကောင်စီ**

## ဗိုလ်ချုပ်ကြီးဟောင်းကို လူထုကသမတ အဖြစ်ရွေးချယ်

(အင်ဒိုနီးရှား)



အင်ဒိုနီးရှားတွင် စက်တင်ဘာလ (၂၀) ရက်နေ့က နှစ်ပေါင်း (၅၀) အတွင်း ပထမဆုံးအကြိမ်အဖြစ် သမတကို လူထုက တိုက်ရိုက် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ သမတရွေးကောက်ပွဲကို အဆင့်နှစ်ဆင့်ဖြင့် ပြုလုပ်ခဲ့သည်။ ပထမအဆင့် ရွေးကောက်ပွဲကို ဇူလိုင်လ (၅) ရက်နေ့က ကျင်းပခဲ့သည်။

ပထမအဆင့်သမတရွေးကောက်ပွဲတွင် သမတလောင်း (၅) ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အင်ဒိုနီးရှား သမတရွေးကောက်ပွဲ ဥပဒေအရ ပါလီမန်ရွေးကောက်ပွဲတွင် အနည်းဆုံး (၅) ရာခိုင်နှုန်းအနိုင်ရသည့် နိုင်ငံရေးပါတီ၊ သို့မဟုတ် ညွန့်ပေါင်းပါတီများက သို့မဟုတ် အောက်လွှတ်တော်တွင် အမတ်နေရာ (၃) ရာခိုင်နှုန်း အနိုင်ရထားသော ပါတီသို့မဟုတ် ညွန့်ပေါင်းပါတီက သမတလောင်းအဖြစ် အမည်စာရင်းတင်သွင်းနိုင်သည်။ သမတသည် နိုင်ငံရေးပါတီဖြစ်ရန် မလိုအပ်ပေ။

ပထမအဆင့် ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ ဆူဆီလိုဘမ်ဘန်း ယူဒိုယိုနို၊ ပီဒီအိုင်–ပီ ပါတီမှ လက်ရှိသမတ မီဂါဝါတီ ဆူကာနိုပူထရီ၊ ဂိုလ်ကာပါတီမှ ဗိုလ်ချုပ်ကြီးဟောင်း ဝီရန်တို၊ ပီအေအဲန်ပါတီမှ အာမင်ရာအီးစ်၊ နှင့် ပီပီပီပါတီမှ ဟမ်ဇာဟတ်ဇ် တိုပါဝင်ယှဉ်ပြိုင်ကြသည်။ တနည်းအားဖြင့် ဗိုလ်ချုပ်ဟောင်း (၂) ဦးနှင့် အရပ်သား (၃) ဦးတို့ပါဝင်အရွေးခံကြသည်။ ပထမဆင့်ရွေးကောက်ပွဲတွင် ဆူဆီလိုဘမ်ဘန်း က ၃၃.၅၈ ရာခိုင်နှုန်း၊ သမတ မီဂါဝါတီ က ၂၆.၂၄ ရာခိုင်နှုန်း၊ ဗိုလ်ချုပ်ကြီးဟောင်း ဝီရန်တိုက ၂၂.၁၈ ရာခိုင်နှုန်း၊ အာမင်ရာအီးစ် က ၁၄. ၈၄ ရာခိုင်နှုန်း၊ ဟမ်ဇာဟတ်ဇ် က ၃.၀၆ ရာခိုင်နှုန်း အသီးသီးရရှိကြသည်။ ရွေးကောက်ပွဲစနစ်အရ ပထမဆင့်ရွေးကောက်ပွဲတွင် မဲအများစုအနိုင်ရသော ပုဂ္ဂိုလ်နှစ်ဦးတို့ ဒုတိယဆင့်ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်ကြရသည်။

စက်တင်ဘာလ (၂၀) ရက်နေ့တွင်ကျင်းပသော ဒုတိယဆင့်ရွေးကောက်ပွဲတွင် ပထမအကြိမ် ရွေးကောက်ပွဲတုံးက အများဆုံးအနိုင်ရသော ဆူဆီလိုဘမ်ဘန်းနှင့် ဒုတိယ မဲ အများဆုံးရသော မီဂါဝါတီ တို့ယှဉ်ပြိုင်ကြသည်။ ဤရွေးကောက်ပွဲတွင် ပြည်သူအများစု က ဗိုလ်ချုပ်ဟောင်း ဆူဆီလိုဘမ်ဘန်းအား သမတ အဖြစ် မဲပေးရွေးချယ်လိုက်ကြသည်။ ဆူဆီလို ဘမ်ဘန်းက မဲအရေအတွက်၏ ၆၀.၅ ရာခိုင်နှုန်းဖြင့် မစ္စက်မီဂါဝါတီအပေါ် အနိုင်ရရှိ သွားသည်။ စစ်တပ်၏ စိုးမိုးအုပ်ချုပ်မှု နှစ်ပေါင်းများစွာ မကျေမနပ်ဖြစ်ခဲ့ကြရသော အင်ဒိုနီး ရှားပြည်သူများက စစ်ရာဇဝတ်ကောင်အဖြစ် စွပ်စွဲခံခဲ့ရဖူးသည့် စစ်အရာရှိဟောင်းအား နိုင်ငံ၏ အမြင့်ဆုံးအာဏာပိုင်အဖြစ် ရွေးချယ်ခဲ့သည်မှာ ထူးဆန်းပေသည်။ ဆူဆီလိုဘမ် ဘန်းသည် သမတအဖြစ် နိုင်ငံကို (၅) နှစ်တာ ဦးဆောင်သွားရတော့မည်။

ဆူဆီလိုဘမ်ဘန်းသည် အခြားသော စစ်အရာရှိကြီးများနည်းတူ အရှေ့တီမောကို သိမ်းပိုက်အုပ်ချုပ်ရာတွင် ပါဝင်ခဲ့ပြီး စစ်ရာဇဝတ်ကောင်အဖြစ် စွပ်စွဲခံခဲ့ရဖူးသည်။ သို့သော် လည်း တိကျသောပုဒ်မဖြင့် စွဲချက်တင်အရေးယူခြင်းတော့မခံခဲ့ရပေ။ ၎င်းသည် ၂၀၀၀ ခုနှစ် တွင် စစ်တပ်မှအနားယူခဲ့သည်။ သမတ အဗ္ဗဒူရာမန်ဝါဟစ်လက်ထက်တွင် သတ္တုတွင်းဝန် ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီး နောက်ပိုင်းတွင် လုံခြုံရေးနှင့်နိုင်ငံရေးရာဝန်ကြီးအဖြစ် ခန့်အပ် ခြင်းခံခဲ့ရသည်။ ၂၀၀၁ ခုနှစ်တွင် သမတဝါဟစ် ချစားမှုနှင့်စွပ်စွဲခံရစဉ်အတွင်း နိုင်ငံတွင် အရေး ပေါ်အခြေအနေကြေညာရန် သမတက ဆူဆီလိုဘမ်ဘန်းအား တိုက်တွန်းခဲ့ရာ ဆူဆီလိုဘမ် ဘန်းက ငြင်းဆန်ခဲ့သည်အတွက် ရာထူးမှထုတ်ပယ်ခြင်းခံခဲ့သည်။ ထိုအတွက် ၎င်းဂုဏ် သိက္ခာတက်ခဲ့သည်ဟုဆိုသည်။ သမတဝါဟစ် ပြုတ်ကျပြီးနောက် မစ္စက်မီဂါဝါတီ ဆူကာနို ပူထရီ သမတဖြစ်လာသောအခါ ၎င်းအား မူလရာထူးတာဝန် ပြန်လည်အပ်နှင်းခြင်းခံခဲ့ရ သည်။

ဗိုလ်ချုပ်ဟောင်း ဆူဆီလိုဘမ်ဘန်၏ အဓိကကျသောလုပ်ဆောင်ချက်တခုမှာ စစ် တပ်သည် နိုင်ငံရေးနှင့်ကင်းကင်းနေရေး ဖြစ်သည်။ "စစ်တပ်ဟာနိုင်ငံရေး ကနေ ၁၉၉၈ ခုနှစ် ကတည်းက နိုင်ငံရေးနဲ့ကင်းကင်းနေဖို့ဆုံးဖြတ်ခဲ့တယ်။ စစ်တပ်ပြန်လည်ပြုပြင်ရေးရဲ့ အဓိက စဉ်းစားချက်မှာ စစ်တပ်၏အခန်းကဏ္ဍနဲ့လုပ်ငန်းဆောင်တာများသည် နိုင်ငံရေးနဲ့ကင်းပြီး ကာကွယ်ရေးကိုသာ လုပ်ဆောင်ဖို့ကို စနစ်တကျပြောင်းလဲသွားရန်ဖြစ်တယ်။ စစ်တပ်မှာ လုပ်ငန်းနှစ်သွယ်လို့ခေါ်တာမျိုး မရှိဘူး၊ စစ်တပ်မှာ လူမှုနိုင်ငံရေးရည်မှန်းချက်ဆိုတာမျိုး မရှိ ဘူးဆိုတဲ့လမ်းကြောင်းကိုသွားမှာဖြစ်တယ်။" လို့ ဆူဆီလိုဘမ်ဘန်းက ၁၉၉၈ ခုနှစ်က ပြောခဲ့ ဖူးပါသည်။ ဤစဉ်းစားတွေးဆချက်က ၎င်းအတွက် ယခုအခါ ဒီမိုကရေစီနည်းကျ နိုင်ငံကိုပြန် ဦးဆောင်စေရေးလမ်းမကြီးဖြစ်ပုံရသည်။

## ဗိုလ်ချုပ်ကြီးခင်ညွန့်ရာထူးမှဖြုတ်ခံရ



အောက်တိုဘာလ (၁၉) ရက်နေ့တွင် မြန်မာစစ်ထောက်လှမ်း ရေးအကြီးအကဲ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရာထူးမှ အနား ပေးလိုက်ကြောင်း မြန်မာစစ်အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့

သည်။ သို့သော်လည်း မန္တလေးမှအပြန် ရန်ကုန်နေအိမ်တွင် အကျယ်ချုပ်ဖြင့်ဖမ်းဆီးလိုက်ကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။ ဗိုလ်ချုပ်ကြီးခင်ညွန့်အား ချစားမှုဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ခင်ညွန့်သည် ၁၉၈၈ ခုနှစ် စစ်တပ်မှအာဏာသိမ်းရာတွင် အဓိကခေါင်းဆောင်တစ်ဦးအဖြစ်ပါဝင်ပြီး စစ်ကောင်စီ (ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) ၏ အတွင်းရေးမှူး (၁) အဖြစ် တာဝန်ယူထားသူလည်းဖြစ်သည်။ ထို့အပြင် အဓိကကျသော အမျိုးသားထောက်လှမ်းအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်လည်းဖြစ်သည်။

ဗိုလ်ချုပ်ခင်ညွန့် အဖမ်းခံရပြီးနောက် မကြာမီတွင် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို စစ်အစိုးရမှဖျက်သိမ်းကာ ထောက်လှမ်းရေးအဖွဲ့အရာရှိများကိုလည်း၊ ဖမ်းဆီးခြင်း၊ ဖြုတ်ပစ်ခြင်းများပြုလုပ်ခဲ့ရုံမက ၎င်းတို့ပိုင်ဆိုင်သောပစ္စည်းများကို လိုက်လံသိမ်းဆည်းလျှက်ရှိသည်။ ထောက်လှမ်းရေးအဖွဲ့သည် မြန်မာပြည်သူလူထုကြီးအနေဖြင့် အကြောက်ရဆုံးဖြစ်သည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဖယ်ရှားလိုက်သော်လည်း ၎င်းတာဝန်ယူလုပ်ဆောင်နေသော ဒီမိုကရေစီပြောင်းလဲရေးလမ်းညွှန် (၇) ချက်နှင့် ရပ်နားထားရသော အမျိုးသားညီလာခံကို ဆက်လက်ကျင်းပသွားမည်ဟု စစ်အစိုးရခေါင်းဆောင်များကဆိုသည်။ တချိန်တည်းတွင် ဒီပဲယင်းအရေးအခင်းဦးဆောင်ခဲ့သူ ဗိုလ်ချုပ်စိုးဝင်းအား ဝန်ကြီးချုပ်အဖြစ် စစ်အစိုးရမှခန့်အပ်ခဲ့သည်။ သဘောထားပျော့ပြောင်းသူဟု ထင်ကြေးပေးခံနေရသော ဗိုလ်ချုပ်ခင်ညွန့်အား ဖြုတ်ခြင်း၊ တင်းမာသူများကိုခန့်အပ်ခဲ့ခြင်းကြောင့် မြန်မာပြည်သည် ဒီမိုကရေစီနှင့်အလှမ်းဝေးနေဦးမည်ဟု လေ့လာသူများက ခန့်မှန်းကြသည်။

---

## ဒေါ်အောင်ဆန်းစုကြည်ကိုဖမ်းဆီးထိန်းသိမ်းထားခြင်းသည် တရားမဝင်ဟုရှေ့နေကပြောကြား

### ၂၀၀၄၊ နိုဝင်ဘာ (၂၀)၊

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်နှင့် တစ်နှစ်ဆက်လက်ထိန်းသိမ်းထားမည်ဟု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပြောကြားသည်။

နိုဝင်ဘာလ (၂၇) ရက်နေ့က အရပ်ဘက်ဝန်ထမ်းနှင့် ရဲဘက်အရာရှိများက သူမနေအိမ်သို့ သွားရောက်၍ သူမအား ထိုသတင်းကိုပြောကြားခဲ့သည်။ ထိုသတင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးလွင်နှင့် ရန်ကုန်မြို့ရှိ နအဖ အရာရှိများက (၂၉) နိုဝင် ဘာလတွင် အတည်ပြုပြောဆိုကြသည်။

"မကြာသေးခင်က မြန်မာစစ်အစိုးရ နအဖ က ဒေါ်အောင်ဆန်းစုကြည်အား ထပ်မံတိုးချဲ့ထိန်းသိမ်းထားခြင်းသည် နိုင်ငံတကာဥပဒေ၊ နိုင်ငံ၏လက်ရှိတည်ဆဲဥပဒေများနှင့် ဆန့်ကျင်နေကြောင်း" အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေအထောက်အကူပြုအဖွဲ့မှ ဦးသိန်း

ညွှန့်က ပြောကြားခဲ့ကြောင်း။

ဦးသိန်းညွှန့်က "လူတဦးတယောက်ကို ဖမ်းဆီးထိန်းသိမ်းပါက တတ်နိုင်သမျှ နိုင်ငံသား၏ မူလအခွင့်အရေးကို အကာအကွယ်ပေးရမည်" ဟူသော လက်ရှိ တည်ဆဲဥပဒေကိုထောက်ပြခဲ့သည်။ ထို့အပြင် ပုဒ်မတခုတွင် လူတဦးတယောက်ကို အတတ်နိုင်ဆုံးအချိန်ကာလ အတိုတောင်းဆုံးအထိသာ ထိန်းသိမ်းရမည်ဟု ရှင်းလင်းစွာဖော်ပြထားကြောင်းလည်းဆိုသည်။ တဖန် လူတဦးကို ထိန်းသိမ်းထားရာမှ ပြန်လွှတ်သည့်အခါ ထိုသူကို ထပ်မံမထိန်းသိမ်းရကြောင်း အခြားပုဒ်မတခုတွင်ဖော်ပြထားကြောင်းလည်း ထောက်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်အား ထိန်းသိမ်းထားခြင်းသည် မည်သူမျှ ဥပဒေအထက်တွင် မရှိစေရဟုပြောဆိုခဲ့သည့် ဗိုလ်ချုပ်သူရရွှေမန်း၏ ပြောဆိုချက်နှင့် မကိုက်ညီကြောင်း၊ စစ်ဗိုလ်ချုပ်များလုပ်ဆောင်မှုသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းပါ မူများကိုဆန့်ကျင်နေကြောင်း။

ဒေါ်အောင်ဆန်းစုကြည်ကို အထက်ဗမာပြည် ဒီပဲယင်းအဖြစ်အပျက်ပြီးကတည်းက အမည်မဖော်ပြသည့် နေရာဒေသတွင် ထိန်းသိမ်းထားခဲ့အပြီး နိုဝင်ဘာ (၂၈) ရက် ၂၀၀၃ ခုနှစ်တွင် နေအိမ်အကျယ်ချုပ်နှင့် ထပ်မံထိန်းသိမ်းထားခဲ့သည်။

---

## နိုင်ငံရေးအကျဉ်းသားဟောင်းတဦးအား မတရားအမှုဆင်ဖမ်းဆီးထောင်ချခြင်းခံရ

### ၂၀၀၄၊ ဒီဇင်ဘာလ (၁၀)၊

နိုင်ငံရေးအကျဉ်းသားဟောင်း ဒေါက်တာမြင့်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အား ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် ရွှေဘိုမြို့နယ်တရားရုံးမှ ယာဉ်တိုက်မှုဖြင့် ထောင်ဒဏ် (၃) လ ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ သတင်းထုတ်ပြန်လိုက်သည်။

ထိုသတင်းထုတ်ပြန်ချက်တွင် ဆိုင်ကယ်တိုက်ခံရသူ အမျိုးသမီးသည် မည်သည့်ဒဏ်ရာမျှ မရရှိခြင်း၊ ရဲစခန်းတွင် မိမိ၏အလွန်ဖြစ်သည်ဟု ထိုအမျိုးသမီးမှ ဖြောင့်ချက်ပေးခဲ့သော်လည်း အမျိုးသမီးအား မြို့နယ်မယကမှ အတင်းဆေးရုံတက်ခိုင်း၍ တရားစွဲဆိုစေခဲ့သည်။ ရုံးတော်တွင် တရားလိုဖြစ်သူမှ မိမိမှားသည့်အတွက် ကျေအေးကြောင်း လက်မှတ်ရေးထိုးခဲ့သည်။ ထို့ကြောင့် ရွှေဘိုမြို့နယ်တရားရုံး တရားသူကြီးက မိမိအနေနှင့် ပြစ်ဒဏ်ချမှတ်ရန် မရှိတော့ကြောင်းကို ဒီဇင်ဘာလ (၈) ရက်နေ့တွင် ပြောကြားခဲ့သည်။ သို့ပါလျက် ဒီဇင်ဘာလ (၉) ရက်နေ့တွင် ရုံးတော်သို့ ထပ်မံဆင့်ခေါ်၍ တထိုင်တည်းဆုံးဖြတ်ကာ ထောင်ဒဏ် (၃) လ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

ဒေါက်တာမြင့်နိုင်သည် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်ပြီး ၁၉၉၀ ခုနှစ်၊ အောက်တိုဘာလတွင် စင်ပြိုင်အစိုးရဖွဲ့စည်းရန်စီစဉ်မှုဖြင့် ထောင်ဒဏ် (၂၅) နှစ်ချမှတ်ခြင်းခံခဲ့ရသည်။ ထို့နောက် အင်းစိန်ထောင်အတွင်း ၁၉၉၆ ခုနှစ်

မတ်လတွင် တက္ကသိုလ်ရွှေရတုစာစောင် ထုတ်ဝေရန်ကြံစည်မှုဖြင့် ထောင်ဒဏ် (၅) နှစ်တိုး မြှင့်ခြင်းခံခဲ့ရသည်။ အကျဉ်းထောင်တွင် ၁၄ နှစ်နီးပါးနေခဲ့ရပြီး ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် သရက်ထောင်မှ ပြန်လည်လွတ်မြောက်လာကာ ရွှေဘိုမြို့သို့ပြန်၍ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းရုံးရေးလုပ်ငန်းများကို လုပ်ဆောင်နေသူဖြစ်သည်။

---

## ကုလသမဂ္ဂရုံးရှေ့တွင် တကိုယ်တော်ဆန္ဒပြခဲ့သူ ဦးအုန်းသန်းနှင့် ၎င်းအားကူညီခဲ့သူ ကိုသက်ဝေတို့ ထောင်ဒဏ် (၂) နှစ်စီ အပြစ်ပေးခံရ

### ၂၀၀၄၊ အောက်တိုဘာ (၂၆)၊

နိုင်ငံရေးအကျဉ်းသားဟောင်း ဦးအုန်းသန်း (၅၈ နှစ်) သည် မြန်မာနိုင်ငံတွင် စစ်မှန်သော ပြည်သူ့လွှတ်တော်ခေါ်ယူရေးအတွက် ကုလသမဂ္ဂမှ တိုက်ရိုက်ကြီးကြပ်ပေးရန်နှင့် ဒီပဲ ယင်းလူသတ်မှုအား စစ်ဆေးဖော်ထုတ်ရန်အတွက် ကုလသမဂ္ဂမှကော်မရှင်ဖွဲ့ပေးရန် ရေး သားထားသည့် ပိုစတာကိုင်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးရှေ့၌ စက်တင်ဘာလ (၂၁) ရက်နေ့ ညနေ (၃) နာရီခွဲအချိန်တွင် တစ်ကိုယ်တော်ဆန္ဒပြပွဲတခုပြုလုပ်ခဲ့သည်။ တစ်ကိုယ်တော်ဆန္ဒ ပြပွဲပြုလုပ်နေစဉ် စစ်ထောက်လှမ်းရေးဟု ယူဆရသူ လူ (၃) ဦးက ကား ဖြင့်လာရောက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်၊ ထို့အပြင် ဦးအုန်းသန်းအား ကူညီဆောင် ရွက်ခဲ့သူ ဦးသက်ဝေ (ခ) ကိုပေါက်စ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ စမ်းချောင်းမြို့နယ် ဥက္ကဋ္ဌ) ကိုလည်း စက်တင်ဘာလ (၂၂) ရက်နေ့တွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်ဟု နိုင်ငံ ရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ) မှ ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ လ (၂၆) ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဦးအုန်းသန်းသည် ထိုသို့ တစ်ကိုယ်တော်ဆန္ဒပြပွဲမပြုလုပ်မီ (၄) ရက်လောက်က ကုလ သမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သို့ လိပ်မူကာ စစ်မှန်သည့်ပြည်သူ့လွှတ်တော် ခေါ်ယူနိုင် ရေးစာတမ်းတစောင်ကို အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ကိုယ်တိုင် လက်ရေးနှင့်ရေးသားပြီး ရန်ကုန်မြို့တွင် ဖြန့်ဝေခဲ့သည်။

အောက်တိုဘာလ (၂၅) ရက်နေ့တွင် ဦးအုန်းသန်းနှင့် ဦးသက်ဝေ တို့နှစ်ဦးအား ရန် ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတွင် တရားသူကြီး ဦးစိုးတင့် မှ ပုဒ်မ ၅၀၅ (ခ)ဖြင့် ထောင်ဒဏ် (၂) စီ ချမှတ်အရေးယူခဲ့သည်။ "ဦးအုန်းသန်း နဲ့ ဦးသက်ဝေ တို့နှစ်ဦးကို ထောင်ဒဏ် (၂)နှစ်စီ မတရားအပြစ်ပေး၊ အရေးယူခြင်းဟာ တရားဥပဒေနဲ့မညီသလို မြန်မာပြည် စစ်အာဏာရှင် အစိုးရက ဒီမိုကရေးစီရေး၊ လူအခွင့်အရေးလှုပ်ရှားသူတွေကို ဘယ်လိုမှ မပြောင်းလဲဘဲ ဆက် လက်ဖိနှိပ်မြဲ ဖိနှိပ်ရာရောက်ကြောင်းကို ပြသရာရောက်တယ်"ဟု နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)မှ တွဲဘက်အတွင်းရေးမှူး ကိုဘိုကြည်မှ ပြောဆိုလိုက်သည်။

*မြန်မာနိုင်ငံ ရာဇသတ်ကြီးအရ ပုဒ်မ ၅၀၅ (ခ) တွင် "နိုင်ငံတော်အစိုးရကို ဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်သည့်ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူး လွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူစုကို*

*သော်လည်းကောင်း ကြောက်ခြင်း၊ ထိတ်လန့်ခြင်းတခုခုဖြစ်ရန် အကြံရှိလျှင်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်'' အရေးယူရမည်ဟု ဖော်ပြပါရှိသည်။*

---

## ဒေါ်အောင်ဆန်းစုကြည် လွှတ်မြောက်ရန်မရှိ

### ၂၀၀၄၊ ဒီဇင်ဘာလ (၁၀)၊

အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ချုပ်နှောင်ထားခြင်းမှ လွှတ်ပေးမည်မဟုတ်ဟု မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ငြင်းဆန်လိုက်ကြောင်း ထိုင်းဝန်ကြီးချုပ် တက္ကဆင်ရှင်နာဝပ်ထရာက ပြောကြားလိုက်သည်။

ရန်ကုန်မှပြန်လည်ရောက်ရှိလာသော ထိုင်းဝန်ကြီးချုပ်အား ဘန်ကောက်တွင် သတင်းထောက်များက မေးမြန်းရာ ဒေါ်အောင်ဆန်းစုကြည်ကို ယခင်က (၃) ကြိမ် လွှတ်ပေးခဲ့ရာ ပြဿနာများနှင့်သာရင်ဆိုင်ခဲ့ရ၍ ယခုနေအိမ်အကျယ်ချုပ်ဖြင့် ဆက်ထားမည်ဟု မြန်မာစစ်ခေါင်းဆောင်ကဖြေကြောင်း ထိုင်းဝန်ကြီးချုပ်ကဆိုသည်။

ထိုင်းဝန်ကြီးချုပ်က မြန်မာစစ်အစိုးရသည် အမျိုးသားညီလာခံကျင်းပရေး ဦးစားပေးလုပ်ဆောင်နေသောကြောင့် ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက်ချုပ်ထားခြင်းဖြစ်သည်ဟုလည်း သတင်းထောက်များအား ရှင်းလင်းခဲ့သည်။

''စစ်တပ် (မြန်မာအစိုးရ)ရဲ့ ဦးတည်ချက်က အမျိုးသားညီလာခံအောင်မြင်ရေးပဲ။ ဒီ (ညီလာခံ) ကိစ္စအတွက် စိတ်မချရရင် (ဒေါ်အောင်ဆန်းစုကြည်ကို) လွှတ်ပေးမှာ မဟုတ်ဘူး''ဟု သင့်ဘဝအောင်မြင်ရေးမဂ္ဂဇင်း အယ်ဒီတာဟောင်း စာရေးဆရာ တင်မောင်သန်းကလည်း ပြောဆိုသည်။

သို့ရာတွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆန်ဝီရာဂျူဒါ က ဒေါ်အောင်ဆန်းစုကြည်အားလွှတ်ပေးမည့်ရက်ကို အတိအကျထုတ်ပြန်ပေးရန် မြန်မာစစ်အစိုးရကို တောင်းဆိုကြောင်း ကျိုဒိုသတင်း၌ ရေးသားဖော်ပြထားသည်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက အာဆီယံခေါ် အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့အနေဖြင့် မြန်မာ့အရေး ပြန်လည်သုံးသပ်သင့်ပြီး နိုင်ငံရေးတိုးတက်ပြောင်းလဲမှုမရှိလျှင် လာမည့်နှစ် ကွာလာလမ်ပူတွင်ကျင်းပမည့် အာဆီယံထိပ်သီးညီလာခံ၌ ၂၀၀၆ ခုနှစ် အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်ဟု သတိပေးပြောဆိုသည်။

တချိန်တည်းမှာပင် ရန်ကုန်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း မြန်မာပြည်အနာဂတ်ရေး၊ မြန်မာစစ်အစိုးရနှင့် ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ရန် တောင်းဆိုထားကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်ကို ဥက္ကဋ္ဌ ဦးအောင်ရွှေက လက်မှတ်ရေးထိုးထားပြီး မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်သန်းရွှေထံသို့ လိပ်မူ၍ ဒီဇင်ဘာလ (၂) ရက်နေ့က ပေးပို့ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်း စုကြည်မှာ နေအိမ်အကျယ်ချုပ် (၃) ကြိမ်ကျခံရပြီး အကျဉ်းကျကာလမှာ (၉) နှစ် ဖြစ် သည်။ လွန်ခဲ့သည့် (၂)ပတ်က သူမ၏ အကျယ်ချုပ်သက်တမ်း(၁) နှစ် ထပ်မံတိုး ခဲ့သည်။

---

## အတိုက်အခံများကို ထပ်မံဖမ်းဆီး

### ၂၀၀၄၊ ဒီဇင်ဘာလ (၈)၊

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ (၄) ရက်နေ့တွင်ကျရောက်ခဲ့သည့် (၈၄) ကြိမ်မြောက် အမျိုးသားနေ့ပွဲကျင်းပရန် ကြိုးပမ်းသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် (၁၃) ဦးအား နယ်မြေခံရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။

တချိန်တည်းမှာပင် လန်ဒန်မြို့အခြေစိုက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) က နိုင်ငံရေးအကျဉ်းသားအားလုံး ချက်ချင်းလွှတ်ပေးရန်နှင့် မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်အား ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် မြန်မာ စစ်အစိုးရအား တောင်းဆိုလိုက်သည်။

အဆိုပါတောင်းဆိုချက်ထဲတွင် မြန်မာနိုင်ငံအရပ်ရပ်ရှိ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား ၁၃၀၀ ကျော်ရှိနေပြီး လယ်သမားများ၊ နိုင်ငံရေးပညာရှင်များ၊ ကျောင်းဆရာများ၊ ကျောင်းသားများနှင့် ရဟန်းသံဃာများပါဝင်သည်ဟုဆိုသည်။ ထိုသူတို့သည် ဒီမိုကရေစီရေးကို ငြိမ်းချမ်းစွာတောင်းဆိုသူများဖြစ်ကြသည်ဟု ဖော်ပြထားသည်။

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးခဲ့သော နိုင်ငံရေးအကျဉ်းသားအချို့အား ထောင်ကြွေးလက်ကျန်ရက်စနစ်ထားကာ အကြိမ်ကြိမ် ပြန်လည်ဖမ်းဆီးနှောင့်ယှက်မှုများလုပ်သည် ဟုလည်း ထုတ်ပြန်ဖော်ပြသည်။

နိုဝင်ဘာလ ၁၈ ရက်နှင့် ၂၅ ရက်နေ့တို့တွင် အမျိုးသားထောက်လှမ်းရေးအဖွဲ့က မှားယွင်းစွာ ချုပ်နှောင်ထားသည်ဟုဆိုသော အကျဉ်းသားစုစုပေါင်း ၉၂၄၈ ဦးအား မြန်မာစစ်အစိုးရက လွှတ်ပေးခဲ့သော်လည်း လွတ်မြောက်လာသူများထဲတွင် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် အပါအဝင် နိုင်ငံရေးအကျဉ်းသား ၄၀ သာပါဝင်သည်။

---

## ရှမ်းပြည် ငြိမ်းချမ်းရေးအဖွဲ့များ အမျိုးသားညီလာခံကော်မတီဥက္ကဋ္ဌနှင့်တွေ့ဆုံမည်

### ၂၀၀၄၊ ဒီဇင်ဘာလ (၃)၊

ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှမ်းပြည်တပ်မတော်–မြောက်ပိုင်း (SSA-N)၊ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)၊ ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့(PSLO)၊ ကချင်ဒီမိုကရက်တစ်တပ်မတော်

(KDA) နှင့် မြန်မာပြည်အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် –ကိုးကန့် (MNDA) စသော ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အဖွဲ့အစည်းများ၏ ခေါင်းဆောင်များကို လာရောက်တွေ့ဆုံရန် ဖိတ်ခေါ်ခဲ့သည်ဟုသိရသည်။

ရှမ်းပြည်တပ်မတော်မြောက်ပိုင်းမှ အရာရှိတစ်ဦးက “ဘယ်အချိန်တွေ့မယ်ဆိုတာတော့ ကျနော်တို့အတိအကျမသိရသေးဘူး။ ဒါပေမယ့် ခေါင်းဆောင်တွေကိုတော့ ခေါ်ထားတယ်”ဟု အတည်ပြုပြောဆိုသည်။

ယခုကဲ့သို့ တွေ့ဆုံခြင်းမှာ အပစ်အခတ်ရပ်စဲရေးအဖွဲ့များမှ အမျိုးသားညီလာခံတွင် တင်ပြထားသော ပူးတွဲတောင်းဆိုချက်ကြောင့်ဖြစ်နိုင်သည်ဟု သတင်းရပ်ကွက်များက ဆိုသည်။

ထိုတောင်းဆိုချက်၌ ပြည်နယ်များတွင် ကိုယ်ပိုင်ဥပဒေပြဋ္ဌာန်းခွင့်ရှိရန်၊ လက်နက်ကိုင်တပ်များ ဖွဲ့ခွင့်ရှိရန်၊ ပြည်ပနိုင်ငံများနှင့်ထိစပ်နေသည့် နယ်မြေများတွင် နိုင်ငံရေးအရမူဝါဒသီးခြားပြဋ္ဌာန်းခွင့်ရှိရန် စသည့်အချက်များပါဝင်ပြီး ဇူလိုင်လ (၉)ရက်နေ့တွင် ညီလာခံကျင်းပရေးကော်မတီမှ အပစ်အခတ်ရပ်စဲရေးအဖွဲ့များအား ပြန်လည်ပြင်ဆင်ပေးရန် တောင်းဆိုခဲ့သည်။

၁၉၉၆ တွင်ရပ်နားခဲ့သည့် အမျိုးသားညီလာခံကို ယခုနှစ် မေလ (၁၇) ရက်နေ့တွင် ပြန်လည်စတင်ခဲ့ပြီး ဇူလိုင်လ (၁၀)ရက်နေ့တွင် ထပ်မံရပ်နားခဲ့ပြန်သည်။ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဖြုတ်ချခဲ့ပြီးနောက်ပိုင်း အချက် (၇) ချက်ပါသော နိုင်ငံရေးလမ်းပြမြေပုံအား ဆက်လက်အကောင်အထည်ဖော်မည်ဟု မြန်မာစစ်အစိုးရက ပြောကြားကာ အမျိုးသားညီလာခံအား ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြန်လည်စတင်လိမ့်မည်ဟု တရားဝင်ကြေညာခဲ့သည်။

---

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် အနည်းအကျဉ်းကိုသာ မြန်မာ့စစ်အစိုးရမှလွှတ်ပေးခဲ့

### ၂၀၀၄၊ နိုဝင်ဘာ (၂၉)၊

နိုဝင်ဘာ (၂၉) ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးလွင်က “ရာဇဝတ်မှုနှင့်ထောင်သားတွေကို မြန်မာ့အကျဉ်းထောင်များမှ လူပေါင်းတသောင်းနီးပါး လွှတ်ပေးခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်တွေ လက်တဆုပ်စာလောက်သာ မကြာသေးခင်ကလွှတ်ပေးခဲ့တယ်” ဟုဆိုပါသည်။ ဆက်လက်ပြီး “ပထမအသုတ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် (၂၈) ယောက်ကို လွှတ်ပေးခဲ့တယ်။ ဒါပေမဲ့ သူတို့ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဟုတ်သလား၊ မဟုတ်ဘူးလား ဆိုတာ မသေချာသေးဘူး၊ သေချာတာကတော့ သူတို့ဟာ နိုင်ငံရေးအကျဉ်းသားတွေဖြစ် တယ်။ ဒါပေမဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ဝင်ဖြစ်သလားဆိုတာကိုတော့ ကျွန်တော်တို့ မစိစစ်ရသေးဘူး” ဟုဆိုသည်။

နိုင်ငံရေးအကျဉ်းသား ဘယ်လောက်လွှတ်ပေးလိုက်သည်ကို သူတို့ကိုယ်တိုင် မသိသေးကြောင်းနှင့် ပြီးခဲ့သည့်ထောင်သားတွေ လွှတ်ပေးသည့်အထဲတွင်တော့ အနည်းဆုံး နိုင်ငံရေးအကျဉ်းသား ၁ ရာခိုင်နှုန်း လွှတ်ပေးခဲ့တယ်လို့ ဦးလွင်မှ၀န်ခံပြောဆိုပါတယ်။

မြန်မာစစ်အစိုးရ၏ အကျဉ်းသားများလွှတ်ပေးသည့်စာရင်းအရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်တိုးတက်ဖွံ့ဖြိုးရေးကောင်စီမှ ဖော်ပြချက်အရ သတင်းစာဆရာ ဦး၀င်းတင်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်တန်းခေါင်းဆောင်တဦးပါ၀င်တယ်လို့ဆိုပါတယ်။

---

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဒေါက်တာသန်းငြိမ်း ပေါင်းတည်အကျဉ်းထောင်သို့ပြောင်းရွှေ့

### ၂၀၀၄၊ နို၀င်ဘာ (၃၀)၊

ဒေါက်တာသန်းငြိမ်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့၀င်၊ ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သည် အင်းစိန်အကျဉ်းထောင်မှ ပေါင်းတည်အကျဉ်းထောင်သို့ ထောင်အရာရှိများက ၎င်း၏မိသားစုကို အသိပေးအကြောင်းကြားခြင်းမရှိဘဲ နို၀င်ဘာလ (၂၆) ရက်နေ့တွင် ပြောင်းရွှေ့ခဲ့သည်။ မိသားစု၀င်များက နို၀င်ဘာလ (၂၉) ရက်နေ့တွင် အင်းစိန်ထောင်သို့ တွေ့ဆုံရန်သွားရောက်ရာမှသာ သိရှိရသည်။ ဒေါက်တာသန်းငြိမ်းသည် ထောင်အာဏာပိုင်များက သူ၏ မူလလွှတ်ရက်အပြင် ပုဒ်မ (၁၀) အရ (၂) လ ထပ်မံအကျဉ်းချခံရသည့်အတွက် အစာငတ်ခံဆန္ဒပြရန် နို၀င်ဘာလ (၂၆) ရက်နေ့က ကြိုးစားခဲ့သည်။

အစပထမပိုင်းတွင် သူသည် တခြားအကျဉ်းသားများနည်းတူ အကျဉ်းထောင်မှ လွတ်မြောက်ရန် မျှော်လင့်စောင့်စားခဲ့သည်ဟုဆိုပါသည်။ ထိုသို့စောင့်စားနေစဉ် သူ အစာငတ်ခံဆန္ဒပြမည်ဖြစ်ကြောင်းသိရှိလာ၍ ထိုနေ့မှာပင် အကျဉ်းထောင် ရွှေ့ပြောင်းလိုက်သည်ဟု သူ၏မိသားစု၀င်များအဆိုအရ သိရသည်။ သူ၏အသက်အရွယ်နှင့် ကျန်းမာရေး အခြေအနေအရ မိသားစုများ အထူးစိုးရိမ်နေကြသည်။

---

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့၀င်များ၏ မေတ္တာရပ်ခံချက်/အယူခံချက်ကို စစ်အစိုးရမှပယ်ချ

### ၂၀၀၄၊ ဒီဇင်ဘာလ (၂)၊

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အရာရှိ (၄) ဦး၏ အယူခံတင်လျှောက်ထားခြင်းကို နအဖ စစ်ခုံရုံးမှ ဒီဇင်ဘာလ (၁) ရက်နေ့တွင်ပယ်ချခဲ့ပြီး ထောင်ဒဏ် (၇) နှစ် ဆက်လက်ကျခံနေကြရသည်။

ထို (၄) ဦးမှာ သင်္ဃန်းကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်မြင့်၊ မကွေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသမီးအဖွဲ့၀င် ဒေါ်သန်းသန်း

ဌေး၊ မွန်ပြန်နယ် သိမ်ဇရပ်မှ ဦးစံရှနှင့် မရီတီဝင်းတို့ဖြစ်ပြီး ၎င်းတို့ကို ထိုင်းနိုင်ငံနယ်ခြားမြို့ ဖြစ်သော မဲဆောက်မြို့တွင် ပါတီ၏စာရွက်စာတမ်းများကို ဖြန့်ဝေရန်ကြိုးစားမှုနှင့် ဂျွန်လ အတွင်းက ဖမ်းဆီးခဲ့ပြီး စက်တင်ဘာလတွင် ထောင်ဒဏ်များချမှတ်ခဲ့ခြင်းဖြစ်သည်။

၎င်းတို့၏ရှေ့နေ ဦးဉာဏ်ဝင်းက "ရန်ကုန်တိုင်းတရားရုံးမှ ထိုကဲ့သို့ အယူခံတင် လျှောက်ကြားမှုကို အကြောင်းပြချက်တစုံတရာမရှိဘဲ ငြင်းပယ်ခဲ့သည်" ဟု ဆိုသည်။

ကျွန်တော်တို့ဟာ ဗဟိုတရားရုံးကိုတင်ဖို့ ပြင်ဆင်နေပါတယ်၊ အကျဉ်းသား ကိုး ထောင်လောက် လွှတ်လာခဲ့ပါတယ်။ ၎င်းတို့အထဲမှာ နှစ်ပေါင်းများစွာ အကျဉ်းကျခံနေရတဲ့ ဘယ်နိုင်ငံရေးသမားမှ မပါဘူးလို့ မေးမြန်းတဲ့အချိန်မှာ ဦးဉာဏ်ဝင်းက ပြောပါတယ်။

(၄) ဦးထဲမှ ဒေါ်သန်းသန်းဌေးဟာ အစာအိမ်ရောဂါခံစားနေရပြီး သူမ၏ ကျန်းမာရေး အခြေအနေက ဆိုးဝါးပါတယ်လို့ဆိုပါတယ်။

---

## ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ချုပ်ခေါင်းဆောင်များအကြား စာချင်းဆက်သွယ်မှု စစ်အစိုးရမှ ဖြတ်တောက်

### ၂၀၀၄ ဒီဇင်ဘာလ (၃)၊

နေအိမ်အကျယ်ချုပ်ချခံနေရသူ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအ ဖွဲ့ချုပ် ခေါင်းဆောင်များအကြား စာချင်းဆက်သွယ်မှုကို နအဖစစ်အစိုးရမှ ဖြတ်တောက် လိုက်ကြောင်း၊ အခုလို စာဆက်သွယ်မှု ဖြတ်တောက်ခြင်းကို ဒေါ်အောင်ဆန်းစုကြည်အား ပုဒ်မ ၁၀ (ခ) နှင့် ထပ်မံထိန်းသိမ်းလိုက်တဲ့ နိုဝင်ဘာလ (၂၈) ရက်နေ့မှ စတင်လိုက်တာဖြစ် ကြောင်း ရန်ကုန်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသိုင်းအဝိုင်းကဆိုသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးလွင်က "ခုချိန်ထိ ဒါကို တိတိ ကျကျ မပြောနိုင်သေးပါဘူး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ခုချိန်ထိ ဆက်သွယ်နေတုံးပါဘဲ" ဟု ပြောပါသည်။ ဒါပေမဲ့ အခြေအနေဟာ ယခင်ကနဲ့မတူတာက ရှင်းပါတယ်။ မိသားစု ဆရာဝန် ဒေါက်တာတင်မျိုးဝင်းက ဒေါ်အောင်ဆန်းစုကြည်ကို သွားရောက်ကြည့်ရှု့စဉ်က ထောက် လှမ်းရေးများမှ တနာရီလောက် စစ်ဆေးမေးမြန်းခံခဲ့ရသည်။

ရန်ကုန်ရှိ နိုင်ငံရေးအသိုင်းအဝိုင်းကတော့ ဒီသတင်းတွေ ထွက်ပေါ်လာကတည်းက အနာဂတ်အတွက် ကောင်းမည့်လက္ခဏာမရှိဘူးလို့ စိုးရိမ်ပူပန်နေကြပါတယ်။

---

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်တစ်ဦး ထပ်မံအဖမ်းခံရ

ရန်ကုန်မြို့၏ စမ်းချောင်းမြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ကိုခင်ကျော် အား ဒီဇင်ဘာလ (၂၂) ရက်နေ့က စစ်အစိုးရမှဖမ်းဆီးခဲ့သည်။ အဘယ်ကြောင့်ဖမ်းဆီး

သည်ကို မသိရှိကြရသေးကြောင်း။ ရက်သတ္တတစ်ပတ်အတွင်း (၆) ယောက်မြောက် အဖမ်းခံရခြင်းဖြစ်ကြောင်း၊ အခြား (၅)ဦးတို့မှာ ရန်ကုန်မြို့တော်ခန်းမရှေ့ တစ်ကိုယ်တော်ဆန္ဒပြသူ၊ ထွန်းလင်းကျော်၊ အလုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘမြင့်နှင့် ဒဂုံမြို့သစ်မှ အဖွဲ့ချုပ် အဖွဲ့ဝင်များဖြစ်သော မသိင်္ဂီ၊ ကိုအောင်မိုးဆန်းနှင့် ဦးဘတင့်တို့ဖြစ်ကြကြောင်း အဲန်အဲလ်ဒီ ပြောရေးဆိုခွင့်ရှိသူ ဦးလွင်မှပြောကြောင်း ဒီဗွီဘီ သတင်းဌာနက ဖော်ပြခဲ့သည်။ ဆက်လက်၍ ဦးလွင်က ဒီပဲရင်းအခင်းဖြစ်ပွားမှုအပြီးတွင်အဖမ်းခံရသူ (၆၈)ဦးရှိပြီး ထောင်တွင်း၌ အဲန်အဲလ်ဒီအဖွဲ့ဝင်ပေါင်း (၁၄၇) ဦးရှိနေကြောင်း ပြောကြားခဲ့သည်ဟု သတင်းတွင် ဖေါ်ပြထားသည်။

▲ ▲ ▲

# ကျေးဇူးတင်လွှာ

**လေးစားအပ်သောစာဖတ်မိတ်ဆွေများခင်ဗျား ...**

မြန်မာနိုင်ငံရှေ့နေများကောင်စီသည် ရေရှည်တည့်တံ့ခိုင်မြဲသည့် ဒီမိုကရေစီအခြေခံဥပဒေပေါ်ထွန်းရေးအတွက် မြန်မာပြည်သူလူထုကြီးအား အခြေခံဥပဒေဆိုင်ရာ ဗဟုသုတ များ တိုးပွားရရှိရန်အလို့ငှာ အခြေခံဥပဒေရေးရာစာစောင်ကို ၁၉၉၄ ခုနှစ်မှ ပုံမှန်ထုတ်ဝေလျှက်ရှိပါသည်။ ရှေ့ပိုင်းတွင်ထုတ်ဝေခဲ့သော စာစောင်များ၌ အခြေခံဥပဒေနှင့်ပတ်သက်သော ဆောင်းပါးများကိုသာ ဦးစားပေးထုတ်ဝေခဲ့သော်လည်း နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအခြေခံနှင့် ကင်းလွတ်၍ တရားမဲ့အပစ်ဒဏ်ချခံခဲ့ရသော မှုခင်းများနှင့်ပတ်သက်သည့် ဆောင်းပါးများကိုလည်း တတ်နိုင်သမျှ ထည့်သွင်းဖော်ပြသွားရန်ရည်ရွယ်ထားပါသည်။ အခြေခံဥပဒေရေးရာစာစောင်ကို အစဉ်မပြတ် ဖတ်ရှုအားပေးကြသော စာဖတ်မိတ်ဆွေများနှင့် အကြံဉာဏ်များ၊ ဝေဖန်စာများ ပေးပို့သောပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ရှိပါသည်။

တဖန် ဤစာစောင်သည် ငွေကြေးအမြတ်အစွန်းမျှော်ကိုး၍ထုတ်ဝေသော စာစောင်မဟုတ်ကြောင်းနှင့် စာစောင်များပါ ဆောင်းပါးများသည် မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ အာဘော်များမဟုတ်ဘဲ ဆောင်းပါးရှင်များ၏ အာဘော်များသာဖြစ်ကြောင်းလည်း အသိပေးအပ်ပါသည်။

(ဦးဝင်းမောင်)
စာစောင်ထုတ်ဝေရေးတာဝန်ခံ
မြန်မာနိုင်ငံရှေ့နေများကောင်စီ